# မြန်မာ့အလင်း

အတွဲ (၅၄)
အမှတ် (၁၉)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်

၂၀၁၄ ခုနှစ်၊ နိုဝင်ဘာ ၈ ရက်၊ စနေနေ့။


**စကားအရာအင်္ဂါ (၅) တန်**

(၁) ပြောသင့်သောအချိန်၌ ပြောဆိုရခြင်း၊
(၂) အမှန်ကိုသာ ပြောဆိုရခြင်း၊
(၃) နူးညံ့ချိုသာစွာ ပြောဆိုရခြင်း၊
(၄) အကျိုးစီးပွားနှင့်စပ်သောစကားကို ပြောဆိုရခြင်း၊
(၅) မေတ္တာရှေ့ထား ပြောဆိုရခြင်း။

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့သို့ရောက်ရှိ

**ပေကျင်း နိုဝင်ဘာ ၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒေသတွင်းစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲသို့ တက်ရောက်ရန် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်မှ မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း အထူးလေယာဉ်ဖြင့်ထွက်ခွာလာရာ ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် တရုတ်နိုင်ငံ ပေကျင်းမြို့သို့ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့် အဖွဲ့အား တရုတ်နိုင်ငံ ပေကျင်းမြို့ ပြည်သူ့ကွန်ဂရက် ကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စ လီကျောက်လင်း၊တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာနမှ တာဝန်ခံနှင့်တရုတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့်ဇနီး၊ စစ်သံမှူး ဗိုလ်မှူးကြီးမြင့်သိန်း၊ သံရုံးနှင့် စစ်သံရုံးဝန်ထမ်းများက ပေကျင်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ကလေးငယ်တစ်ဦးက ပန်းစည်းကမ်းကာ ဝမ်းသာအားရ ကြိုဆိုနှုတ်ဆက်သည်။ ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် ခေတ္တတည်းခိုမည့် ကျောက်ယုထိုင်

*စာမျက်နှာ ၈ ကော်လံ ၁* ●



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဒေသတွင်းစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲတက်ရောက်ရန် တရုတ်နိုင်ငံ ပေကျင်းမြို့သို့ရောက်ရှိစဉ်။

(သတင်းစဉ်)

# အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများမှ ဧည့်သည်တော်များအတွက် ဟိုတယ်အခန်းပေါင်း ၅၄၀၀ ကျော် အဆင်သင့်ဖြစ်

**နေပြည်တော် နိုဝင်ဘာ ၇**

ခင်ရတနာ

နိုဝင်ဘာ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ကျင်းပမည့် (၂၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပစဉ် နိုင်ငံအသီးသီးမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များတည်းခိုရန် ဟိုတယ်များ ခွဲခြားထားပြီးဖြစ်သည့်အပြင် ဆက်စပ်တာဝန်ရှိသူများအတွက်လည်း အခန်းများကြိုတင်ပြင်ဆင်ထားပြီဖြစ်ကြောင်း သိရသည်။

"နေပြည်တော်မှာ ဟိုတယ်အခန်းစုစုပေါင်း ၅၄၀၇ခန်း ရှိပါတယ်။ အားလုံးကိုစိစစ်ပြီး အဆင်သင့်ပြင်ဆင်ထားတဲ့အတွက် တည်းခိုမှုအပိုင်းမှာ အခက်အခဲလုံးဝမရှိပါဘူး။ ဟိုတယ်တိုင်းမှာ Presidential Suit နှစ်ခုရှိထားတဲ့အတွက် နိုင်ငံနှစ်နိုင်ငံကို ဟိုတယ်တစ်လုံးနှုန်းနဲ့ စီစဉ်ထားပါတယ်။ လုံခြုံရေးအတွက်လည်း ဝန်ထမ်းတွေအားလုံးရဲ့ ကိုယ်ရေးအကျဉ်းနဲ့ လုပ်ငန်းရာထူးအလိုက် လိုအပ်တဲ့ အရာတွေအားလုံးကို စနစ်တကျ စိစစ်ထားပြီးဖြစ်တဲ့အပြင် လုံခြုံရေးအတွက်လည်း အခုကတည်းက တင်းကျပ်ထားပြီးသားဖြစ်တယ်" ဟု ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က ပြောကြားသည်။

ဧည့်သည်တော်ကြီးများအတွက် ဟိုတယ်စီစဉ်မှုကို အစည်းအဝေးကျင်းပရေးကော်မတီမှ စီစဉ်မှုအရ ဆောင်ရွက်ခြင်းဖြစ်ပြီး အချို့သော နိုင်ငံ့အကြီးအကဲများကမူ ၎င်းတို့အစီအစဉ်အရ တည်းခိုမှုကို ရွေးချယ်ကြခြင်းလည်း ရှိကြောင်းသိရသည်။

*စာမျက်နှာ ၇ ကော်လံ ၄* ■

**ယနေ့ မာတိကာ**


**အိုစမာဘင်လာဒင်သေဆုံးပြီး သုံးနှစ်အကြာ ၎င်းအားသုတ်သင်ခဲ့မှုအပေါ် အငြင်းပွားမှုများမြင့်တက်** စာ » ၄

**သတိပြုဖွယ် လျှပ်စစ်အန္တရာယ် (၇)** ဆောင်းပါး စာ » ၆


**ကြော်ငြာ အချပ်ပိုပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ရောင်စုံကြော်ငြာ အချပ်ပိုလေးမျက်နှာနှင့် အဖြူအမည်းလေးမျက်နှာ ပါရှိပါသည်။




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ညှိ့ဝတ်ကျေပွန်သောအိမ်ရှင်မြန်မာ

ကျွန်ုပ်တို့ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ကြီးသို့ အဖွဲ့ဝင်အဖြစ်ဝင်ရောက်ပြီး ၁၇ နှစ်အကြာတွင် အာဆီယံဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ခွင့် ရရှိခဲ့ပါသည်။ အာဆီယံအဖွဲ့၏ အလှည့်ကျဥက္ကဋ္ဌတာဝန်ကိုထမ်းဆောင်ရာတွင် မည်မျှပင်အခက်အခဲများ၊ စိန်ခေါ်မှုများရှိစေကာမူ မြန်မာနိုင်ငံအနေဖြင့် ထိပ်သီးအစည်းအဝေးများကို အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ညှိ့ဝတ်ကျေပွန်ရေးအတွက် အစွမ်းကုန်ဆောင်ရွက်ကာ မိမိတို့၏ စွမ်းဆောင်နိုင်မှုကို ပြသလိုခြင်းမှာ မြန်မာတို့၏ရိုးသားသော ဆန္ဒနှင့် စေတနာပင် ဖြစ်ပါသည်။

အာဆီယံဥက္ကဋ္ဌတာဝန်ကိုယူထားသည့် နိုင်ငံတစ်နိုင်ငံအနေဖြင့် တစ်နှစ်တာ ဥက္ကဋ္ဌတာဝန်ထမ်းဆောင်စဉ်အတွင်း ထိပ်သီးအစည်းအဝေးများကို နှစ်ကြိမ်တိုင်တိုင်ကျင်းပလေ့ရှိပါသည်။ လွန်ခဲ့သည့်မေလအတွင်း ထိပ်သီးအစည်းအဝေးများကို အိမ်ရှင်မြန်မာနိုင်ငံက အောင်မြင်စွာ ကျင်းပနိုင်ခဲ့သလို မကြာမီ ဒုတိယမြောက် ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အောင်မြင်စွာကျင်းပသွားရန် အကောင်းဆုံးပြင်ဆင်ထားပါသည်။ နေပြည်တော်၌ နိုဝင်ဘာ ၁၂ ရက်မှ ၁၃ ရက်အထိ ကျင်းပမည့် ထိပ်သီးအစည်း အဝေးများသည်ကား (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေး၊ (၉)ကြိမ်မြောက် အရှေ့အာရှ ထိပ်သီးအစည်းအဝေးနှင့် (၁၇)ကြိမ်မြောက် အာဆီယံအပေါင်းသုံး ထိပ်သီးအစည်းအဝေး၊ အာဆီယံနိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများ အစည်းအဝေး၊ (၆)ကြိမ်မြောက် မဲခေါင်-ဂျပန်ထိပ်သီးအစည်းအဝေး စသည်ဖြင့် ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများဖြစ်ပါသည်။ ထိုအစည်းအဝေးများကို အိမ်ရှင်နိုင်ငံပီသစွာ ကျင်းပသွားနိုင်ရန် စီစဉ်ထားပါသည်။

ကျွန်ုပ်တို့နိုင်ငံအနေဖြင့် ဤထိပ်သီးအစည်းအဝေးများကို အောင်မြင်စွာကျင်းပခြင်းနှင့်အတူ အာဆီယံအဖွဲ့ကြီး၏ လက်ရှိအောင်မြင်မှုများကို အရှိန်အဟုန်မြှင့်တင်ပေးရန်သော်လည်းကောင်း၊ ၂၀၁၅ ခုနှစ် အာဆီယံအသိုက်အဝန်းထူထောင်ရန် ဆောင်ရွက်ရမည့်ကိစ္စများကို ဖြည့်ဆည်းရန်လည်းကောင်း၊ ၂၀၁၅ခုနှစ် အလွန်အာဆီယံ၏သွင်ပြင်လက္ခဏာကို အုတ်မြစ်ချရာတွင် လည်းကောင်း ဦးဆောင်ဦးရွက်ပြုရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ၂၀၁၄ ခုနှစ် အာဆီယံဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရာတွင် အာဆီယံအချက်အချာကျမှုကို ဆက်လက် ထိန်းသိမ်းခြင်း၊ အာဆီယံ၏ တူညီဆန္ဒကိုရယူခြင်း၊ အာဆီယံကို ကိုယ်စားပြုပြီး ဆွေးနွေးဖက်နိုင်ငံများနှင့်အတူ ဆက်ဆံရေးတိုးမြှင့်ခြင်းတို့ကို ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။

ဤသို့ အာဆီယံဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်နိုင်ခြင်းကပင် မြန်မာနိုင်ငံသားအားလုံးအတွက် ဂုဏ်ယူစရာဖြစ်သလို မြန်မာနိုင်ငံအား ကမ္ဘာ့အသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့လာနိုင်ခြင်းလည်း ဖြစ်ပါသည်။ တစ်နည်းအားဖြင့် မြန်မာနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံများအကြား ဆက်ဆံရေးကိုတိုးမြှင့်လိုက်ခြင်းပင်ဖြစ်သည်။ တိုးတက်လာသောဆက်ဆံရေးအရ မြန်မာနိုင်ငံသူနိုင်ငံသားအားလုံးအတွက် စီးပွားရေးကဲ့သို့သော အကျိုးရလဒ်ကောင်းများ ပေါ်ထွက်လာနိုင်မည်ဖြစ်ပါသည်။ ဤအာဆီယံဥက္ကဋ္ဌတာဝန်ထမ်းဆောင်ခွင့်ရခြင်းအကျိုးကျေးဇူးကြောင့် လာမည့်ဆယ်စုနှစ်များအတွင်း မြန်မာနိုင်ငံသည် တိုးတက်သောအပြောင်းအလဲများ ရရှိလာနိုင်မည် ဖြစ်ပါသည်။

သို့ပါ၍ မြန်မာနိုင်ငံက ၂၀၁၄ ခုနှစ် အာဆီယံဥက္ကဋ္ဌတာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက် ဒေသအကျိုး၊ နိုင်ငံအကျိုး သယ်ပိုးဆောင်ရွက်ရင်း ကမ္ဘာ့နိုင်ငံများနှင့် ဆက်ဆံရေးတိုးတက်ခိုင်မာအောင် တည်ဆောက်ကာ နိုင်ငံသားအားလုံးအတွက် အကျိုးရှိသော ရလဒ်ကောင်းများကိုလည်းရရှိအောင် ကြိုးပမ်းအားထုတ်နိုင်မည်ဖြစ်ပါကြောင်း။ ။

## ပြည်တွင်းသတင်း

# ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းအား ကာလလတ်ဘဏ္ဍာရေးမူဘောင်နှင့်ကိုက်ညီရေးဆွဲနိုင်ရေး ရှင်းလင်း

**နေပြည်တော် နိုဝင်ဘာ ၇**

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေ ငွေစာရင်းအား ကာလလတ် ဘဏ္ဍာရေးမူဘောင်နှင့် ကိုက်ညီရေးဆွဲနိုင်ရေး ရှင်းလင်းတင်ပြခြင်းကို နိုဝင်ဘာ ၅ ရက် နံနက် ၉ နာရီက ဘဏ္ဍာရေးဝန်ကြီးဌာနရုံး၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ကာလလတ် ဘဏ္ဍာရေးမူဘောင်အား မေခရိုစီးပွားရေးဆိုင်ရာ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ တိုးတက်ကောင်းမွန်စေရေး၊ ဌာနအဖွဲ့အစည်းများသို့ အသုံးစရိတ်ဘောင် ချမှတ်ပေးခြင်းဖြင့် အရင်းအမြစ်ခွဲဝေမှုဆိုင်ရာ မဟာဗျူဟာ တိုးတက်ကောင်းမွန်စေရေး၊ ဘဏ္ဍာရေး ပွင့်လင်းမြင်သာမှုရှိစေရေးတို့အတွက် ရည်ရွယ်၍ ရေးဆွဲခြင်းဖြစ်ကြောင်း၊ နှစ်စဉ်ဘတ်ဂျက် ကိန်းဂဏန်းများအရ မူလခန့်မှန်းသည့်အရအသုံး ကိန်းဂဏန်းများနှင့် အမှန် အကောင်အထည်ဖော်နိုင်သည့် အရအသုံးကိန်းဂဏန်းများသည် ကွာခြားမှုရှိကြောင်း၊ ယင်းကွာခြားမှုကို နည်းနိုင်သမျှနည်းစေရန်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မူလခန့်မှန်းစဉ်ကထက် ရငွေများ ပိုမိုရရှိနိုင်သဖြင့် နောက်ထပ်ရငွေများ လျာထားရန်နှင့် မူလခန့်မှန်းစဉ်ကထက် မဖြစ်မနေပိုမိုသုံးစွဲရန်လိုအပ်သဖြင့် နောက်ထပ်သုံးငွေများ ခွင့်ပြုရန်လိုအပ်သည့်အခါ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေဖြင့်လည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခု ကာလလတ်ဘဏ္ဍာရေးမူဘောင်ကိုရေးဆွဲ၍ ၎င်းကို အခြေခံပြီး ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေ ငွေစာရင်းများကိုရေးဆွဲမည်ဖြစ်ရာ အောက်မှအထက်သို့ တင်ပြသည့်လိုအပ်ချက်နှင့် အထက်မှအောက်သို့ သတ်မှတ်လမ်းညွှန်ပေးသည့် ပုံစံကိုပေါင်းစပ် ကျင့်သုံးမည်ဖြစ်ကြောင်း၊ တက်ရောက်လာကြသူများကလည်း ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြရန် ပြောကြားသည်။

ဆက်လက်၍ ကာလလတ်ဘဏ္ဍာရေး မူဘောင်ရေးဆွဲခြင်းဆိုင်ရာ အချက်အလက်များအား ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ ရှင်းလင်းဆွေးနွေးတင်ပြပြီး တက်ရောက်လာကြသူများမှသိရှိလိုသည်များ မေးမြန်း၍ အကြံပြု ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# မူဆယ် မိုင်းယု(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်တွင် ယာဉ်ကြောပိတ်ဆို့မှုဖြစ်

**မူဆယ် နိုဝင်ဘာ ၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်နယ်စပ် နယ်စပ်ကုန်သွယ်ရေးဇုန် မိုင်းယု (၁၀၅) မိုင်ကျေးရွာ အေးရှားဝေါလ်အထွက် ဆီဆိုင်များအနီးတွင် ယာဉ်ကြောပိတ်ဆို့ မှုများ မကြာခဏ ဖြစ်ပေါ်လျက်ရှိသည်။ ကားဆရာများ၊ ခရီးသွားများကပြောကြားရာတွင် " ကျွန်တော်တို့ နံနက်ပိုင်းကတည်းက လမ်းမပေါ်ရောက်နေတာပါ။ ယာဉ်ကြောပိတ်ဆို့နေလို့ နှစ်နာရီကျော်ခန့် စောင့်ဆိုင်းနေရပါတယ်။ ကားသမားအချင်းချင်းလည်း သူ့ကျော်တက်၊ ကိုယ်ကျော်တက်နဲ့ စကားများရပါတယ်။ သက်ဆိုင်ရာ တာဝန်ရှိသူတွေကလည်း ရှင်းလင်းပေးတာမရှိပါဘူး။ ကျွန်တော်တို့ ကားသမားအချင်းချင်း နားလည်မှုနဲ့ပဲ ယာဉ်ကြော ရှင်းလင်းနေရပါတယ်။ ယာဉ်ကြောရှင်းလင်းဖို့ အဓိကကျတဲ့



အတွက် ယာဉ်ကြောပိတ်ဆို့နိုင်တဲ့ နေရာတွေမှာ တာဝန်ရှိတဲ့ ယာဉ်ကြောရှင်းလင်းရေးအဖွဲ့တွေ ချပေးထားမယ်ဆိုရင် အဆင်ပြေနိုင်ပါတယ်။ ဒီအတိုင်းသာ ယာဉ်ကြောပိတ်ဆို့မှု မကြာခဏဖြစ်ပေါ်နေရင် မလိုလားအပ်တဲ့ ယာဉ်တိုက်မှုတွေ၊ ကားသမားအချင်းချင်း ရန်ဖြစ်မှုတွေနဲ့ ခရီးသွားပြည်သူတွေအတွက် အချိန်ကုန်ကြန့်ကြာမှုတွေ ဖြစ်နိုင်ပါတယ်" ဟု ကားဆရာတစ်ဦးဖြစ်သူ ကိုစိုင်းနော်မိန်းက ပြောပြခဲ့ကြောင်း သိရသည်။

**ရိုးသျှား**



# ဖလမ်းမြို့နယ် ကူလ်ဇမ်-လာသီး ကျေးလက်လမ်းခွဲ တာချဲ့ဖောက်လုပ်

**ဖလမ်း နိုဝင်ဘာ ၁ ၇**

ချင်းပြည်နယ် ဖလမ်းခရိုင် ဖလမ်းမြို့နယ်အတွင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကူလ်ဇမ်-လာသီး လမ်းခွဲ (၂/၄ မိုင် ×၁၈ ပေ) တာချဲ့ဖောက်လုပ်ခြင်းလုပ်ငန်းကို ဖလမ်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလာလ်ဟုပ်ထန်းက နိုဝင်ဘာ ၃ ရက်၌ ကွင်းဆင်းစစ်ဆေးတိုင်းတာဆောင်ရွက်ခဲ့သည်။

အဆိုပါ ကူလ်ဇမ်-လာသီးလမ်းခွဲ တာချဲ့ဖောက်လုပ်ခြင်းလုပ်ငန်းအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေကျပ် ၁၄ ဒသမ ၇၆၀ သန်း ခွင့်ပြုခြင်းဖြင့် Falam National Development Public Co., Ltd. က ဆောင်ရွက်ခဲ့ပြီး လမ်းတာချဲ့ဖောက်လုပ်မှုဆောင်ရွက်ပြီးစီးပါက လမ်းကြောင်းတစ်လျှောက်ရှိ ကျေးရွာပေါင်း ခုနစ်ရွာ၊ အိမ်ခြေ ၂၇၇ အိမ်၊ လူဦးရေ ၁၇၅၂ ဦးအတွက်လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ကာ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး တိုးတက် ကောင်းမွန်လာမည်ဖြစ်ကြောင်းသိရသည်။ **နေစု(ချင်းရိုးမ)**




ပြည်တွင်းသတင်း

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆလိုဗက်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်အား လက်ခံတွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၇

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဆလိုဗက်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် ဥရောပရေးရာဝန်ကြီး ဒေါက်တာမီရိုဆလပ်လာဂျက် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော် သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးမောင်မြင့်၊ ဦးဝင်းမြင့်၊ ဒေါက်တာကံဇော်၊ ဦးရဲထွန်း၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် စိုက်ပျိုးရေး၊ အခြေခံအဆောက်အအုံများထူထောင်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ ရေအရင်းအမြစ်စီမံခန့်ခွဲရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ ငြိမ်းချမ်းရေးဆွေးနွေးမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည့်အလားအလာနှင့် ဆလိုဗက်သမ္မတနိုင်ငံ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး အတွေ့အကြုံများကို ဆွေးနွေးခဲ့ကြသည်။

ချက်နှင့် ဆလိုဗက်နိုင်ငံများအဖြစ် သီခြားရပ်တည်ခြင်းမပြုမီ ချက်ကိုဆလိုဗားကီးယားနိုင်ငံအဖြစ်ရှိစဉ် ၁၉၅၀ပြည့်နှစ်မှ ၁၉၉၀ပြည့်နှစ်ကြား စိုက်ပျိုးရေးနှင့် စက်မှုကဏ္ဍများ၌ မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုအများအပြားရှိခဲ့ပြီး ဆလိုဗက်သမ္မတနိုင်ငံ ထူထောင်ပြီးနောက် ယခုခရီးစဉ်သည် ပထမ ဦးဆုံးအဆင့်မြင့်အရာရှိကြီးများ ခရီးစဉ်ဖြစ်သည်။ ယခုဆွေးနွေးပွဲတွင် ဆလိုဗက်သမ္မတနိုင်ငံဒုတိယဝန်ကြီးချုပ်က ဆလိုဗက်သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ထောက်ခံကြောင်းနှင့် မြန်မာ-ဥရောပသမဂ္ဂ ပူးပေါင်းဆောင်ရွက်ရေး မူဘောင်များအတွင်းမှ မြန်မာနိုင်ငံအား အကူအညီပေးမှုများတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆလိုဗက်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် ဥရောပရေးရာဝန်ကြီး ဒေါက်တာမီရိုဆလပ်လာဂျက်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)

❊ ကျောဖုံးမှ

တရုတ်နိုင်ငံအနေဖြင့် ဒေသတွင်း ဆက်စပ်ဆောင်ရွက်မှုကို ယခုနှစ်အတွက် အရေးကြီးသော ဦးစားပေးကဏ္ဍတစ်ခုအဖြစ် သတ်မှတ်ထားပြီး ဆွေးနွေးပွဲ၌ အာရှ-ပစိဖိတ်ဒေသတွင် အပြန်အလှန်အမှီသဟဲပြုသည့်ဖွံ့ဖြိုးတိုးတက်မှု၊ ပူးပေါင်းဆောင်ရွက်မှုရှိသည့် ဖွံ့ဖြိုးမှုနှင့် မူဝါဒရေးရာ ညှိနှိုင်းမှုတို့ကို မြှင့်တင်ရန် အေပက်ဆက်စပ်ဆောင်ရွက်မှု အခြေပြမြေပုံကို အတည်ပြုမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အဆိုပါဆွေးနွေးပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဖိတ်ကြားချက်အရ အထူးဧည့်သည်တော်အဖြစ် တက်ရောက်ခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## မိုးလေဝသအခြေအနေ

**နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်အတွက် မနက်ဖြန်ညနေအထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်ညနေအထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ပါသည်။ **(မိုး/ဇလ)**

## ပြည်ထဲရေးဝန်ကြီးဌာနအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ

နေပြည်တော် နိုဝင်ဘာ ၇

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားကို နိုဝင်ဘာ ၇ ရက် နံနက် ၉ နာရီက ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို တက်ရောက်ချီးမြှင့်၍ အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးအတွက် ဗဟိုဝန်ထမ်းတက္ကသိုလ်နှင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်းသို့ စေလွှတ်တက်ရောက်ရာတွင် ထူးချွန်ဆုရရှိခဲ့သော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများကို ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က ဆုများချီးမြှင့်ပေးအပ်ခဲ့ပြီး ဆုရရှိသူ အရာထမ်းတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၇

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ဆလိုဗက်ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် ဥရောပရေးရာဝန်ကြီး ဒေါက်တာ မီရိုဆလပ်လာဂျက် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံ၍ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စများကို ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။ **(သတင်းစဉ်)**

## တောင်တွင်းကြီး ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ နိုဝင်ဘာ ၂ ရက်မှစ၍ ပြန်လည်ထုတ်လွှင့်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၇

တောင်တွင်းကြီး ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံရှိ 3 KW DMT TX သည် (၁၁-၆-၂၀၁၄) ရက်နေ့တွင် ချွတ်ယွင်းမှုကြောင့် ထုတ်လွှင့်မှုပြတ်တောက်ခဲ့ပါကြောင်းနှင့်ရုပ်မြင်သံကြား အစီအစဉ်များ ပုံမှန်ကြည့်ရှုနိုင်ရန်အတွက် Eurotel (200 W) လွှင့်စက်ဖြင့် ယာယီထုတ်လွှင့်ပေးလျက်ရှိပါကြောင်းကို နေ့စဉ်ထုတ်သတင်းစာများမှတစ်ဆင့် ပြည်သူလူထုထံသို့ အသိပေးတင်ပြခဲ့ပြီးဖြစ်သည်။

ယခုအခါ အီတလီနိုင်ငံမှ DMT ကုမ္ပဏီသို့ ပို့ဆောင်ခဲ့သော လွှင့်စက်မှာ ပြုပြင်ပြီးစီးပြီဖြစ်ပါ၍ (၁-၁၁-၂၀၁၄)ရက်နေ့တွင် တောင်တွင်းကြီး စက်ရုံသို့ပေးပို့ခဲ့ပြီး တပ်ဆင်စမ်းသပ်မှု ဆောင်ရွက်ခဲ့သည်။ အဆိုပါ 3 KW လွှင့်စက်ဖြင့် (၂-၁၁-၂၀၁၄) ရက်နေ့ နံနက် ၉ နာရီမှစတင်၍ ပြန်လည်ထုတ်လွှင့်လျက်ရှိပါကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

## (၂၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကာလအတွင်း အသုံးပြုရန်မော်တော်ကားများ ကူညီ

နေပြည်တော် နိုဝင်ဘာ ၇

ယခုလတွင် နေပြည်တော်၌ ကျင်းပမည့် အာဆီယံထိပ်သီး အစည်းအဝေးကာလအတွင်း ဆွေးနွေးပွဲများသို့ တက်ရောက်ကြမည့် နိုင်ငံ့ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ အသုံးပြုစီးနင်းရန်အတွက် BMW မှ Limousine မော်တော်ကား ၉၉ စီးအား ပံ့ပိုးကူညီမည်ဖြစ်သည်။

BMW Group Asia နှင့် မြန်မာနိုင်ငံတွင် BMW ကားများကို တရားဝင်တင်သွင်းဖြန့်ချိခွင့်ရရှိထားသော Prestige Automobiles တို့ပူးပေါင်းပြီး (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ကြမည့် အာဆီယံခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များအစည်းအဝေးကာလအတွင်း အသုံးပြုစီးနင်းနိုင်ရန်အတွက် အရည်အသွေးမြင့် BMW Limousine မော်တော်ကား ၉၉ စီး ပံ့ပိုးကူညီသွားမည်ဖြစ်သည်။

Myanmar International Convention Center 2 (MICC-2) တွင် ကျင်းပခဲ့သည့် မော်တော်ကားများပေးအပ်ခြင်း အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူနှင့် ဒုတိယဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ Prestige Automobiles Co.,Ltd ၏ Managing Director ဦးချမ်းမြနှင့် BMW Group Asia ၏ International Direct and Special Sales မှ Seinor Regional Manager ဖြစ်သူ Mr. Thierry Weidenbach တို့ တက်ရောက်ခဲ့ကြသည်။ အခမ်းအနားတွင် BMW 7 Series၊ BMW 5 Series နှင့် Executive Sedan BMW X5 Sports Activity စသည့်မော်တော်ကားများကို Prestige Automobiles Co,. Ltd ၏ Managing Director ဦးချမ်းမြနှင့် BMW Group Asia ၏ International Direct and Special Sales မှ Seinor Regional Manager ဖြစ်သူ Mr. Thierry Weidenbach တို့က ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ တွဲဖက်ဥက္ကဋ္ဌ အာဆီယံထိပ်သီးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပရေးကော်မတီသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။



အဆိုပါအစီအစဉ်သည် ယခုနှစ်မေလတွင် နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့သည့် ASEAN Summit အစည်းအဝေးကာလအတွင်း တက်ရောက်ကြသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံ့ခေါင်းဆောင်များနှင့် အာဆီယံအဖွဲ့ကြီး၏ ဆွေးနွေးဖက်နိုင်ငံများ၏ ခေါင်းဆောင်များ၊ ဝန်ကြီးများ အသုံးပြုစီးနင်းရန်အတွက် လိုအပ်သည့်မော်တော်ယာဉ် အစီး ၇၀ ကို BMW Group Asia နှင့် Prestige Automobiles တို့က ပံ့ပိုးဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

"ယခုလို အခါသမယမျိုးမှာ BMW နဲ့ ပူးပေါင်းဆောင်ရွက်ခွင့်ရတဲ့အတွက် ကျွန်တော်တို့အနေဖြင့် ဝမ်းမြောက်မိပါတယ်။ အာဆီယံနိုင်ငံတွေရဲ့ နှစ်ပတ်လည်အစည်းအဝေးဟာ အာဆီယံဒေသအတွင်း လုံခြုံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုစတာတွေနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကို အဓိကထား ဆွေးနွေးကြတဲ့ အဆင့်မြင့်ဆုံး ဆွေးနွေးပွဲဖြစ်ပါတယ်။ အစည်းအဝေးတက်ရောက်လာတဲ့ နိုင်ငံ့ခေါင်းဆောင်တွေနဲ့ ကိုယ်စားလှယ်တွေကို အစည်းအဝေးကာလအတွင်းမှာ ယခုလို BMW ရဲ့ အရည်အသွေးမြင့် မော်တော်ကားတွေနဲ့ သယ်ယူပို့ဆောင်ရေးအတွက် ပံ့ပိုးကူညီပေးနိုင်တာဟာ အထူးပြည့်စုံကောင်းမွန်တဲ့ အစီအစဉ်တစ်ခုပါပဲ"ဟု ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်က ပြောကြားခဲ့သည်။

BMW Group Asia ၏ International Direct and Special Sales မှ Seinor Regional Manager Mr. Thierry Weidenbach ကလည်း ကမ္ဘာ့ထိပ်တန်းအရည်အသွေးမြင့် မော်တော်ကား Brand အနေနဲ့ အာဆီယံထိပ်သီးအစည်းအဝေးကို တတိယအကြိမ်အဖြစ် တွဲဖက်ပါဝင်ပံ့ပိုးခွင့်ရတဲ့အတွက် BMW အနေနဲ့ ဂုဏ်ယူမိပါတယ်။ BMW သည် အကောင်းဆုံးအရည်အသွေး၊ တီထွင်ဆန်းသစ်မှုနဲ့ ဒီဇိုင်းပိုင်းတို့ကို ထိန်းသိမ်းထားနိုင်ဖို့အတွက် စဉ်ဆက်မပြတ် အာရုံစိုက်အလေးထားဆောင်ရွက်လျက်ရှိပြီး ဒါကို BMW Limousine မော်တော်ကားတိုင်းမှာ တွေ့ရမှာဖြစ်ပါတယ်။ ဒါဟာ ဂုဏ်သိက္ခာရှိ၊ထင်ရှားအရေးပါသော ယခုလို အာဆီယံထိပ်သီးအစည်းအဝေးမှာ BMW အနေနဲ့ သင့်လျော်လိုက်ဖက်တဲ့ မိတ်ဖက်အဖွဲ့အစည်းဖြင့် ပါဝင်ဆောင်ရွက်ခွင့်ရစေတဲ့ အကြောင်းအရင်း ဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

**(မြန်မာ့အလင်း)**

နိုင်ငံတကာသတင်း

# အိုစမာဘင်လာဒင်သေဆုံးပြီး သုံးနှစ်အကြာ ၎င်းအားသုတ်သင်ခဲ့မှုအပေါ် အငြင်းပွားမှုများမြင့်တက်



**ဝါရှင်တန် နိုဝင်ဘာ ၇**

အယ်လ်ခိုင်ဒါခေါင်းဆောင် အိုစမာဘင်လာဒင်သေဆုံးပြီး သုံးနှစ်အကြာ ၎င်းအားသတ်ခဲ့သည့် အမေရိကန် ကွန်မန်ဒိုတစ်ဦးအပေါ် ပြည်သူများအကြား အငြင်းပွားမှုများ မြင့်တက်လာသည်။

အသက် ၃၈ နှစ်အရွယ်ရှိ ရေတပ်တပ်ဖွဲ့ဝင်ဟောင်း ရောဘတ်အိုနေးလ်က ၎င်းအနေဖြင့် အိုစမာဘင်လာဒင်အား အသေပစ်သတ်ခဲ့ခြင်းဖြစ်ကြောင်း ဝါရှင်တန်ပို့စ်နှင့် အင်တာဗျူးရာတွင် ပြောကြားလိုက်သည်။

အဆိုပါဝင်ရောက်စီးနင်းတိုက်ခိုက်မှုမှာ မူလရေးသားဖော်ပြချက်များနှင့်ကွဲလွဲနေပြီး အခြားတပ်ဖွဲ့ဝင်များလည်း ပါဝင်နေကြောင်း ၂၀၁၂ ခုနှစ်က စာအုပ်တစ်အုပ်၌ ရေးသားဖော်ပြသည်။

အယ်လ်ခိုင်ဒါ ခေါင်းဆောင်သည် ၂၀၁၁ ခုနှစ်က ပါကစ္စတန်နိုင်ငံ အဘုတ္တဘတ်မြို့ ၎င်း၏ခြံဝင်းအတွင်း အမေရိကန်ရေတပ်အထူးတပ်ဖွဲ့က ဝင်ရောက်စီးနင်းတိုက်ခိုက်စဉ် သေဆုံးခဲ့ခြင်းဖြစ်သည်။

၂၀၁၂ ခုနှစ်က တာဝန်မှအငြိမ်းစားယူခဲ့သော မစ္စတာအိုနေးလ်သည် အဆိုပါဖြစ်စဉ်အား ယခင်က မဂ္ဂဇင်းတစ်ခုသို့ပြောကြားခဲ့သည်ဟု ဆိုသည်။ ၎င်းအနေဖြင့် အိုစမာဘင်လာဒင်အား ဝင်ရောက်စီးနင်းမှုဖြစ်စဉ်နှင့်ပတ်သက်၍ ယခုလကုန်ပိုင်းတွင် ရုပ်မြင်သံကြား အင်တာဗျူး ထုတ်လွှင့်ရန် စီစဉ်ထားသည်။ သို့သော်လည်း အဆိုပါအင်တာဗျူးသတင်းများသည် အခြားသော ရေတပ်တပ်ဖွဲ့ဝင်များအား ဒေါသထွက်စေခဲ့သည်။

မစ္စတာဘစ်ဆိုးနက်နှင့် အခြားသောရေတပ်တပ်ဖွဲ့ဝင်ဟောင်း တစ်ဦးကလည်း အိုစမာဘင်လာဒင်ကို ၎င်းတို့သာလျှင်သတ်ခဲ့သည်ဟု ဆိုထားသည်။ သို့သော်လည်း မစ္စတာအိုနေးလ်ကလည်း အိုစမာဘင်လာဒင်၏အခန်းကို ဝင်ရောက်စီးနင်းခဲ့သည်များကို သက်သေပြနိုင်ပါကြောင်း ပြောဆိုထားသည်။ ၎င်းတို့နှစ်ဦး၏ ပြောဆိုမှုများမှာ မည်သည့်အရာက အမှန်ဖြစ်သည်ကို ဝေခွဲမရအောင် ဖြစ်နေသည်ဟု သတင်းများ ထွက်ပေါ်လျက်ရှိသည်။

**(ဘီဘီစီ)**

# အိန္ဒိယစစ်သင်္ဘောနစ်မြုပ်မှု သင်္ဘောသားတစ်ဦး သေဆုံး၊ လေးဦးပျောက်ဆုံး

**နယူးဒေလီ နိုဝင်ဘာ ၇**

ဗီဇာကာပတ္တနမ်မြို့ ကမ်းလွန်ပင်လယ်ပြင်၌ အိန္ဒိယစစ်သင်္ဘောတစ်စင်း စစ်ရေးလေ့ကျင့်နေစဉ် နစ်မြုပ်မှုဖြစ်ပွားခဲ့ရာ သင်္ဘောသားတစ်ဦးသေဆုံးခဲ့ပြီး အခြား ၂၃ ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း၊ ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက ပျောက်ဆုံးနေသော သင်္ဘောသားလေးဦးကို ရှာဖွေနေဆဲဖြစ်ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြခဲ့သည်။



အဆိုပါ စစ်သင်္ဘောနစ်မြုပ်ရသည့်အကြောင်းကို စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။ အိန္ဒိယနိုင်ငံ၌ ပြီးခဲ့သည့်နှစ် ဩဂုတ်လကတည်းက စစ်ရေယာဉ်များအပါအဝင် မတော်တဆမှုများစွာဖြစ်ပွားခဲ့သည်။ ၂၀၁၃ ခုနှစ် ဩဂုတ်လက မွမ်ဘိုင်းရှိ ရေတပ်သင်္ဘောကျင်းတစ်ခု မီးလောင်မှု၌ ရေငုပ်သင်္ဘောတစ်စင်း ပျက်စီးနစ်မြုပ်သွားခဲ့ရာ သင်္ဘောသား ၁၈ ဦး သေဆုံးခဲ့မှုသည် ရေတပ်မတော်၏ အဆိုးရွားဆုံးသဘာဝဘေးအန္တရာယ်များအနက်တစ်ခုဖြစ်သည်။

ထို့အပြင် ယခုနှစ်ဖေဖော်ဝါရီလအတွင်းကလည်း ရေငုပ်သင်္ဘောတစ်စင်း မတော်တဆမှုဖြစ်ပွားခဲ့ရာ သင်္ဘောသားနှစ်ဦးသေဆုံးခဲ့ရသည်။ ရေတပ်အကြီးအကဲ DK Joshi က ၎င်းတာဝန်ယူထားစဉ်ကာလအတွင်း စစ်သင်္ဘောများအပါအဝင် အခြားသော မတော်တဆမှုများဖြစ်ပွားမှုသည် ၎င်းတွင်တာဝန်ရှိသည်ဟုဆိုကာ ရာထူးမှ နုတ်ထွက်သွားခဲ့သည်။

မေလအတွင်းက မွမ်ဘိုင်းသင်္ဘောကျင်းရှိ သင်္ဘောပေါ်မှ အဆိပ်ငွေ့ယိုစိမ့်မှုကြောင့် ရေတပ်အရာရှိတစ်ဦး သေဆုံးခဲ့သည်။ ယခုနစ်မြုပ်မှုဖြစ်ပွားခဲ့သည့် စစ်သင်္ဘော၏သက်တမ်းသည် ၃၁ နှစ်ရှိပြီဖြစ်ကာ စစ်ရေးလေ့ကျင့်မှုပြုလုပ်နေစဉ်ကာလက ၎င်းသင်္ဘော၏အခန်းတစ်ခန်းသည် ရေယိုစိမ့်မှုဖြစ်ပွားခဲ့ကြောင်း အိန္ဒိယရေတပ်မတော်က ဖော်ပြခဲ့သည်။ **(ဘီဘီစီ)**

# တရုတ်တွင် ကလေးမှောင်ခိုဂိုဏ်းဖြိုခွင်း ကလေးပိုင်ရှင်မိဘများအား ရဲတပ်ဖွဲ့ကရှာဖွေနေ

**ယူနန် နိုဝင်ဘာ ၇**

တရုတ်နိုင်ငံတောင်ပိုင်း ယူနန်ပြည်နယ် အာဏာပိုင်များက ကလေးမှောင်ခိုဂိုဏ်းဖြိုခွင်းရာမှာ ကလေး ၁၁ဦး၏ မိဘများအား ရှာဖွေလျက်ရှိသည်။

အဆိုပါပြည်နယ် မြို့တော်ကူမင်းရဲတပ်ဖွဲ့က ကလေးများ၏မိဘများကိုတွေ့လိုတွေ့ငြားမျှော်လင့်ချက်ဖြင့် အဆိုပါကလေးများ၏ဓာတ်ပုံများကို ဒေသမီဒီယာများသို့ ကြာသပတေးနေ့က ဖြန့်ဝေပေးလိုက်သည်။ သို့သော်လည်း ကလေးငယ်အများအပြားသည် ၎င်းတို့၏မိဘများက လူမှောင်ခိုဂိုဏ်းများသို့ ရောင်းစားခဲ့ဖွယ်ရှိကြောင်း ရဲတပ်ဖွဲ့ဝင်များကပြောသည်။ ရဲတပ်ဖွဲ့က အဆိုပါကလေးမှောင်ခိုဂိုဏ်းနှင့်ဆက်နွှယ်သူ ၃၂ ဦးအား ဖမ်းဆီးထားသည်။

အဆိုပါ ကလေးမှောင်ခိုစွပ်စွဲခံရသူအများအပြားသည် ကလေးမိဘများ၊ သူငယ်ချင်းများနှင့်ဆက်နွှယ်မှုရှိကြောင်း ဒေသမီဒီယာများက ဖော်ပြသည်။ အဆိုပါ ကလေးမှောင်ခိုဂိုဏ်းသည် ကလေး ၂၀ ဦးအား ရောင်းချခဲ့ပြီဖြစ်ကြောင်း ဝယ်ယူသူအချို့မှာ ရှန်ဒေါင်း၊ ဖူကျန်းနှင့်ဟေနန်ပြည်နယ်များမှဖြစ်ကြောင်း ၎င်းရဲအရာရှိများကပြောသည်။

စွပ်စွဲခံရသောကလေးမိဘများသည် ယင်းတို့၏ ကလေးများကို ယွမ် ၁၀၀၀၀ (အမေရိကန်ဒေါ်လာ ၁၆၃၃) ဖြင့် ရောင်းချခဲ့သည်ဟု ဆိုသည်။ ကလေးမှောင်ခိုဂိုဏ်းများက အနည်းဆုံးယွမ်ဆယ်ဆ ၁၄၀၀၀၀ ဖြင့် ထပ်မံရောင်းချခဲ့သည်ဟုဆိုသည်။ ကယ်ဆယ်နိုင်ခဲ့သည့် ကလေးများသည် အသက်ရှစ်လခန့်အရွယ်ရှိပြီး ကလေးပြုစုစောင့်ရှောက်ရေးဌာနတစ်ခု၌ စောင့်ရှောက်ထားသည်။

**(ဘီဘီစီ)**

# ဂျပန်မြို့တော်ဝန် ဆန်ဒိုင်း နျူကလီးယားစက်ရုံ ပြန်လည်ပတ်ရန် သဘောတူ

**ကျိုတို နိုဝင်ဘာ ၇**

၂၀၁၁ ခုနှစ်တွင် ဖူကူရှီးမားနျူကလီးယား အဆောက်အအုံပျက်စီးပြီးနောက် ဂျပန်နိုင်ငံ ဆန်ဒိုင်းနျူကလီးယားစက်ရုံရှိ နျူကလီးယားဓာတ်ပေါင်းဖိုနှစ်လုံးကို မကြာမီလည်ပတ်တော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ နျူကလီးယားစက်ရုံရှိ ဓာတ်ပေါင်းဖိုများကို ပြန်လည်လည်ပတ်နိုင်ရန် အပြင်းအထန်ကြိုးစားပြီးနောက် ဂျပန်နိုင်ငံ ကာဂိုရှီးမားမြို့တော်ဝန်က သဘောတူညီခဲ့သည်။ ထို့ကြောင့် အဆိုပါနျူကလီးယားစက်ရုံသည် နောက်လာမည့်နှစ်တွင် ပြန်လည် လည်ပတ်နိုင်တော့မည်ဖြစ်သည်။

ပြင်းထန်သော ငလျင်လှုပ်မှုများနှင့် ဆူနာမီများကြောင့် နျူကလီးယားစက်ရုံ ပိတ်သိမ်းခဲ့ရခြင်းဖြစ်သည်။ ဂျပန်နိုင်ငံတွင်အသုံးပြုသော စွမ်းအား ၃၀ ရာခိုင်နှုန်းမှာ နျူကလီးယားစက်ရုံမှရရှိခြင်းဖြစ်သည်။ ယခင်က စက်ရုံ ၄၈ခု ပိတ်သိမ်းခဲ့ရသော်လည်း ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ပြန်လည်ဖွင့်လှစ်ရန် ညွှန်ကြားခဲ့သည်။

ပြည်သူလူထုက စိုးရိမ်ပူပန်မှုများရှိနေသော်လည်း နိုင်ငံ၏စွမ်းအားအသုံးပြုမှုတွင် နျူကလီးယားစွမ်းအင်ဖြည့်တင်းပေးရမည်ဖြစ်ကြောင်း မစ္စတာရှင်ဇိုအာဘေး အစိုးရက သဘောတူခဲ့သည်။

**(ဘီဘီစီ)**

# ဂျီဟတ်ဒ်အဖွဲ့ဝင်ဖြစ်လာမည့်သူများ ပင်လယ်ရေကြောင်းသင်္ဘောခရီးစဉ်ဖြင့် အရှေ့အလယ်ပိုင်း စစ်ဖြစ်ပွားဇုန်သို့ရောက်ရှိ

**ဘဂ္ဂဒက် နိုဝင်ဘာ ၇**

ဂျီဟတ်ဒ်အဖွဲ့ဝင် ဖြစ်လာမည့်သူများသည် အရှေ့အလယ်ပိုင်း ပဋိပက္ခဖြစ်ပွားရာဒေသသို့ အပျော်စီးသင်္ဘောဖြင့် ခရီးထွက်ခွာလာနေကြောင်း နိုင်ငံတကာရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။



၎င်းတို့ထဲမှအချို့သည် အီရတ်နှင့်ဆီးရီးယားရှိ စစ်သွေးကြွများနှင့် ဆက်သွယ်ရန်ကြိုးစားခဲ့သည်ဟု နိုင်ငံတကာရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ခရီးသည်စစ်ဆေးမှုများကို လေကြောင်းလိုင်းများသာမက ရေကြောင်းခရီးစဉ်များတွင်ပါ ပိုမိုတိုးချဲ့လုပ်ဆောင် သင့်ကြောင်း နိုင်ငံတကာရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ဤကဲ့သို့သောနည်းလမ်းမျိုးဖြင့် စစ်သွေးကြွအရေအတွက် မည်မျှမည်မျှသည် နိုင်ငံခြားရှိ စစ်သွေးကြွများနှင့် ဆက်သွယ်နေသည်ကို မသိရပေ။

နိုင်ငံအတော်များများသည် လေဆိပ်များနှင့် ပင်လယ်စီး သင်္ဘောခရီးစဉ်များတွင် စစ်ဆေးမှုများပိုမိုလုပ်သင့်ကြောင်း နိုင်ငံတကာရဲတပ်ဖွဲ့အကြီးအကဲက ပြောခဲ့သည်။

တူရကီအာဏာပိုင်များက ၎င်းတို့သည် သံသယဖြစ်ပွားဖွယ်နိုင်ငံခြားသားဂျီဟတ်ဒ်များကို လေဆိပ်များနှင့် ဘတ်စ်ကားရုံများတွင် ထိန်းသိမ်းခဲ့ပြီးနောက် လွန်ခဲ့သောလအနည်းငယ်က ၎င်းတို့ကို နှင်ထုတ်ခဲ့ကြောင်း ပြောကြားခဲ့သည်။

အနာဂတ်တွင်ဖြစ်လာမည့် တိုက်ခိုက်ရေးသမားများသည် အာဏာပိုင်တို့၏ ထိန်းသိမ်းခံရခြင်းမှ ရှောင်ရှားနိုင်ရန်အတွက် အမျိုးမျိုးသောခရီးစဉ်များကို ပြောင်းလဲခြင်းဖြစ်ကြောင်း နိုင်ငံတကာရဲတပ်ဖွဲ့ အကြမ်းဖက်တန်ပြန်တိုက်ခိုက်ရေးညွှန်ကြားရေးမှူးက အေပီသို့ ပြောခဲ့သည်။

အဘယ်ကြောင့်ဆိုသော် လေဆိပ်များကို ပိုမိုစောင့်ကြည့်လျက်ရှိနေသည်ကို အကြမ်းဖက်တိုက်ခိုက်ရေးသမားတို့ သိရှိသည့်အတွက် ထိုကဲ့သို့သော ဒေသများကိုသွားရန် ပင်လယ်ရေကြောင်းသင်္ဘောများကို ပိုပြီးအာရုံစိုက်လာကြောင်း ၎င်းကပြောခဲ့သည်။

အကြမ်းဖက်မှုများကို ကျူးလွန်ပြုလုပ်ရန်အတွက် အဆိုပါနည်းလမ်းများကိုသုံး၍ ၎င်းတို့သွားချင်သည့် ဒေသများသို့သွားခဲ့သော သက်သေများရှိခဲ့ကြောင်း အကြမ်းဖက်တန်ပြန်တိုက်ခိုက်ရေး ညွှန်ကြားရေးမှူးက ထပ်လောင်းပြောခဲ့သည်။ **(ဘီဘီစီ)**

# လေပြင်းတိုက်ခတ်မှုကြောင့် ဓာတ်တိုင်၊ ဓာတ်အားလိုင်းများပျက်စီး၍ ဓာတ်အားပြတ်တောက်မှုဖြစ်ပွားခဲ့ခြင်းအား ဆက်လက်ပြုပြင်ဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ်အတွင်း နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်သစ်ကိုင်းများ ကျိုးကျခဲ့ရာ ရန်ကုန်အင်းစိန်လမ်းနှင့် ပါရမီလမ်းဆုံတို့၌ ဓာတ်တိုင်များ၊ ဓာတ်အားလိုင်းများ ပျက်စီး၍ ဓာတ်အားပြတ်တောက်မှုဖြစ်ပွားခဲ့သည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ကျိုးကျပျက်စီးခဲ့သည့် (၆၆) ကေဗွီဓာတ်အားလိုင်းသုံးတိုင်၊ (၃၃) ကေဗွီဓာတ်အားလိုင်း ငါးတိုင်၊ (၆ ဒသမ ၆) ကေဗွီဓာတ်အားလိုင်း ၁၂ တိုင်၊ (၀ ဒသမ ၄)ကေဗွီဓာတ်အားလိုင်း ခြောက်တိုင် စုစုပေါင်း ၂၆ တိုင်တို့ကို ဥက္ကဋ္ဌ (ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့)၊ ဒုတိယဥက္ကဋ္ဌ၊ အင်ဂျင်နီယာချုပ်၊ ဒုတိယအင်ဂျင်နီယာချုပ်များနှင့် ခရိုင်များမှ ထုတ်နုတ်အင်အားများ စုပေါင်း၍ ပြင်ဆင်ခြင်းလုပ်ငန်းများကို နိုဝင်ဘာ ၆ ရက် နံနက် ၇ နာရီမှ စတင်ပြီး သစ်ပင်သစ်ကိုင်းများခုတ်ထွင်ရှင်းလင်းခြင်း၊ တိုင်ကျိုးများရှင်းလင်းခြင်း၊ လိုင်းကြိုးများရှင်းလင်းခြင်း၊ တိုင်ကျင်းတူးခြင်းနှင့် တိုင်များ သယ်ယူအစားထိုးအသစ်လဲလှယ်ခြင်းလုပ်ငန်းများကို ၂၄ နာရီအထိ ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ နိုဝင်ဘာ ၇ ရက် နံနက် ၇ နာရီမှစတင်၍ ဓာတ်အားလိုင်းကြိုး သွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက လာရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်းနှင့် ဓာတ်အားလိုင်းကြိုး သွယ်တန်းခြင်းနှင့် ဓာတ်အားပုံမှန်ပြန်လည်ဖြန့်ဖြူးခြင်း လုပ်ငန်းအား ယနေ့အပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြောက်ဥက္ကလာပမြို့နယ်တွင် လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်ရာမှ မီးလောင်



**ရန်ကုန် နိုဝင်ဘာ ၇**

မြောက်ဥက္ကလာပ မြို့နယ်၌ နိုဝင်ဘာ ၆ ရက် နံနက်က လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့သည်။ **(ဓါတ်ပုံ)**

**ဝိုင်ယာကြိုးရှော့ခ်ဖြစ်**

ဖြစ်စဉ်မှာ မြောက်ဥက္ကလာပ မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မြောက်ဥက္ကလာပမြို့နယ် ကျောက်ရေတွင်းရပ်ကွက် ရွှေဘုန်းပွင့်ဘုရားလမ်းရှိ နေအိမ်တစ်အိမ်တွင် မီးလောင်မှု ဖြစ်ပွားကြောင်းသတင်းအရ နိုဝင်ဘာ ၆ ရက် နံနက် ၅ နာရီ ၄၅ မိနစ်က သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါလမ်းနေ ဒေါ်ရီရီမြင့် (၅၄နှစ်)၏ သွပ်မိုး၊ ထရံကာပျဉ်ခင်း နှစ်ထပ်နေအိမ်ရှိ အပေါ်ထပ်မျက်နှာကြက်တွင် သွယ်တန်းထားသော လျှပ်စစ်ဝိုင်ယာကြိုး ရှော့ခ်ဖြစ်ရာမှ မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ၎င်းနေအိမ်မှတစ်ဆင့် ပတ်ဝန်းကျင်ရှိနေအိမ် ခုနစ်လုံးတို့ကို မီးကူးစက်လောင်ကျွမ်းရာ မီးသတ်ယာဉ် ၂၄ စီး ရောက်ရှိငြိမ်းသတ်ခဲ့သဖြင့် နံနက် ၆ နာရီခွဲတွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

**အရေးယူဆောင်ရွက်**

အဆိုပါ မီးလောင်မှုကြောင့် သွပ်မိုး၊ ထရံကာ/ပျဉ်ကာနေ အိမ် စုစုပေါင်းရှစ်လုံးတို့ မီးလောင်ဆုံးရှုံးသွားခဲ့သဖြင့် မီးပေါ့ဆစွာအသုံးပြုသူ ဒေါ်ရီရီမြင့်အား မြောက်ဥက္ကလာပ မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်လှမောင်**

# ဟိုပင်မြို့နယ်၌ ဘိန်းဖြူ ၂၉၆ ဂရမ် ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၇**

နိုဝင်ဘာ ၅ ရက်က မူးယစ်တပ်ဖွဲ့စု (၂) မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များသည် ဟိုပင်မြို့နယ် မြို့သစ်ကလေးကျေးရွာအရှေ့ပိုင်းနေ စံထွေး၏ နေအိမ်ကို သတင်းအရ ရှာဖွေရာ မီးဖိုတံခါးအနောက်ရှိ ပီနံအိတ်အတွင်းမှ ဘိန်းဖြူ ဆပ်ပြာခွက် ၂၂ ခွက် ၊ ဘိန်းဖြူ ၂၉၆ ဂရမ် သိမ်းဆည်းရမိသဖြင့် စံထွေး(၅၁နှစ်) ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(သတင်းစဉ်)**



စံထွေးအား ဖမ်းဆီးရမိဘိန်းဖြူဆပ်ပြာခွက်များနှင့်အတူ တွေ့ရစဉ်။

**နိုင်ငံတကာသတင်း**

# အိုဘားမားက အီရန်ခေါင်းဆောင်ကြီးထံ စာရေးသားပေးပို့ခဲ့

ဂျေတီ-ရေးသည်။

**ဝါရှင်တန် နိုဝင်ဘာ ၇**

အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် အီရန်နှင့်ဆီးရီးယားနိုင်ငံတို့ရှိ အိုင်အက်စ်အစွန်းရောက်အုပ်စု ချေမှုန်းတိုက်ခိုက်ရေးတွင် အီရန်နှင့် ရည်မှန်းချက်ချင်းတူညီကြောင်းကို အသိပေးသည့်အနေဖြင့် ခေါင်းဆောင်ကြီး အယာတိုလာခါမေနီထံသို့ စာတစ်စောင်ရေးသားပေးပို့ခဲ့သည်ဟု Wall Street Journal က ကြာသပတေးနေ့တွင် သတင်းဖော်ပြသည်။

Wall Street Journal က လျှို့ဝှက်ဆက်သွယ်မှုကိုသိရှိသည့်ပုဂ္ဂိုလ်များ၏အဆိုကို ကိုးကားရာတွင် အိုဘားမား၏ပေးစာကို အောက်တိုဘာလအလယ်တွင်ပေးပို့ခဲ့ကြောင်း အဆိုပါစာထဲတွင် သမ္မတအိုဘားမားက အစွန်းရောက်သမားများ ချေမှုန်းရာတွင် ပူးပေါင်းဆောင်ရွက်နိုင်ခြေရှိမှု အလားအလာနှင့် တီဟီရန်၏နျူကလီးယားအစီအစဉ်နှင့် ပတ်သက်၍ ပြီးပြည့်စုံသော သဘောတူညီချက်ရရှိရေး အလားအလာတို့ကို ဖော်ပြထားကြောင်း ပြောကြားသည်။

ပေးစာထဲတွင် အိုဘားမားက အိုင်အက်စ်အုပ်စု ချေမှုန်းရေးတွင် ပူးပေါင်းဆောင်ရွက်မှုတစ်စုံတစ်ရာပြုလုပ်နိုင်ရေးမှာ တီဟီရန်အနေဖြင့် နောက်ဆုံးသတ်မှတ်ရက်ဖြစ်သော နိုဝင်ဘာ ၂၄ ရက်တွင်နျူကလီးယားပြဿနာနှင့်ပတ်သက်၍ ကျယ်ပြန့်ပြည့်စုံသော သဘောတူညီချက်ဖော်ဆောင်မှုအပေါ် များစွာမူတည်သည်ဟု ဖော်ပြခဲ့ကြောင်း သိရသည်။

အမေရိကန်သည် ၁၉၇၉ ခုနှစ်က တီဟီရန်မြို့တော်ရှိ အမေရိကန်သံရုံး ဓားစာခံအရှုပ်တော်ပုံဖြစ်ပွားပြီးနောက် ၁၉၈၀ ပြည့်နှစ် ဧပြီလက အီရန်နှင့် သံတမန်ဆက်ဆံရေးဖြတ်တောက်ခဲ့ကြောင်း သို့ရာတွင် အိုဘားမားက ၎င်းသမ္မတတာဝန်ထမ်းဆောင်ချိန်မှစ၍ အီရန်ခေါင်းဆောင်ကြီးထံ လေးကြိမ်ထက်မနည်း စာရေးသားပေးပို့ခဲ့ကြောင်း Wall Street Journal က ပြောကြားသည်။

အိမ်ဖြူတော် ပြောခွင့်ရပုဂ္ဂိုလ် Josh Earnest က အိုဘားမား၏ပေးစာနှင့်ပတ်သက်၍ မှတ်ချက်ပေးရန် ငြင်းဆိုခဲ့ပြီး မိမိအနေဖြင့် သမ္မတနှင့်ကမ္ဘာ့ခေါင်းဆောင်တစ်ဦးဦးအကြား ပုဂ္ဂိုလ်ရေးဆက်သွယ်မှုအပေါ် မှတ်ချက်ပေးခွင့်မရှိကြောင်း ပြောကြားသည်။ **(ဆင်ဟွာ)**

**ပြည်တွင်းသတင်းနှင့်ကြော်ငြာ**

# ကန်ကြီးထောင့်မြို့နယ် ဒါးကကျေးရွာ မြဝတီရပ်ကွက်ရှိ ပိုက်လိုင်းယိုစိမ့်မှု ပြုပြင်ပြီးစီး

**ကန်ကြီးထောင့် နိုဝင်ဘာ ၇**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ဒါးကကျေးရွာ မြဝတီရပ်ကွက် ရန်ကုန်-ပုသိမ်ကားလမ်း မိုင်တိုင်အမှတ် (၂၂/၁) နှင့် (၂၂/၂) ကြား၊ ကားလမ်းမနှင့် ပေ ၃၀ ခန့်အကွာရှိ ညောင်တုန်း-သာပေါင်း ၁၀ လက်မ သဘာဝဓာတ်ငွေ့ ပိုက်လိုင်းသည် နိုဝင်ဘာ ၄ ရက် ညနေ ၄ နာရီခွဲတွင် ပိုက်လိုင်းယိုစိမ့်မှုဖြစ်ခဲ့သည်။

အဆိုပါ ပိုက်လိုင်းယိုစိမ့်သောနေရာသို့ ညောင်တုန်းမြို့ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ပိုက်လိုင်းပြုပြင်ရေးအဖွဲ့မှ ယင်းနေ့ညနေ ၅ နာရီခွဲတွင် သွားရောက်ခဲ့ရာ ည ၈ နာရီခွဲတွင် ရောက်ရှိခဲ့ပြီး ပိုက်လိုင်းပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၅ ရက် နံနက် ၄ နာရီခွဲတွင် ဓာတ်ငွေ့ယိုစိမ့်မှုအား ပြုပြင်ခဲ့ပြီး ဓာတ်ငွေ့ပုံမှန်ပို့လွှတ်လျက်ရှိကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

# ဖားကန့်၌ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀ နှင့် ဘိန်းဖြူ ၀ ဒသမ ၄ ဂရမ် ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၇**

နိုဝင်ဘာ ၅ ရက်က မူးယစ်တပ်ဖွဲ့စု (၂) မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များသည် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု သာယာကုန်းကျေးရွာ မြဆီခြံဆီဆိုင်ရှေ့ လှိုမြောင်ကြားတွင်တွေ့ရှိသူ ဇော်မင်းလတ် (ခ) လင်းအောင်ကို ရှာဖွေရာ ၎င်းခါးတွင် ပတ်ထားသည့် ခါးပတ်အိတ်အတွင်း ကပ်ခွာအိတ်ဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀ နှင့် ဘိန်းဖြူ ၀ ဒသမ ၄ ဂရမ် သိမ်းဆည်းရမိသဖြင့် ဇော်မင်းလတ်(ခ) လင်းအောင် (၃၀နှစ်)ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကျောက်မဲမြို့၌ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၇**

နိုဝင်ဘာ ၄ ရက်က ကျောက်မဲမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ကျောက်မဲမြို့ အေးရှားဝေါလ်တိုးဂိတ်တွင် သီပေါမြို့ဘက်မှ ကျောက်မဲမြို့ဘက်သို့ သောင်းဖေ မောင်းနှင်ပြီး မအေးမှတ် လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ ဆိုင်ကယ်ရှေ့ခွကြားရှိ ကျောပိုးအိတ်အတွင်းမှ ဘိန်းဖြူဆပ်ပြာခွက် ငါးခွက်၊ ဘိန်းဖြူ ၆၆ ဒသမ ၅ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၀၂ ပြား သိမ်းဆည်းရမိသဖြင့် သောင်းဖေ(၄၀နှစ်) နှင့် မအေးမှတ် (၃၀နှစ်) တို့ နှစ်ဦးအပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(သတင်းစဉ်)**

**မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုမှန်သမျှ တိုက်ဖျက်ကြ**



ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# သတိပြုဖွယ် လျှပ်စစ်အန္တရာယ် (၇)

**ဝေယံ**

သတင်းစာထဲမှာ ဆားဗစ်ကြိုးတွေကြောင့် ဓာတ်လိုက်မှုအကြောင်း ဖတ်လိုက်ရတော့ မနှစ်က တို့အိမ်ရှေ့က မိန်းမကြီးတစ်ဦး သစ်ကိုင်းကျိုးကျပြီး ဆားဗစ်ကြိုး လျော့ကျနေတာကို သွားကိုင်မိလို့ ဓာတ်လိုက်ပြီး အသက်ဆုံးရှုံးတဲ့ဖြစ်ရပ် ပြန်မြင်လာမိတယ်။ နှစ်ပေါင်းကြာမြင့်စွာ သုံးစွဲခဲ့တဲ့ကြိုးဆိုတော့ ပေါက်ပြဲနေတာကနေ ဓာတ်လိုက်မှုဖြစ်တာ။ လူတိုင်း လျှပ်စစ်အန္တရာယ်ဖြစ်စေတဲ့ အချက်တွေကိုသိရှိပြီး လိုက်နာဆောင်ရွက်ဖို့လိုကြောင်း မိတ်ဆွေတစ်ဦးက ပြောကြားလာပါသည်။ ဆားဗစ်ကြိုးတွေကြောင့် ဓာတ်လိုက်မှုဖြစ်စဉ်တွေ တစ်နှစ်ကို အရေအတွက် ဘယ်လောက်ရှိသလဲ?

ဆားဗစ်ကြိုးပြတ်ကျမှု၊ ဆားဗစ်ကြိုးများ ပေါက်ပြဲနေရာမှတစ်ဆင့် ဓာတ်လိုက်မှု ဖြစ်စဉ်များအနေနဲ့ ၂၀၁၂ ခုနှစ်မှာ ဖြစ်စဉ် ၁၇ ခုဖြစ်ပြီး ၁၅ ဦးသေဆုံးခဲ့တယ်။ ၂၀၁၃ ခုနှစ်မှာတော့ ဖြစ်စဉ် ၁၆ ခု ဖြစ်ခဲ့ပြီး ၁၇ ဦး သေဆုံးခဲ့တယ်။ ၂၀၁၄ ခုနှစ် အောက်တိုဘာလကုန်အထိ ဖြစ်စဉ် ၃၅ ခု ဖြစ်ပြီး ၃၅ ဦး သေဆုံးမှုဖြစ်ခဲ့တယ်။

တစ်နှစ်ထက်တစ်နှစ် ပိုများလာတယ်နော်။ ဒါတွေကို ဘယ်လို လျော့နည်းအောင် ဆောင်ရွက်နေပါသလဲ. . . ?

လျှပ်စစ်ဝန်ထမ်းများအနေနဲ့ ရပ်ကွက်အလိုက် ဆားဗစ်ကြိုးနိမ့်နေတာတွေကို ထောက်တိုင်တွေနဲ့ မြှင့်တင်ပေးတယ်. . .။ ဟောင်းနွမ်းပေါက်ပြဲပြီး အန္တရာယ်ဖြစ်နိုင်တဲ့ ဆားဗစ်ကြိုးတွေကို အိမ်ရှင်တွေကို ရှင်းလင်းပြောကြားပြီး လဲလှယ်စေခြင်းများ ဆောင်ရွက်လျက်ရှိတယ်။ တချို့အိမ်ရှင်တွေကလည်း "သုံးလို့ရနေသေးတာပဲ။ မလဲနိုင်သေးဘူး" ဆိုတာကို တွေ့နေရတယ်။ သူတို့ကို သက်ဆိုင်ရာ ဒေသအာဏာပိုင်တွေ အကူအညီတောင်းပြီးတော့ လျှပ်စစ်အန္တရာယ်ရှိနိုင်လို့ မီးခဏဖြတ်ထားရပါလိမ့်မယ်လို့ အကြောင်းကြားစာ ပေးပို့ဆောင်ရွက်ရပါတယ်။

ဒါတို့လို သာမန်မီးသုံးစွဲသူတွေအတွက် အိမ်မှာတပ်ဆင်ရမယ့် ဆားဗစ်ကြိုးအရွယ်အစားကို ရွေးချယ်ရာမှာ ငွေကြေးကုန်ကျမှု သက်သာတာကိုပဲ အဓိကထားရွေးချယ်နေကြတယ်။ အိမ်သုံးစွဲဝန်အားနဲ့ ကိုက်ညီတဲ့ ဆားဗစ်ကြိုးရွေးချယ်မှုကို လွယ်ကူစွာသိနိုင်ပါသလား. . . ?

တစ်အိမ်လုံးသုံးတဲ့ ဆားဗစ်ဝိုင်ယာကြိုး ရွေးချယ်မှုသာမက မီးဖိုချောင်အတွက် မီးကြိုး၊ ရေခဲသေတ္တာ မီးကြိုး၊ လေအေးပေးစက် မီးကြိုး၊ အလင်းရောင်သုံး မီးကြိုး၊ ရေတင်မော်တာစတဲ့ လျှပ်စစ်ပစ္စည်းများသုံးတဲ့ဝိုင်ယာကြိုးများကိုလည်း သူတို့သုံးတဲ့ ဝန်အား(လျှပ်စစ်အမ်ပီယာ)နဲ့ ကိုက်ညီတဲ့ အရွယ်အစားကို သုံးစွဲဖို့ လိုအပ်ပါတယ်။ သုံးစွဲဝန်အား (လျှပ်စီးအမ်ပီယာ)အလိုက် ဝိုင်ယာကြိုး(ကြေးကြိုး)ရွေးချယ်နိုင်မှုဇယားကို ကြည့်ခြင်းအားဖြင့် အလွယ်တကူ သိနိုင်ပါတယ်-----

| မီလီမီတာစနစ် | | | လက်မစနစ် | | |
|---|---|---|---|---|---|
| လျှပ်စီး အမ်ပီယာ | ဝိုင်ယာအရေအတွက်/ ဝိုင်ယာမျှင်အထူ | ဝိုင်ယာဧရိယာ ($mm^2$) | လျှပ်စီး အမ်ပီယာ | ဝိုင်ယာအရေ အတွက် ဝိုင်ယာမျှင်အထူ | ဝိုင်ယာဧရိယာ ($inch^2$) |
| 11 | 1/1.13 | 1 | 11 | 1/.044 | 0.0015 |
| 13 | 1/1.38 | 1.5 | 13 | 3/.029 | 0.002 |
| 18 | 1/1.78 | 2.5 | 16 | 3/.036 | 0.003 |
| 24 | 7/0.85 | 4 | 21 | 7/.029 | 0.0045 |
| 31 | 7/1.04 | 6 | 28 | 7/.036 | 0.007 |
| 42 | 7/1.35 | 10 | 34 | 7/.044 | 0.01 |
| 56 | 7/1.70 | 16 | 43 | 7/.052 | 0.0145 |
| 73 | 7/2.14 | 25 | 56 | 7/.064 | 0.0225 |
| 90 | 19/1.53 | 35 | 66 | 19/.044 | 0.03 |
| 145 | 19/1.78 | 50 | 77 | 19/0.52 | 0.04 |
| 185 | 19/2.14 | 70 | 105 | 19/.064 | 0.06 |
| 230 | 19/2.52 | 95 | 180 | 19/.083 | 0.1 |

ဝိုင်ယာကြိုး ရွေးတာကတော့ဟုတ်ပါပြီ။ လျှပ်စစ်ပစ္စည်းတွေရဲ့ ဝန်အား(လျှပ်စီးအမ်ပီယာ)ကို ဘယ်လို တွက်ချက်သိရှိနိုင်မလဲ------?

လျှပ်စစ်ပစ္စည်းအများစုမှာ သုံးစွဲရမယ့် ဗို့အား၊ လျှပ်စီးအမ်ပီယာ၊ လှိုင်းနှုန်းစတဲ့ အချက်အလက်တွေကို ကိုယ်ထည်တွေမှာ ကပ်ထားပါတယ်။ တစ်အိမ်လုံးသုံးတဲ့ လျှပ်စစ်ပစ္စည်းတွေ အားလုံးရဲ့ဝန်အား(လျှပ်စီး အမ်ပီယာ)တွေပေါင်းလိုက်ရင် ဆားဗစ်ကြိုး အရွယ်အစားကိုသိနိုင်ပြီပေါ့။ လျှပ်စစ်ပစ္စည်းများ အများဆုံး သုံးစွဲတဲ့ ဝန်အား(လျှပ်စီးအမ်ပီယာ)သည် ၃၀ အမ်ပီယာဖြစ်ပါက ဇယားပါဆားဗစ်ကြိုးအရွယ်အစား 7/.044 (လက်မစနစ်)/ 10 ဆိုက်(မီလီမီတာစနစ်)ကို သုံးရမှာဖြစ်ပါတယ်။ အချို့အဆောက်အအုံတွေမှာ ငွေကြေးသက်သာလို့မှုနဲ့ ဝန်အားနဲ့ ညီမျှတဲ့ ကြိုးကိုမသုံးဘဲ လျှော့သုံးမှုတွေကြောင့် ဝိုင်ယာကြိုးများလောင်ကျွမ်းခြင်း၊ ဝိုင်ယာရှော့ခ်ဖြစ်ခြင်း၊ အိမ်သုံးမီတာလောင်ကျွမ်းခြင်းများဖြစ်ပေါ်ပါတယ်။ ဝယ်သုံးတဲ့ ဝိုင်ယာကြိုးကလည်း ကြေးကြိုးစစ်ဖို့ လိုအပ်တယ်။ အခြားသတ္တုရောထားတဲ့ ကြိုးတွေဆိုရင် ဈေးသက်သာတယ်။

ဒါဆိုဆောက်ပြီးသား အိမ်တွေ၊ တိုက်ခန်းတွေမှာ ဘယ်ကြိုး၊ အရွယ်အစားတွေသုံးထားသလဲဆိုတာ သိဖို့ခက်တာပေါ့။ အဆောက်အအုံတည်ဆောက်နေဆဲ ကာလအတွင်း လျှပ်စစ်ဝိုင်ယာကြိုးများ စံချိန်စံညွှန်းအညီသုံးစွဲဖို့ကို အဓိကလိုအပ်ချက်အနေနဲ့ အလေးထားဆောင်ရွက်ဖို့လိုအပ်တာပေါ့။

မီတာဆိုလို့ တချို့အိမ်တွေမှာ မီတာတွေလောင်ကျွမ်းလို့ အသစ်တပ်ဆင်မှုအတွက် အစားထိုးတပ်ဆင်ခတွေ ပေးရတယ်။ ပါဝါမီတာကိုလည်း ထပ်မံတပ်ခိုင်းတယ်လို့ သိရတယ်။ အိမ်တစ်အိမ်မှာလျှပ်စစ်သုံးစွဲမှုနှင့် မီတာတပ်ဆင်မှုဘယ်လိုရွေးချယ်ရပါသလဲ။

လက်ရှိအနေအထားအရ တို့နိုင်ငံမှာ မီးသုံးစွဲသူအများစုက ရိုးရိုးအိမ်သုံးမီတာကိုပဲအသုံးပြုကြတယ်။ ရိုးရိုးအိမ်သုံးမီတာ(Single Phase Meter)ဟာ ၃၀ အမ်ပီယာပဲ အများဆုံးအသုံးပြုနိုင်တယ်။ အဲဒီမီတာနဲ့ အိမ်သုံးလျှပ်စစ်ပစ္စည်းတွေ အသုံးများရင်တော့ လျှပ်စစ်အမ်ပီယာများပြားခြင်းကြောင့် ဗို့အားကျဆင်းမယ်။ လေအေးပေးစက်၊ ရေခဲသေတ္တာတွေမှာ သုံးတဲ့ အလိုအလျောက်ဓာတ်အားဖြတ်စက် (Safe guard) တွေ အလုပ်မလုပ်တော့ဘူး။ နောက်ဆုံး မီတာလည်း လောင်၊ ဝိုင်ယာကြိုးတွေ၊ မီးပလပ်ပေါက်တွေ လောင်ကျွမ်းမှုတွေဖြစ်ပြီး လျှပ်စစ်အန္တရာယ်ဖြစ်ပေါ်လာတော့တာပဲ။ ဒါကြောင့် ၃၀ အမ်ပီယာထက်ကျော်အောင် သုံးစွဲလာရင် ဝန်အားများတဲ့ လျှပ်စစ်ပစ္စည်းများအတွက် ပါဝါမီတာ (Three Phase Meter) ထပ်မံတပ်ဆင်ရမှာဖြစ်တယ်။

ပါဝါမီတာကရော ဝန်အား(လျှပ်စီး အမ်ပီယာ) ဘယ်လောက်သုံးနိုင်မှာလဲ ဘာတွေပိုကောင်းလာနိုင်လဲ. . . ?

ပါဝါမီတာမှာလည်း သုံးစွဲမယ့်ဝန်အားအလိုက် ရွေးချယ်တပ်ဆင်နိုင်ပါတယ်။ လက်ရှိတပ်ဆင်ပေးနေတာ ၃၀ အမ်ပီယာ၊ ၆၀ အမ်ပီယာနှင့် ၈၀ အမ်ပီယာဆိုပြီး သုံးမျိုးရှိတယ်။ ပါဝါမီတာဟာ ဓာတ်တိုင်ကနေ အိမ်မှာတပ်ထားတဲ့ မီတာအကြား အပူကြိုး (Phase) သုံးချောင်းနဲ့ အအေးကြိုး (Neutral) ပါရှိတယ်။ အိမ်တွင်း လျှပ်စစ်ပစ္စည်းတွေကို လိုင်းသုံးလိုင်းကနေ ခွဲခြားသုံးစွဲနိုင်ခြင်းကြောင့် ဗို့အားကောင်းမွန်စွာ သုံးစွဲနိုင်မှာ ဖြစ်ပါတယ်။ ဒ့ါအပြင် ကြိုးများလောင်ကျွမ်းမှုနှင့် မီတာလောင်ကျွမ်းမှုများလျော့နည်းသွားပြီး လျှပ်စစ်အန္တရာယ်များ ကင်းဝေးစေနိုင်မှာဖြစ်ပါတယ်။

**-လျှပ်စစ်ပစ္စည်းများ၏ ဝန်အားနှင့် ညီမျှသော ဝိုင်ယာကြိုးကို သုံးစွဲပါ။**
**-သုံးစွဲဝန်အား ၃၀ အမ်ပီယာထက်ကျော်လွန်ပါက ပါဝါမီတာထပ်မံတပ်ဆင်ပါ။**
**-အိမ်တွင်းဝိုင်ယာကြိုးများ ဟောင်းနွမ်း၊ ပေါက်ပြဲမှုများရှိပါက အမြန်ဆုံးလဲလှယ်ပါ။**
**-အဆောက်အအုံများတည်ဆောက်ရာတွင် စံချိန်စံညွှန်းမီ ဝိုင်ယာကြိုးများနှင့် မီးပလပ်၊ မီးခလုတ်များကို အသုံးပြုပါ။**

## အများပြည်သူသို့ အသိပေးပန်ကြားခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန် ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ဓာတ်အားလိုင်းများနှင့် မလွတ်သော သစ်ပင်/သစ်ကိုင်းများ၊ ခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းနှင့် ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့က သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

၂။ သို့ဖြစ်ပါ၍ ၈-၁၁-၂၀၁၄ ရက်နေ့တွင် ဗိုလ်တထောင်၊ မင်္ဂလာတောင်ညွန့်၊ ရန်ကင်း၊ သဃ်န်းကျွန်း၊ သာကေတ၊ ဒဂုံ(ဆိပ်ကမ်း)၊ လမ်းမတော်၊ အလုံ၊ စမ်းချောင်း၊ ကမာရွတ်၊ ဗဟန်း၊ မရမ်းကုန်း၊ သန်လျင်၊ သုံးခွ၊ ခရမ်း၊ တံတား၊ ကျောက်တန်း၊ အင်းစိန်၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ မင်္ဂလာဒုံ၊ လှည်းကူး၊ ဒါးပိန်၊ ထောက်ကြန့်၊ အင်းတိုင်၊ ဖောင်ကြီး၊ မှော်ဘီ၊ တိုက်ကြီး၊ ဥက္ကံမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင် အချို့နှင့် စက်မှုဇုန်အချို့တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်း လည်းကောင်း၊ မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအတွင်း လည်းကောင်း အချိန်ပိုင်း ဓာတ်အားပြတ်တောက်မှုများရှိမည် ဖြစ်သည်။

၃။ ၉-၁၁-၂၀၁၄ ရက်နေ့တွင် ရွှေပေါက်ကံ၊ ဒဂုံ(တောင်)၊ ဒဂုံ(ဆိပ်ကမ်း)၊ မြောက်ဥက္ကလာပ၊ သဃ်န်းကျွန်း၊ စမ်းချောင်း၊ လသာ၊ ကမာရွတ်၊ ကြည့်မြင်တိုင်၊ သန်လျင်၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ လက်ခုပ်ကုန်း၊ ကျိုက်ထော်၊ ဒလ၊ တွံတေး၊ ဆိပ်ကြီးခနောင်တို၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ မှော်ဘီ၊ တိုက်ကြီး၊ အင်းတိုင်မြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင် အချို့နှင့် စက်မှုဇုန်အချို့တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်း လည်းကောင်း၊ မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအတွင်း လည်းကောင်း အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်သည်။

၄။ ယင်းသို့ ဓာတ်အားဖြတ်တောက်၍ လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားဖြန့်ဖြူးမှု စနစ်အတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ပုံမှန်မဖြစ်မနေ ဆောင်ရွက်ရန်လိုအပ်သည့်လုပ်ငန်းဖြစ်၍ ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုအပေါ် နားလည်ခွင့်လွှတ်ပါရန် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့က အများပြည်သူသို့ အသိပေးပန်ကြားအပ်ပါသည်။

**ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့**



## ကေတုမတီ (တောင်ငူ) မြို့တည် နန်းတည် (၅၀၄)နှစ်အထိမ်းအမှတ် သမိုင်းဆိုင်ရာဟောပြော

**နေပြည်တော် နိုဝင်ဘာ ၇**

ကေတုမတီ (တောင်ငူ) မြို့တည် နန်းတည်(၅၀၄) နှစ်ပြည့် အထိမ်းအမှတ် သမိုင်းဆိုင်ရာ ဟောပြောပွဲကို တောင်ငူမြို့ တော်ဝင်ကေတုမတီ ဟိုတယ်ရှိ ဘုရင့်နောင်ခန်းမ၌ နိုဝင်ဘာ ၃ ရက် ည ၇ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်ငူခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်သက်က အမှာစကားပြောကြားပြီး တောင်ငူကွန်ပျူတာ တက္ကသိုလ် ကျောင်းအုပ်ကြီး ဒေါက်တာ ဒေါ်အိအိလှိုင်က စာရေးဆရာကြီးများအား နှုတ်ခွန်းဆက်စကားပြောကြားသည်။

အဆိုပါ ဟောပြောပွဲတွင် စာရေးဆရာမ ဒေါက်တာဒေါ်ခင်ဆွေမြင့်က တောင်ငူခေတ်စာပေမှ မြန်မာ့ယဉ်ကျေးမှု ခေါင်းစဉ်ဖြင့် ဟောပြောပြီး စာရေးဆရာကြီး ဦးကျော်ကျော်လှိုင်က တောင်ငူခေတ်မင်းများ၏ ခေါင်းဆောင်မှုစွမ်းရည်ကို ခေတ်အမြင်ဖြင့် လေ့လာခြင်း ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စာရေးဆရာကြီး နွမ်ဂျာသိုင်းက စာရေးသူမှ စာဖတ်သူသို့ ၂၀၁၄ ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောပို့ချသည်။ ယင်းနောက် တာဝန်ရှိသူများက စာရေးဆရာမကြီးများနှင့် စာရေးဆရာကြီးများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြသည်။

အဆိုပါ စာပေဟောပြောပွဲသို့ စာပေချစ်သူများ၊ စာပေဝါသနာရှင်များ၊ ဒေသခံများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ) ကျော်သူဝင်း (မြန်မာ့အလင်း)**

## တမူးမြို့တွင် ဗိုလ်ချုပ်ကြေးရုပ်ထားရှိပြုလုပ်ရန်နှင့် တမူးလူငယ်များ ဗိုလ်ချုပ်၏ နှစ် (၁၀၀) ပြည့်မွေးနေ့ ကျင်းပရန်စီစဉ်

**တမူး နိုဝင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ လူငယ်ကွန်ရက်မှ ဦးဆောင်၍ မြန်မာနိုင်ငံ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ် ပြုလုပ်ရန်နှင့် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျရောက်မည့် ဗိုလ်ချုပ်၏ နှစ် (၁၀၀) ပြည့် မွေးနေ့ကျင်းပရန် စီစဉ် ဆောင်ရွက်ထားရှိကြောင်း သိရသည်။

အဆိုပါ ထုလုပ်မည့် ဗိုလ်ချုပ်ကြေးရုပ်သည် ခုနစ်ပေမြင့်ပြီး အုတ်ခုံနှင့် အထွေထွေကုန်ကျစရိတ်အတွက် ကုန်ကျငွေ ကျပ်သိန်း ၁၆၀ ခန့်မှန်းထားရာ ဆောင်ရွက်မည့် ရန်ပုံငွေအတွက် အလှူငွေများထည့်ဝင်နိုင်ရန် နှိုးဆော်ထားရှိပြီး တမူးမြို့ အင်းဝဘဏ်အကောင့် ၈၂-၀၀၄၂၀ ဖြင့် မည်သူမဆို ထည့်ဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

ဗိုလ်ချုပ်နှစ်(၁၀၀)ပြည့်မွေးနေ့ပွဲတွင် စာရေးဆရာ/ဆရာမများ ဖိတ်ကြားပြီး စာပေဟောပြောပွဲ ကျင်းပခြင်း၊ စာစီစာကုံး၊ ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပခြင်း၊ ကဗျာ၊ ကာတွန်းပြိုင်ပွဲ၊ လူငယ်များအတွက် ဘောလုံးပြိုင်ပွဲနှင့် ပျော်ရွှင်ဖွယ်ရာ အားကစားပြိုင်ပွဲများ ကျင်းပခြင်း၊ ကလေးများ သီချင်းဆိုပြိုင်ပွဲနှင့် စတုဒိသာကျွေးမွေးခြင်း အစီအစဉ်များ ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ချင်းတွင်းသား (iprd)**

## ပြည်တွင်းသတင်း



# တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် ဆလိုဗက်နိုင်ငံ ဒုတိယဝန်ကြီးချုပ်တို့တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၇**

တရားဥပဒေ စိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီ ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် ဆလိုဗက်သမ္မတနိုင်ငံ ဒုတိယ ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် ဥရောပရေးရာဝန်ကြီး ဒေါက်တာ မီရိုဆလပ်လာဂျက်တို့သည် ယနေ့ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ လွှတ်တော်ရေးရာ ကော်မတီ အဆောက်အမှတ်(၁၂) ၌တွေ့ဆုံခဲ့ကြသည်။ **(အပေါ်ပုံ)**

**(သတင်းစဉ်)**

■ ***ရှေ့ဖုံးမှ***

"အမေရိကန်သမ္မတ အိုဘားမားအတွက် တည်းခိုမှုကို ကျွန်တော်တို့က သတ်မှတ်ပေးတာမဟုတ်ပါဘူး။ သူတို့ဘက်က ရွေးချယ်တာဖြစ်ပါတယ်။ ပြင်ဆင်မှုအပိုင်းမှာရော လုံခြုံရေးအပိုင်းပါ အခြားဝန်ဆောင်မှုအပိုင်းတွေ အားလုံးကို စနစ်တကျနဲ့ စိစစ်ဆောင်ရွက်ထားပါတယ်"ဟု ဟိုတယ်နှင့် ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဇော်ဝင်းက ပြောကြားသည်။

ထို့အပြင် အာဆီယံထိပ်သီး အစည်းအဝေးပွဲကြီးသို့ ယခုအကြိမ်တွင် အခြားနိုင်ငံများမှ ပါဝင်မှုလည်း အမြင့်ဆုံးဖြစ်ပြီး အမေရိကန်၊ တရုတ်၊ ဂျပန်၊ ရုရှား၊ နယူးဇီလန်၊ အိန္ဒိယနှင့် ကိုရီးယားနိုင်ငံတို့မှ နိုင်ငံ့အကြီးအကဲများ တက်ရောက်ကြမည်ဖြစ်ခြင်းကြောင့် နေပြည်တော်ရှိ ဟိုတယ် ၅၇ လုံးတွင် နေရာအပြည့် စီစဉ်ရခြင်းဖြစ်ကြောင်းသိရသည်။

"ကျွန်တော်တို့ ဟိုတယ်ကို ရွေးချယ်တဲ့အတွက် ဂုဏ်လည်းယူပါတယ်။ အစကတည်းက ကြယ်ငါးပွင့်အဆင့်မီအနေနဲ့ တည်ဆောက်ထားခဲ့တာဖြစ်လို့ ကျွန်တော်တို့အတွက် အထူးစိုးရိမ်မှုတော့မရှိပါဘူး။ နိုင်ငံအတွက်လည်း အခုလို နိုင်ငံကြီးတွေက အကြီးအကဲတွေ တက်ရောက်တဲ့ပွဲကို ခမ်းခမ်းနားနား ကျင်းပနိုင်တဲ့အတွက် အလွန်ဂုဏ်ယူပါတယ်။ အမေရိကန်သံရုံးအဖွဲ့တွေနဲ့ လုံခြုံရေးအဖွဲ့တွေက ကြိုတင်ရောက်ရှိနေတာ တစ်ပတ်ရှိနေပါပြီ။ ထိုအတွက်လည်း အခုကတည်းက ဝန်ဆောင်မှုတွေ ပြည့်ဝစွာပေးနေပါတယ်။ စုစုပေါင်း အမေရိကန်နိုင်ငံနဲ့ ဌာနေသံရုံး အဖွဲ့တွေအတွက် အခန်း ၁၀၀ သုံးစွဲပါတယ်"ဟု (၂၅) ကြိမ်မြောက်အာဆီယံ ထိပ်သီး အစည်းအဝေးကြီးသို့ တက်ရောက်ရန်အတွက် အမေရိကန်သမ္မတ အိုဘားမား တည်းခိုနိုင်ရန် ရွေးချယ်ထားသော Kempinski ဟိုတယ်မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးမိုးဆန်းအောင်က ပြောကြားသည်။

ထို့အပြင် စီးပွားရေးတွေ့ဆုံဆွေးနွေးပွဲများအတွက် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်ကြီးများအတွက်လည်း ဟိုတယ်အခန်းများ ကြိုတင်စီမံထားကြောင်း သိရသည်။

ပြည်တွင်း ပြည်ပမီဒီယာများမှလည်း တက်ရောက်ရန်အတွက် ကြိုတင်စာရင်းပေးသွင်းမှုများအရ ဟိုတယ်အခန်းများကို လူဦးရေ ၁၅၀၀ စာအတွက် စီစဉ်ဆောင်ရွက်ထားကြောင်း သိရှိရသည်။

**(မြန်မာ့အလင်း)**



Kempinski ဟိုတယ်

## ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းအသိအမှတ်ပြုလက်မှတ် အသစ်လျှောက်ထားခြင်းနှင့် အသိအမှတ်ပြု လက်မှတ်အသစ်လဲလှယ်ရန် လျှောက်ထားမှုများနှင့်ပတ်သက်၍ စိစစ်ခွင့်ပြုပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၇**

၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၁ ရက်မှ ၃၁ ရက်အတွင်း ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြု လက်မှတ်အသစ်လျှောက်ထားသူ ပုံနှိပ်လုပ်ငန်း ရှစ်ဦး၊ ဂျာနယ်ထုတ်ဝေခွင့် ၁၁ ဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့် လေးဦး၊ အထွေထွေထုတ်ဝေခွင့် ၁၁ဦး၊ သတင်းအေဂျင်စီလုပ်ငန်း တစ်ဦး ပေါင်း ၃၅ ဦး၊ သက်တမ်းတိုးလက်မှတ် အသစ်လဲလှယ်ရန်လျှောက်ထားသူ ပုံနှိပ်ထုတ်ဝေခွင့် ငါးဦး၊ သတင်းစာထုတ်ဝေခွင့် တစ်ဦး၊ ဂျာနယ်ထုတ်ဝေခွင့် လေးဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့် ငါးဦး၊ အထွေထွေထုတ်ဝေခွင့် ကိုးဦး ပေါင်း ၂၄ ဦး၊ ထုတ်ဝေခွင့်အမည်ပြောင်း လျှောက်ထားသူ တစ်ဦး စုစုပေါင်း ၆၀ မှ လျှောက်ထားလာခဲ့သည်။ လျှောက်ထားသူများအား နိုဝင်ဘာ ၇ ရက်တွင် ဝန်ကြီးဌာနမှစိစစ်ပြီး အသိအမှတ်ပြုလက်မှတ် အသစ်လျှောက်ထားသူ ပုံနှိပ်လုပ်ငန်း ခုနစ်ဦး၊ ဂျာနယ်ထုတ်ဝေခွင့် ကိုးဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့် နှစ်ဦး၊ အထွေထွေထုတ်ဝေခွင့် ၁၁ ဦး၊ သတင်းအေဂျင်စီလုပ်ငန်း တစ်ဦး ပေါင်း ၃၀ အားလည်းကောင်း၊ သက်တမ်းတိုး လက်မှတ်လဲလှယ်ရန် လျှောက်ထားသူ ၂၂ ဦးကို လည်းကောင်း၊ ထုတ်ဝေခွင့်အမည်ပြောင်းလျှောက်ထားသူ တစ်ဦးအား လည်းကောင်း စုစုပေါင်း ၅၃ ဦးကို ခွင့်ပြုပေးခဲ့ကြောင်း၊ အသစ်လျှောက်ထားသူများအနက်မှ ပုံနှိပ်ထုတ်ဝေခွင့် တစ်ဦး၊ ဂျာနယ်ထုတ်ဝေခွင့် နှစ်ဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့် နှစ်ဦးနှင့် သက်တမ်းတိုးလက်မှတ် လဲလှယ်ရန်လျှောက်ထားသူ နှစ်ဦး ပေါင်းခုနစ်ဦးတို့၏ လျှောက်ထားချက်များနှင့်စပ်လျဉ်း၍ မူပိုင်ခွင့်နှင့် အခြားဆက်စပ်ပတ်သက်မှုများအရ ကန့်ကွက်ရန် ရှိ/မရှိနှင့် အချို့ဌာနဆိုင်ရာ ထုတ်ဝေခွင့်လျှောက်ထားသူများနှင့်ပတ်သက်၍ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၏ သဘောထားမှတ်ချက်တောင်းခံပြီး ဆက်လက်စိစစ် ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# (၅၉) နှစ်မြောက် ကရင်ပြည်နယ်နေ့ ဖွင့်ပွဲအခမ်းအနားကျင်းပ



**ဘားအံ နိုဝင်ဘာ ၇**

ကရင်ပြည်နယ်တွင် (၅၉) နှစ်မြောက် ကရင်ပြည်နယ်နေ့ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၇ ရက် နံနက် ၇ နာရီက ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ သဘာပတိအဖွဲ့ဝင်များအဖြစ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ပြည်နယ်ဥပဒေပြုရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌတို့မှ ဆောင်ရွက်ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှ ပေးပို့သည့် (၅၉) နှစ်မြောက် ကရင်ပြည်နယ်နေ့ သဝဏ်လွှာအား ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက ဖတ်ကြားသည်။

ဆက်လက်၍ ပြည်နယ်နေ့ အထိမ်းအမှတ် ပြည်နယ်ဂုဏ်ဆောင်ထူးချွန်ဆုရရှိ သူများကို ဂုဏ်ပြုဆုများချီးမြှင့်ရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသော တာဝန်ရှိသူများက ချီးမြှင့်ပေးကြသည်။

ထို့နောက် (၅၉) နှစ်မြောက် ကရင်ပြည်နယ်နေ့ မုခ်ဦးကို ပြည်နယ်နေ့အခမ်းအနားကျင်းပရာ သီရိကွင်း၌ နံနက် ၈ နာရီက ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ပြည်နယ်ဥပဒေပြုရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** ပြည်နယ်နေ့ပြခန်းများကို လှည့်လည် ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ (၅၉) နှစ်မြောက် ကရင်ပြည်နယ်နေ့ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်ပြိုင်ပွဲဆုပေးပွဲအခမ်းအနားကို ကျင်းပရာ ပြိုင်ပွဲတွင် ယှဉ်ပြိုင်သူ ၄၃၄ ဦး၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန် ၄၃ မျိုးကို ယှဉ်ပြိုင်ကြရာ ဆုရရှိသူများကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အမျိုးသမီးရေးရာ နာယကတို့က ချီးမြှင့်ပေးကြသည်။

ညပိုင်းတွင် ကရင်ပြည်နယ်နေ့ အထင်ကရဖြစ်သော ကရင်တိုင်းရင်းသားတို့၏ ရိုးရာ ဒိုးအကယှဉ်ပြိုင်ပွဲ ကျင်းပပြီး ကရင်ပြည်နယ်အတွင်းရှိ ဒိုးအဖွဲ့တစ်ဖွဲ့လျှင် ၅၅ ဦးပါဝင်သော ဒိုးအဖွဲ့ ၁၃ ဖွဲ့သည် နိုဝင်ဘာ ၈ ရက်မှ ၁၀ ရက်အထိ ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ဆုများကို ထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုနေ(ပြန်/ဆက်)**

## ဘောလခဲ၌ တန်ဆောင်တိုင်ပွဲတော်ကျင်းပ

**ဘောလခဲ နိုဝင်ဘာ ၇**

ကယားပြည်နယ် ဘောလခဲခရိုင် ဘောလခဲမြို့နယ် တန်ဆောင်တိုင်လပြည့်နေ့ နိဗ္ဗာန်ဈေးပွဲတော်နှင့် ထင်းရှူးမီးတိုင်မီးပူဇော်ပွဲကို နိုဝင်ဘာ ၆ ရက်က ရှမ်းပိုင်းရပ်ကွက် မင်းကျောင်းဘုန်းတော်ကြီးကျောင်းဝင်းအတွင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

နံနက်ပိုင်းတွင် ဘုန်းတော်ကြီးကျောင်းတက် ဥပုသ်သီတင်းသီလဆောက်တည်ကြပြီး တန်ဆောင်မုန်းလပြည့်ညနေပိုင်း ၄ နာရီမှစတင်၍ မိဘပြည်သူတို့က နိဗ္ဗာန်ဈေးပွဲတော်ကို တည်ခင်းလှူဒါန်းခဲ့ကြသည်။

**လှရွှေ (iprd)**

**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ**

## အသိပေးကြေညာချက်

**နေပြည်တော် နိုဝင်ဘာ ၇**

နေပြည်တော်တွင် အာဆီယံထိပ်သီးအစည်းအဝေးများကျင်းပစဉ်အတွင်း လုံခြုံရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၈ ရက်မှ စတင်၍ ၁၅ ရက်အထိ မြို့တွင်းနှင့်အဝေးပြေးခရီးသည်တင်ယာဉ်များ၊ ကုန်တင်ယာဉ်များ၊ လုပ်ငန်းသုံးယာဉ်ကြီးများကို အောက်ဖော်ပြပါလမ်းအတိုင်း လမ်းပိတ်ထားမည်ဖြစ်ပါသည်။

(၁) ရာဇသင်္ဂဟလမ်းတစ်လျှောက် သပြေကုန်းအဝိုင်းမှ ကံ့ကော်ပန်းအဝိုင်းအထိ၊

(၂) တော်ဝင်ရတနာလမ်းကို ရွှေကြာပင်မီးပွိုင့်မှ တော်ဝင်ရတနာလမ်းဆုံမီးပွိုင့်(တံ့ဂပူရိမီးပွိုင့် )အထိ၊

(၃) ရွှေကြာပင်လမ်းကို ရွှေကြာပင်မီးပွိုင့်မှ ရာဇသင်္ဂဟလမ်းနှင့် ဆုံရာအထိ။

အဆိုပါလမ်းများတွင် သတ်မှတ်ချက်ပါယာဉ်များအတွက် ခေတ္တပိတ်ထားစဉ် စည်ပင်ဧည့်ရိပ်သာမီးပွိုင့်မှ ညာကွေ့ပြီး ရွှေကြာပင်မီးပွိုင့်မှ ဘယ်ကွေ့၍လည်းကောင်း၊ ဇီဇဝါပန်းအဝိုင်းမှ ညာကွေ့၍ နေပြည်တော်ကောင်စီလမ်းအတိုင်း ကံ့ကော်ပန်းအဝိုင်းမှတစ်ဆင့် လယ်ဝေးမြို့နှင့် ရန်ကုန်-မန္တလေးအမြန်လမ်းသို့လည်းကောင်း၊ အမြန်လမ်းမှ ဝင်ရောက်လာသည့်ယာဉ်များသည် နေပြည်တော်မြို့ပတ်လမ်းဆုံတွင် ဘယ်ကွေ့၍ မြို့ပတ်လမ်းအတိုင်း ပျဉ်းမနား-တောင်ညိုလမ်းသို့လည်းကောင်း ပြောင်းလဲအသုံးပြုပေးကြပါရန် အသိပေးကြေညာအပ်ပါသည်။ **လုံခြုံရေးကော်မတီ**

ပြည်တွင်းသတင်း

● ရှေ့ဖုံးမှ

နိုင်ငံတော်ဧည့်ဂေဟာသို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတ၏ ယခုအကြိမ် တရုတ်နိုင်ငံခရီးစဉ်မှာ သမ္မတ သက်တမ်းတစ်လျှောက် ငါးကြိမ်မြောက်ခရီးစဉ်ဖြစ်ပြီး ယခင်က ချစ်ကြည်ရေးခရီးစဉ်နှစ်ကြိမ်နှင့် ဆွေးနွေးပွဲများတက်ရောက်ရန် နှစ်ကြိမ်သွားရောက်ခဲ့ပြီးဖြစ်သည်။

**(သတင်းစဉ်)**

✳ ကျောဖုံးမှ

အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

မုန်တိုင်းငယ်၏ အရှိန်ကြောင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။

မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည်တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

**(မိုး/ဇလ)**

# ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကုလသမဂ္ဂနှင့်ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဂျေနမ်ဘီးယား ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

**နေပြည်တော် နိုဝင်ဘာ ၇**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဂျေနမ်ဘီးယား ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ ဗိုလ်ချုပ်တင်အောင်ချစ်၊ ဦးသန့်ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် လက်ရှိဖော်ဆောင်နေသည့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ ငြိမ်းချမ်းရေးဖော်ဆောင်မှု၊ ရခိုင်ပြည်နယ်အတွင်း နိုင်ငံသားစိစစ်ရေးကိစ္စ၊ ဒုက္ခသည်များပြန်လည်နေရာချထားရေးကိစ္စနှင့် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဖလား တိုင်းဒေသကြီးနှင့် ပြည်နယ် နပန်းအားကစား ပြိုင်ပွဲဖွင့်ပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၇**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူလူထုများ အားကစားနည်းပေါင်းစုံကို စိတ်ပါဝင်စားလာစေရေး၊ တိုင်းရင်းသားမျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေး၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အချင်းချင်း အားကစားအပေါ်အခြေခံသော ချစ်ကြည်ရင်းနှီးမှုရရှိရေးနှင့် ဒေသန္တရဗဟုသုတများ အပြန်အလှန်တိုးပွားလာစေရေး၊ အားကစားဝန်ကြီးဌာနနှင့်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့အကြား အားကစားလုပ်ငန်းများ ယခုထက် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေးတို့ကို ရည်ရွယ်၍ ၂၀၁၄ ခုနှစ် ဇွန်လမှ စတင်၍ ယခင်ဗဟို၌သာ ကျင်းပခဲ့သောတိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဝန်ကြီးချုပ်ဖလား အားကစားပြိုင်ပွဲများအဖြစ် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် ဖြန့်ခွဲကျင်းပခဲ့ရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ယနေ့နံနက်ပိုင်းက ရခိုင်ပြည်နယ် စစ်တွေမြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာရာ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းနှင့် တာဝန်ရှိသူများက စစ်တွေလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်တိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့သည် စစ်တွေမြို့နယ် ဝေသာလီ အားကစားခန်းမသို့ ရောက်ရှိပြီး ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဖလား၊ တိုင်းဒေသကြီးနှင့် ပြည်နယ် နပန်းအားကစားပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

အစီအစဉ်အရ ဘင်ခရာအဖွဲ့၊ အားကစားအဖွဲ့နှင့် အကအဖွဲ့များ၊ သရုပ်ပြအဖွဲ့များ ကွင်းအတွင်း ဝင်ရောက်နေရာယူကြပြီး ဖွင့်ပွဲအခမ်းအနားမစတင်မီ ရခိုင်တိုင်းရင်းသူ အဆိုတော် မရီလှိုင်းပြာနှင့် မဒိုးကလေးတို့က ထွန်းသစ်စ အာရှကျားသီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်သည်။

ထို့နောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်တို့က ပြိုင်ပွဲဝင်အားကစားအသင်းများကို တစ်သင်းချင်း လိုက်လံတွေ့ဆုံကာ နှုတ်ဆက်အားပေးစကားပြောကြားကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံကျွမ်းဘားအဖွဲ့ချုပ်မှ မျိုးဆက်သစ် အားကစားသမားများက မြေပြင်ကျွမ်းဘားစွမ်းရည်များဖြင့် သရုပ်ပြသကြပြီး မြန်မာနိုင်ငံကျွမ်းဘားအဖွဲ့ချုပ်သို့ ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းက ဂုဏ်ပြုဆုငွေပေးအပ်သည်။

ယင်းနောက် တိုင်းရင်းသူအဆိုတော် ညာစိမ်းခိုင်က ကျောင်းသူလေးများနှင့်တွဲဖက်ကာ ရိုးမယံဆီသီချင်းကို ဖျော်ဖြေကာ ဖွင့်ပွဲအခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ၂၀၁၄ ခုနှစ် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဖလား တိုင်းဒေသကြီးနှင့် ပြည်နယ်နပန်းအားကစားပြိုင်ပွဲ ပထမနေ့ပွဲစဉ်များကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**(မြန်မာ့အလင်း)**



# ဖားဆောင်း သံလွင်တံတား သံပေါင်တပ်ဆင်ခြင်းလုပ်ငန်း စတင်ဆောင်ရွက်

**ကယား နိုဝင်ဘာ ၇**

ဖားဆောင်း သံလွင်တံတား သံပေါင်တပ်ဆင်ခြင်းလုပ်ငန်း စတင်ဆောင်ရွက်သည့် အခမ်းအနားကို နိုဝင်ဘာ ၆ ရက် မွန်းလွဲ ၁ နာရီက အဆိုပါတံတား၌ ကျင်းပခဲ့သည်။

အခမ်းအနားကို ကယားပြည်နယ်ဝန်ကြီးများ ဖြစ်ကြသည့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဦးသန်းကျော်စိုး၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးအောင်နိုင်ဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးမင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ရွှေမှုလီတပ်ဆင်ခြင်း ဆောင်ရွက်ပေးပြီးနောက် တက်ရောက်လာကြသည့် တာဝန်ရှိသူများက အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးခဲ့ကြသည်။ ဖားဆောင်းသံလွင်တံတားကို ငွေကျပ်သန်းပေါင်း ၇၁၉၄ သန်းကုန်ကျခံကာ တည်ဆောက်သွားမည်ဖြစ်ပြီး ပြည်နယ်ဘတ်ဂျက်မှ ငွေကျပ်သန်း ၂၀၀၀၊ ပြည်ထောင်စုဘတ်ဂျက် ငွေကျပ်သန်း ၅၁၉၄ သန်းကုန်ကျခံပြီး တည်ဆောက်သွားမည်ဖြစ်သည်။ ဖားဆောင်းသံလွင်တံတားကြီး တည်ဆောက်ပြီးစီးသွားပါက ထိုင်းနိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးအတွက် အရေးပါသည့် တံတားတစ်စင်းဖြစ်ခြင်းကြောင့် ဒေသခံပြည်သူများ၏ အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်လာမည်သာမက ပြည်နယ်အကျိုး၊ နိုင်ငံအကျိုးတစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်သည့် တံတားတစ်စင်းဖြစ်ကြောင်း သိရသည်။

**ရဲနောင်(လှိုင်ကော်)**

# ရှေးဟောင်းနှစ်ဖက်သွားပါ ပုဆိန်ကျောက်ချောလက်နက်တူးဖော်တွေ့ရှိ

**နေပြည်တော် နိုဝင်ဘာ ၇**

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ် ကျီးသဲကျေးရွာအုပ်စုရှိ လွန်ခဲ့သောနှစ်ပေါင်း ၂၀၀ ခန့်က မီးလောင်ပျက်စီးတိမ်မြုပ်ပျောက်ကွယ်လျက်ရှိသော ကျီးသဲလေးထပ်ဆရာတော်ကြီး အရှင်မုနိန္ဒာဘိဓဇ၏ မူလလေးထပ်ကျောင်းဟောင်းနေရာ ရှာဖွေဖော်ထုတ်ရေးကိစ္စကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ပြည်မြို့ ကန်ဦးကျောင်းဆရာတော်ကြီး၊ ကျီးသဲကျေးရွာသံဃနာယကအဖွဲ့နှင့် ဒေသခံဂေါပကအဖွဲ့တို့က ယဉ်ကျေးမှုဝန်ကြီးဌာနသို့ တင်ပြအကူအညီတောင်းခံချက်အရ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပြည်ဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးတင့်အောင်ဦးစီးအဖွဲ့က ကွင်းဆင်းလေ့လာ သုတေသနပြုရှာဖွေဖော်ထုတ်ခဲ့သည်။

အောက်တိုဘာ ၂၆ ရက် နံနက် ၉ နာရီ ၁၈ မိနစ်ခန့်က ကျီးသဲလေးထပ်မူလကျောင်းဟောင်းမြေမြုပ်ကျွန်းတိုင်နေရာအား ရှာဖွေတွေ့ရှိအတည်ပြုနိုင်ခဲ့ပြီး ဆက်လက်သုတေသနပြု ရှာဖွေဖော်ထုတ်ခဲ့ရာ ကျီးသဲလေးထပ် သာသနာ့နယ်မြေ အနောက်မြောက်ဘက်တွင် မြေအောက် နှစ်မီတာအနက်မှ ကျောက်ခေတ်သစ်မှ ကျောက်ချောလက်နက်(နှစ်ဖက်အသွားပါပုဆိန်) တစ်ခုကို တူးဖော်တွေ့ရှိခဲ့ရာ လွန်ခဲ့သော ရှေးနှစ်ပေါင်းများစွာက ကျောက်ခေတ်လူသားတို့ ကျင်လည်ကျက်စားရာ ဧရာဝတီမြစ်ကမ်းဆင့်နေရာ ဖြစ်မည်ဟု ခန့်မှန်းယူဆဖော်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# လယ်ယာသုံး စက်ကိရိယာများ ကွင်းဆင်းစစ်ဆေးပြုပြင်

**လားရှိုး နိုဝင်ဘာ ၇**

လားရှိုးမြို့ အမှတ်(၅၆) စက်မှုလယ်ယာစခန်းသည် လားရှိုးမြို့နယ်အတွင်း ကျေးရွာများရှိ တောင်သူပိုင် လယ်ယာသုံး စက်ကိရိယာများအား ကွင်းဆင်းစစ်ဆေး ပြုပြင်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

လားရှိုးမြို့နယ် ဟန်နားကျေးရွာအုပ်စုတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရောင်းချပေးထားသော လယ်ယာသုံးစက်ကိရိယာ ၃၃ စီးနှင့် တောင်သူပိုင် လယ်ယာသုံးစက်ကိရိယာအမျိုးမျိုး ၉၇ စီးတို့အား နိုဝင်ဘာ ၄ ရက်မှ နိုဝင်ဘာ ၇ရက်အတွင်း သွားရောက်ကွင်းဆင်းစစ်ဆေး ပြုပြင်ပေးခဲ့ရာ တောင်သူများ ကျေးဇူးတင် ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**ဇော်လွင်(လားရှိုး)**

# နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အောက်ပိုင်း ဒေသများတွင် မိုးဆက်လက် ထစ်ချုန်းရွာမည်။**

ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ရာ ကြိုတင်လေ့လာဘေးကင်းကွာ

ပြည်တွင်းသတင်း

# နှစ်အနည်းငယ်အတွင်းပျောက်ကွယ်သွားနိုင်သည့် ကမ္ဘာကျော် ရွာလွတ်ဆေးတံလုပ်ငန်း



သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-တင်စိုး(မြန်/လင်း)

**ချောင်းဆုံ နိုဝင်ဘာ ၇**

ရွာလွတ်တွင်ပြုလုပ်သည့် "MADE IN YWALUT" ဟူသော အင်္ဂလိပ်စာဖြင့် ရေးထိုးထားသည့် အမှတ်တံဆိပ်ပါ သစ်သားဆေးတံကို ကမ္ဘာလှည့်ခရီးသွားများက စိတ်ဝင်စားကြသည်။ ကမ္ဘာ့နိုင်ငံအများအပြားကလည်းသိရှိနေသည်။ မြန်မာနိုင်ငံသို့အလည်လာသည့် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည် အချို့သည် မွန်ပြည်နယ်ဘီလူးကျွန်းရှိ ချောင်းဆုံမြို့နယ်အတွင်းတည်ရှိသော ရွာလွတ်ရွာသို့ရောက်အောင်လာပြီး လက်မှုပညာဖြင့် ပြုလုပ်ထားသည့် သစ်သားဆေးတံပြုလုပ်နေမှုကို တကူးတက လာရောက်လေ့လာကြသည်။

"ဒီလိုဆေးတံကို သစ်သားနဲ့ပြုလုပ်ခဲ့တာကျွန်တော်တို့မျိုးဆက်လေးဆက်ရှိပြီ၊ ဒီအလုပ်ကိုလက်ဆင့်ကမ်းပြီးစွဲစွဲမြဲမြဲလုပ်ခဲ့တာပါ။ ကျွန်တော်ကိုယ်တိုင်တစိုက်မတ်မတ်လုပ်ခဲ့တာ နှစ်ပေါင်း ၅၅ နှစ်ခန့်ရှိပါပြီ၊ ကိုယ်တိုင်လက်မှုပညာတစ်ရပ်အနေနဲ့ ပြုလုပ်နေတာဖြစ်ပါတယ်" ဟု ရွာလွတ်ရွာမှ သစ်သားဆေးတံပြုလုပ်သူ အသက် ၇၀ အရွယ် ဦးရင်ဖေကပြောသည်။

ရွာလွတ်ရွာသည် အိမ်ခြေတစ်ထောင်ကျော်ရှိသော ရွာကြီးဖြစ်သည်။ ရိုးရာဆေးတံပြုလုပ်ခြင်း၊ သစ်သားတုတ်ကောက်ပြုလုပ်ခြင်း၊ သစ်သားဘောပင်၊ သစ်သားဆံပင်ညှပ်ကလစ်၊ အကြောဖြေလက်ကိုင်ဘု၊ အကြောဖြေသစ်သား လက်ကိုင်စသည့် သစ်သားလက်မှုလုပ်ငန်းများကို ပြုလုပ်လျက်ရှိသည်။

လက်မှုပညာရှင် ဦးရင်ဖေသည် သူ၏ဖခင်ဦးချစ်၊ ဦးချစ်၏ဖခင် ဦးရစ်နှင့် ဦးရစ်၏ ဖခင်လက်ထက်ကတည်းက သစ်သားဆေးတံများကို စက်ပစ္စည်းအထောက်အကူမပါဘဲ လက်မှုပညာသက်သက်ဖြင့် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၁၀၀ ကျော်မှ စတင်ပြုလုပ်ခဲ့ရာ "ရွာလွတ်တွင်ပြုလုပ်သည်" ဟူသော အမှတ်တံဆိပ်ဖြင့် သစ်သားဆေးတံများ ကမ္ဘာကျော်ခဲ့သည်။

ကျီးပေါင်းသားဖြင့် ပြုလုပ်သော သစ်သားဆေးတံသည် အရောင်မပျက်မှု၊ မီးမစွဲမှုနှင့် လက်ရာသေသပ်ကောင်းမွန်မှုတို့ကြောင့် နိုင်ငံတကာမှ ဝယ်လိုအားများလာခဲ့ပြီး ရွာလွတ်မှ ဆေးတံပြုလုပ်သည့် လက်မှုပညာရှင်များကိုလည်း အထင်ကြီးလေးစားခဲ့ကြသည်။ ပေါင်းထားသော ကျီးပေါင်းသားဖြင့် သစ်သားဆေးတံအချောအထိပြီးစီးအောင်လုပ်လျှင် တစ်နေ့လူတစ်ဦးမှာ လေးချောင်းခန့်သာ ပြီးနိုင်ကြောင်း သိရသည်။

သို့သော် ဆေးလိပ်နှင့်ဆေးရွက်ကြီးသောက်သုံးမှုသည် ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေနိုင်သည် ဟူသော သတိပေးမှုများကြောင့် ရွာလွတ်မှ ဆေးတံရောင်းချမှုများ ကျဆင်းလာခဲ့သည်။ ဝယ်လိုမှုအားနှင့် အမှာစာများ နည်းပါးမှုတို့ကြောင့် ယခုအခါရွာလွတ်ရွာတွင် ဆေးတံလုပ်ကိုင်သူ ငါးဦးခန့်သာရှိတော့သည်။ ဝယ်လိုအားကျဆင်းသွားသော်လည်း လူတို့၏ ဆေးတံလုပ်ငန်းကို ချစ်မြတ်နိုးစွာ တန်ဖိုးထားဖက်တွယ်ထားဆဲပင်ဖြစ်သည်။ တစ်ဖန် အလုပ်သမားများ ရှားပါးမှုကလည်း ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

ရွာလွတ်ဆေးတံလုပ်ငန်းတွင် ကျွမ်းကျင်လုပ်သားများရှားပါးလာမှု၊ စီးပွားရေး တွက်ခြေမကိုက်မှုများကြောင့် လာမည့်နှစ်အနည်းငယ်တွင် ပျောက်ကွယ်သွားရန် အလားအလာရှိနေသည်။ ဒေသ၏လက်မှုပညာနှင့် ရွာလွတ်၏အမှတ်သင်္ကေတဖြစ်သော သစ်သားဆေးတံကြီးတစ်ခုကို ရွာအလယ်တွင် ခန့်ညားထည်ဝါစွာပြုလုပ်ထားသည်ကို တွေ့ရသည်။

"ရွာလွတ်ရွာရဲ့လက်မှုသင်္ကေတတစ်ခုဖြစ်တဲ့ သစ်သားဆေးတံကြီးတစ်ခုကို စိန်တောင်ဆရာတော်ကြီး ဦးဝံသပါလရဲ့ အကြံပြုတိုက်တွန်းမှုနဲ့ ပြုလုပ်ခဲ့တာပါ။ အဲဒါကို ကမ္ဘာ့အကြီးဆုံး သစ်သားဆေးတံတစ်ခုပါပဲလို့လာရောက်လေ့လာကြတဲ့ ကမ္ဘာလှည့်ခရီးသွားတွေက ပြောပါတယ်" ဟု ရွာလယ်ရှိ ဆေးတံကြီးကို ပြုလုပ်ခဲ့သူ ဦးမန်းငွေဝင်းက ပြောသည်။

ရွာလည်ရှိသစ်သား ဆေးတံကြီးမှာ အနန်းပင်သစ်ဖြင့် နှစ်လကြာ ပြုလုပ်ထားခြင်းဖြစ်ပြီး အရှည်ခြောက်ပေ၊ လုံးပတ်ရှစ်ပေခွဲခန့်ရှိရာ ကမ္ဘာ့ဂင်းနက်စ်မှတ်တမ်းဝင်အောင် ပြုလုပ်ထားခြင်းဖြစ်ကြောင်း ၎င်းကရှင်းပြသည်။ ကမ္ဘာလှည့်ခရီးသွား ဧည့်သည်များ စိတ်ဝင်စားစွာလာရောက်လေ့လာနေကြမှုများကို မပြတ်တမ်းတွေ့မြင်ရသည်။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် ကြိုးစားနေချိန်တွင် ကမ္ဘာ့နိုင်ငံများ၌ နာမည်ရရှိပြီးသား ရွာလွတ်ဆေးတံလက်မှုလုပ်ငန်းကို မပျောက်ပျက်၊ မတိမ်ကောရန် ဝိုင်းဝန်းကြိုးစားဆောင်ရွက်သင့်သည်မှာ အမှန်ပင်ဖြစ်သည်။

**(မြန်မာ့အလင်း)**

# ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ အောက်တိုဘာလအတွင်း နိုင်ငံခြားသား ၄၆၇၉၆ ဦးရောက်ရှိ ဖူးမြော်ကြည်ညို

**ရန်ကုန် နိုဝင်ဘာ ၇**

ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ၂၀၁၄ ခုနှစ် အောက်တိုဘာလအတွင်း ထိုင်း ၁၂၆၃၆ ဦး၊ ကိုရီးယား ၄၈၈၆ ဦး၊ တရုတ် ၃၇၆၆ ဦး၊ ဂျပန် ၂၆၆၈ ဦး ၊ အမေရိကန် ၂၃၈၂ ဦးအပါအဝင် နိုင်ငံပေါင်း ၂၆ နိုင်ငံမှ နိုင်ငံခြားသား စုစုပေါင်း ၄၆၇၉၆ ဦး ရောက်ရှိဖူးမြော်ကြည်ညိုခဲ့ကြပြီး ဧည့်ဝင်ကြေးအဖြစ် တစ်ဦးလျှင် မြန်မာငွေကျပ် ၈၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၃၇၄၃၆၈၀၀၀ ရရှိခဲ့သည်။

ယမန်နှစ် ၂၀၁၃ ခုနှစ် အောက်တိုဘာလတွင် နိုင်ငံခြားသား ၃၁၀၉၃ ဦးသာ ရောက်ရှိခဲ့ပြီး ယခုနှစ် အောက်တိုဘာလတွင် ၄၆၇၉၆ ဦး ရောက်ရှိခဲ့ခြင်းကြောင့် ယမန်နှစ်ကာလတူ အောက်တိုဘာလထက် နိုင်ငံခြားသား ၁၅၇၀၃ ဦး ပိုမိုရောက်ရှိ ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သိရ သည်။

"ပွင့်လင်းရာသီရောက်ပြီ ဖြစ်တာရယ် မြန်မာတို့ရဲ့ ရိုးရာယဉ်ကျေးမှုသီတင်းကျွတ်၊ တန်ဆောင်တိုင်ပွဲတော်တွေကို ကြည့်ရှုလေ့လာလိုကြတဲ့ နိုင်ငံခြားသားအများအပြား နိုင်ငံအနှံ့ရှိကြတာမို့ ယခုနိုဝင်ဘာလ (တန်ဆောင်တိုင် မီးထွန်းပွဲတော်ကာလ) မှာလည်း နိုင်ငံခြားသားတွေ ရွှေတိဂုံစေတီတော်မြတ်ကြီးကို လာရောက်ဖူးမြော်ကြည်ညိုကြဦးမှာပါပဲ" ဟု ဧည့်လမ်းညွှန်တစ်ဦးက ပြောသည်။

**ကိုချစ်**

# အာဆီယံအင်ဂျင်နီယာအသင်းများ၏ ညီလာခံ မြန်မာနိုင်ငံ၌ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၇**

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းက နိုဝင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ အိမ်ရှင်အဖြစ် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ လက်ခံကျင်းပမည့် (၃၂)ကြိမ်မြောက် အာဆီယံနိုင်ငံများမှ အင်ဂျင်နီယာအသင်းများအဖွဲ့ချုပ် (Conference of ASEAN Federation of Engineering Organizations-CAFEO-32) ၏ နှစ်ပတ်လည်ညီလာခံနှင့်စပ်လျဉ်း၍ စာနယ်ဇင်းများ အသိပေးခြင်းအခမ်းအနားကို နိုဝင်ဘာ ၄ ရက် ညနေ ၃ နာရီက ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

နှစ်ပတ်လည် ညီလာခံတွင် "Integrated Solution For Energy,Transport and Infrastructure" သည် CAFEO 32 ရည်ရွယ်ချက်ဖြင့် အာဆီယံနိုင်ငံများနှင့်မိတ်ဖက် ဂျပန်၊ ကိုရီးယား၊ ဩစတြေးလျ၊ ဟောင်ကောင်၊ တရုတ်(တိုင်ပေ)နှင့် အိန္ဒိယပညာရှင်များက အင်ဂျင်နီယာ ဗိသုကာပညာရပ်ဆိုင်ရာ စာတမ်းများဖတ်ကြားမည်ဖြစ်သည်။ မြန်မာနိုင်ငံအတွက် လိုအပ်ချက်များနှင့် ကိုက်ညီသောကြောင့် အကျိုးများစွာရှိမည်ဖြစ်ကြောင်း မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးဝင်းခိုင်က ပြောသည်။

အခမ်းအနားတွင် အင်ဂျင်နီယာပညာရပ်ဆိုင်ရာ စာတမ်းပေါင်း ၅၅ စောင်ကို အာဆီယံနိုင်ငံများနှင့်မိတ်ဖက်များက ဖတ်ကြားမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ ၂၅ စောင်ဖတ်ကြားမည်ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများမှ အင်ဂျင်နီယာအသင်းအဖွဲ့ချုပ်၏ နှစ်ပတ်လည်ညီလာခံကို အိမ်ရှင်နိုင်ငံအဖြစ် ၂၀၀၄ ခုနှစ်တွင် တစ်ကြိမ်ကျင်းပခဲ့ပြီး ယခု ၂၀၁၄ ခုနှစ်တွင် တစ်ကြိမ် တာဝန်ယူကျင်းပမည်ဖြစ်သည်။

ညီလာခံတွင် အာဆီယံနိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိစေရန် ရည်ရွယ်ကာ ဂေါက်သီးရိုက်ပြိုင်ပွဲများ၊ ဘိုလင်းလိမ့်ပြိုင်ပွဲများနှင့် ဈေးဝယ်ထွက်ခြင်း၊ အပန်းဖြေလှည့်လည်ကြည့်ရှုခြင်းအစီအစဉ်များ စီစဉ်ထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# လေဆိပ်များတွင် အီဘိုလာစောင့်ကြည့်ရာတွင် အထောက်အကူပြုမည့်စက်တပ်ဆင်

**မန္တလေး နိုဝင်ဘာ ၇**

မန္တလေး(တံတားဦး) အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ညောင်ဦးလေဆိပ်တို့တွင် အီဘိုလာနှင့် ကူးစက်မြန်ရောဂါများ စောင့်ကြပ်ကြည့်ရှုရာတွင် THERMO SCAN စက်ကို အောက်တိုဘာ တတိယအပတ်တွင် တပ်ဆင်ပြီးကြောင်း မန္တလေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါက်တာမျိုးသန့်ခိုင်က ပြောသည်။

"လေကြောင်းခရီးနဲ့ ဝင်လာတဲ့ ဧည့်သည်တွေရှေ့က ဖြတ်သွားတာနဲ့ ကိုယ်အပူချိန်ကို သိရတယ်။ ကိုယ်အပူချိန်မြင့်တဲ့ အီဘိုလာသာမက ကူးစက်မြန်ရောဂါတွေကို စောင့်ကြပ်ကြည့်ရှုခြင်းဖြစ်ပါတယ်။ အရင်ကတော့ တစ်ယောက်ချင်းတိုင်းတာတဲ့စက်နဲ့လုပ်ခဲ့ရတာပါ" ဟု ယင်းက ပြောကြားသည်။

ကိုယ်အပူချိန်မြင့်သူကို တွေ့ရှိပါက သီးသန့်အခန်းသို့ခေါ်သွားပြီး သွားရောက်ခဲ့သည့် Traveller History မေးမြန်း၍ ကျန်းမာရေးဝန်ကြီးဌာနဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနနှင့် WHO တို့၏ လမ်းညွှန်ချက်အတိုင်း အဆင့်ဆင့်စုံစမ်းစစ်ဆေးကြောင်း၊ သံသယရှိသူတွေ့ရှိပါက ကန်တော်နဒီဆေးရုံသို့ စနစ်တကျပို့ဆောင်ပြီး စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ရန်စီစဉ်ထားရှိကြောင်း သိရသည်။ "ဟိုတယ်၊ မိုတယ်တွေနဲ့လည်း ပူးပေါင်းပါဝင်လုပ်ဆောင်နေပါတယ်။ အသစ်ဝင်ရောက်လာတဲ့ နိုင်ငံခြားသားဧည့်သည်များနဲ့ ပြည်ပကို အလည်သွားခဲ့ကြတဲ့သူတွေ မကျန်းမာတာရှိလာရင်သူတို့ကို စောင့်ကြပ်ကြည့်ရှုဖို့နဲ့ ကျန်းမာရေးဌာနကို အကြောင်းကြားဖို့ ပညာပေးတပ်လှန့်နှိုးဆော်ထားပါတယ်"ဟု ဒုတိယဦးစီးမှူးက ပြောသည်။

လေဆိပ်များတွင် ကျန်းမာရေးဆရာဝန်များထားရှိကာ အီဘိုလာနှင့် ကူးစက်မြန်ရောဂါနှင့် ပတ်သက်၍ စောင့်ကြပ်ကြည့်ရှုနေပြီး ယင်းနှင့်ပတ်သက်သည့် အသိပညာပေးရေးလုပ်ငန်းတို့ကိုလည်း တိုင်းဒေသကြီးအတွင်း လုပ်ဆောင်နေကြောင်း၊ ရန်ကုန်၊ နေပြည်တော်၊ မန္တလေး၊ ညောင်ဦး လေဆိပ်တို့တွင် THERMO SCAN တပ်ဆင်ထားပြီးဖြစ်ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# ကမ္ဘာလုံးဆိုင်ရာ စွန့်ဦးတီထွင်လုပ်ရှားမှု ရက်သတ္တပတ်အစီအစဉ်များကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၇**

စွန့်ဦးတီထွင် လုပ်ငန်းရှင်များအတွက် မြန်မာနိုင်ငံရှိ မြို့ကြီးသုံးမြို့ဖြစ်သည့် ရန်ကုန်၊ မန္တလေးနှင့် တောင်ကြီးမြို့များ၌ ကမ္ဘာလုံးဆိုင်ရာ စွန့်ဦးတီထွင်လှုပ်ရှားမှု ရက်သတ္တပတ် (Global Entrepreneurship Week) GEW အစီအစဉ်များကို အများပြည်သူများ အခမဲ့ဝင်ရောက်လေ့လာနိုင်ရန်အတွက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ GEW ကို မြန်မာနိုင်ငံရှိ စွန့်ဦးတီထွင်လုပ်ငန်းရှင်များနှင့်နိုဝင်ဘာ ၁၅ မှ ၂၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

GEW သည် မြန်မာနိုင်ငံ အပါအဝင် နိုင်ငံပေါင်း ၁၃၅ နိုင်ငံတွင် နှစ်စဉ် နိုဝင်ဘာလရောက်တိုင်း ပြုလုပ်လေ့ရှိသော လှုပ်ရှားမှုဖြစ်ပြီး မြန်မာပြည်၌ကျင်းပသည်မှာ ယခုနှစ်တွင် သုံးနှစ်မြောက်ရှိပြီဖြစ်ပါသည်။

ယခင်နှစ်များက ရန်ကုန်မြို့၌သာကျင်းပခဲ့ပြီး ယခုနှစ်မှစ၍ မန္တလေးနှင့်တောင်ကြီးမြို့များ၌ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ GEWကျင်းပသည့်ရက်များအတွင်း ဆွေးနွေးပွဲများ ပြုလုပ်သွားမည်ဖြစ်ကာ ယခုနှစ်တွင် Let's get start, Myanmar ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်သည်။ ထိုဆွေးနွေးပွဲများတွင် လက်ရှိနှင့်အနာဂတ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအတွက် လုပ်ငန်းစတင်ရာတွင် အသုံးဝင်မည့် အကြောင်းအရာနှင့် ဗဟုသုတများကိုဆွေးနွေးသွားမည်ဖြစ်သည်ဟု သိရသည်။

"အရင်နှစ်တွေ ကျင်းပစဉ်က လူ ၅၀၀ ကျော်တက်ရောက်ခဲ့ကြပါတယ်။ မြန်မာနိုင်ငံက ပြုပြင်ပြောင်းလဲမှုတွေ၊ တိုးတက်မှု အလားအလာတွေရှိနေတယ်လို့ ကမ္ဘာ့ဘဏ်ရဲ့ထုတ်ပြန်ချက်မှာဖော်ပြထားပါတယ်။ ဒေသတွင်းစီးပွားရေးလုပ်ငန်းရှင်တွေကို အောင်မြင်မှုတွေရရှိစေဖို့ ဆောင်ရွက်ပေးခြင်းဖြင့် သူတို့ကိုစီးပွားရေးအခွင့်အလမ်းသစ်တွေနဲ့ မိတ်ဆက်ပေးပြီး ဈေးကွက်များ တည်ထောင်ပေးပြီး အလုပ်အကိုင်အခွင့်အလမ်းတွေရရှိစေဖို့ရည်ရွယ်ပါတယ်"ဟု GEW မှ project hub ဖြစ်သည့် Allison Morris က ပြောကြားသည်။

အဆိုပါဆွေးနွေးပွဲနှင့် တွေ့ဆုံပွဲများဖြစ်မြောက်ရေးအတွက် USAID ESIFH GIZ အဖွဲ့အစည်းတို့က ပံ့ပိုးကူညီခြင်းဖြစ်ကြောင်း သိရသည်။ ပြုလုပ်မည့် အစီအစဉ်များနှင့်ပတ်သက်၍ စိတ်ပါဝင်စားသည့်စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အွန်လိုင်းတွင် http://mm.gew.co/နှင့် facebook.com/GEWMM. Twitter# gewmm14 ၌ ဝင်ရောက်လေ့လာနိုင်ကြောင်းသိရသည်။

**မြတ်စန္ဒီသင်းဇော်**

# ရွှေတောင်မြို့နယ်တွင် သစ်ပင်ခုတ်လှဲရာမှ သစ်ပင်ပိ၍ လူတစ်ဦးသေ

**ရွှေတောင် နိုဝင်ဘာ ၇**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် ဒုရင်ဒုဘိုအုပ်စု ညောင်ပင်သာကျေးရွာတွင် နိုဝင်ဘာ ၄ ရက် နံနက် ၁၁ နာရီ မိနစ်၄၀ က သစ်ပင်ခုတ်လှဲရာမှတစ်ဆင့် (၆၅ နှစ်)အရွယ် အမျိုးသမီးတစ်ဦး သစ်ပင်ပိ၍ ဒဏ်ရာရရှိသေဆုံးမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ညောင်ပင်သာကျေးရွာနေ ကိုအောင်သန်းဇော်သည် နေအိမ်ဆောက်လုပ်ရန်အတွက် ၎င်းပိုင်ခြံထဲရှိ ကုက္ကိုပင်အား ရွှေတောင်မြို့ ကြာနီကန်ရပ်ကွက် တည်ကုန်းလမ်းနေ မျိုးကျော်ဦး၊ မင်းခန့်(ခ) ငွတိုတို့နှင့်အတူ ချိန်းဆောစက်ဖြင့် ဖြတ်တောက်ရာမှ ဘေးအိမ်မီးဖိုချောင်ပေါ်သို့ သစ်ပင်ပြိုလဲပြီး အဆိုပါဘေးအိမ်တံစက်မြိတ်အောက်တွင် ရပ်နေသည့် ယင်းအိမ်ပိုင်ရှင် ဒေါ်အေးသိန်း (၆၅ နှစ်)အပေါ် သစ်ပင်ပိကျ၍ ဒဏ်ရာများရရှိကာ သေဆုံးကြောင်း သိရသည်။

အဆိုပါသေဆုံးမှုနှင့်ပတ်သက်၍ ရွှေတောင်မြို့မရဲစခန်းက အမှုဖွင့် စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

ပြည်သူ့အကျိုး ဖော်ဆောင်ဖို့ အခွန်မှန်စွာ ပေးဆောင်စို့

ပြည်တွင်းသတင်း

# ကြိုတင်ပြင်ဆင်မှုများနှင့် ဟိုတယ်ဝန်ဆောင်မှုများ

တွေ့ဆုံမေးမြန်း-ဟန်နီဝင်း(သတင်းစဉ်)
တင်မောင်လွင်(မြန်မာ့အလင်း)
သတင်းဓာတ်ပုံ-ဦးကျော်ဇေယျ၊ ဦးကိုကိုလေး



ဥတ္တရသီရိမြို့နယ် နေပြည်တော် ဟိုတယ်ဇုန်(၂) ရှိ ဥတ္တရသီရိဟိုတယ်။
ဓာတ်ပုံ-တင်မောင်လွင်(မြန်မာ့အလင်း)

**နေပြည်တော် နိုဝင်ဘာ ၇**

(၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများကို ပြည်သူများအား သိရှိနိုင်ရန် အစည်းအဝေး လာရောက်ကြမည့် အရေးကြီးပုဂ္ဂိုလ်များနှင့် ကိုယ်စားလှယ်များတည်းခိုနေထိုင်မည့် ဟိုတယ်များ၏ ဝန်ဆောင်မှုအပိုင်းများနှင့်ပတ်သက်၍ သွားရောက်မေးမြန်းခဲ့ပါသည်။

**ဦးဖြိုးဝေနိုင်(မန်နေဂျာ)**
**Hotel Royal ACE**



ကျွန်တော်တို့ဆီမှာ အာဆီယံအတွင်းရေးမှူးချုပ်နဲ့ တရုတ်ဝန်ကြီးချုပ်တို့တည်းခိုမှာပါ။ ကျွန်တော်တို့ဟိုတယ်အနေနဲ့ သူတို့ရဲ့လုံခြုံရေးကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ရော ဟိုတယ်လုံခြုံရေးပါ ၂၄ နာရီ ဆောင်ရွက်သွားမှာပါ။ အစားအသောက်အပိုင်းမှာလည်း သူတို့မစားတာကိုရှောင်ပြီး လုပ်ဆောင်ပေးတာမျိုး ပြီးတော့ သန့်ရှင်းရေးကအစ ပြီးပြည့်စုံစေဖို့ ၂၄ နာရီ ဝန်ဆောင်မှုပေးသွားမှာပါ။ အစားအသောက်မီနူးနဲ့ ပတ်သက်ပြီး ဝန်ကြီးဌာနက စီစဉ်ပေးတာတွေကို လုပ်ဆောင်ထားပါတယ်။ သူတို့ဘက်ကနေတော့ မီနူးတွေနဲ့ ပတ်သက်ပြီး ခုထိတော့ ဘာမှမပြောသေးဘူး။ ကျန်းမာရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနက Medical cover အနေနဲ့ ဆရာဝန်တွေ၊ သူနာပြုတွေ စီစဉ်ပေးထားပါတယ်။ လူနာတင်ယာဉ်တွေနှင့် ဆေးခန်းတွေကအစ ဒီမှာ စီစဉ်ပေးထားပါတယ်။ ရောက်လာတဲ့ Delegate တွေကို ကျွန်တော်တို့ ဟိုတယ်အနေနဲ့ အကောင်းဆုံးဝန်ဆောင်မှု ပေးသွားပါမယ်။

**ဒေါ်နှင်းဖြူဖြူ**
**(Supervisor) ရွှေစံအိမ်ဟိုတယ်**

ကျွန်မတို့ဟိုတယ်မှာ ရုရှားနိုင်ငံက Delegate တွေ လာရောက်တည်းခိုမှာပါ။ ကျွန်မတို့ ဟိုတယ်မှာ အကောင်းဆုံး ဝန်ဆောင်မှု ဖြစ်စေဖို့ အခန်းဝန်ဆောင်မှုနဲ့ဆိုင်တာ၊ အစားအသောက်ဝန်ဆောင်မှုနဲ့ ဆိုင်တာစသဖြင့် အပိုင်းတွေခွဲပြီးဆောင်ရွက်ကြတယ်။ ကျွန်မတို့ ဟိုတယ်က သူတို့နဲ့ညှိနှိုင်းဆောင်ရွက်ပြီး ဝန်ဆောင်မှုပေးပါတယ်။ ဟိုတယ်အပိုင်းနဲ့ဆိုင်တာအားလုံးကို ဝန်ဆောင်မှု အကောင်းဆုံးပေးသွားမှာပါ။

အစားအသောက်အပိုင်းတွေနဲ့ ပတ်သက်ပြီးတော့ သူတို့မှာ staff တွေ ပါလာပါမယ်။ ချက်ဖို့ အသားငါးတွေလည်း သူတို့မှာ ပါလာတယ်။ Waitress တွေ ၊ Waiter တွေ၊ Chef တွေလည်းပါတယ်။ ကျွန်မတို့ဘက်က စီစဉ်ပေးထားတဲ့မီနူးအပိုင်းကိုတော့ စာရင်းထုတ်ပေးထားပါတယ်။ သန့်ရှင်းရေးအပိုင်းမှာလည်း ခြင်၊ ယင်မရှိစေဖို့ အမြဲတမ်းဆေးဖျန်းတယ်။ ဟိုတယ်ဝန်ထမ်းတွေရဲ့ကျန်းမာရေးအတွက်လည်း ဆေးစစ်ဆေးမှုတွေ လုပ်ထားပြီးသားပါ။ အခုလောလောဆယ်မှာ သူတို့ဘက်က အခန်း ၅၀ ဘွတ်ကင်တင်ထားပါတယ်။ ကျန်းမာရေးအတွက်ဆေးခန်းသုံးခန်းဆောင်ရွက်ထားပါတယ်။ အင်တာနက်ဝန်ဆောင်မှုကအစ ကောင်းမွန်အောင် အစစ စီစဉ်ပေးထားပါတယ်။




မြန်မာ့အလင်းကလည်း ဥတ္တရသီရိမြို့နယ် နေပြည်တော် ဟိုတယ်ဇုန်(၂) ရှိ ဥတ္တရသီရိဟိုတယ်မှ လက်ထောက်အထွေထွေမန်နေဂျာ ဦးထူးခင်ကို မေးမြန်းရာ "အခုကျင်းပမယ့် အာဆီယံထိပ်သီးအစည်းအဝေးက ကျွန်တော်တို့နိုင်ငံအတွက် အလွန်အရေးကြီးတဲ့အစည်းဝေးကြီး ဖြစ်ပါတယ်။ အစည်းအဝေးတက်ရောက်လာတဲ့ နိုင်ငံခြားသားဧည့်သည်တွေ အဆင်ပြေစွာ တည်းခိုဖို့အတွက် ဟိုတယ်ဇုန် (၁) နဲ့ ဟိုတယ်ဇုန် (၂) ရှိတဲ့ ဘွတ်ကင်လုပ်ထားတဲ့ ဟိုတယ်တွေအားလုံးက နိုင်ငံခြားသားဧည့်သည်တွေရဲ့ နေရေး၊ ထိုင်ရေး၊ စားရေးသောက်ရေးအတွက် အားလုံး ပြင်ဆင်ထားပြီးပါပြီ။ နောက်ပြီး သူတို့လုံခြုံရေးတွေအတွက်ပါ သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ကြပ်ကြပ်မတ်မတ် ဆောင်ရွက်ထားပါတယ်။ ကျွန်တော်တို့ ဟိုတယ်အနေနဲ့ အခန်းပေါင်း ၁၀၈ ခန်းရှိတယ်။ တည်းခိုမယ့်အခန်းတွေအတွက်လည်း ဘွတ်ကင်လုပ်ထားပြီးသားတွေ အပြည့်ပါပဲ။ ဧည့်သည်တွေတည်းခိုဖို့ အခန်းတွေ၊ အင်တာနက်လိုင်းတွေ၊ ရေချိုးကန်တွေအားလုံး သေချာပြင်ဆင်ထားတယ်။ နိုင်ငံခြားသားဧည့်သည်တွေ စားသောက်ဖို့အတွက်ကလည်း နိုင်ငံချင်းမတူတော့ သူတို့နိုင်ငံရဲ့ အစားအစာအလိုက် တတ်ကျွမ်းတဲ့ စားဖိုမှူးတွေ၊ဘာသာစကားကျွမ်းကျင်တဲ့ ဝန်ထမ်းတွေနဲ့ အင်အားဖြည့်ပြီး သီးသန့်စီ ပြင်ဆင်ပေးထားပါတယ်။ ဒီအာဆီယံအစည်းအဝေးကြီးက ကျွန်တော်တို့နိုင်ငံအတွက် အရေးကြီးတဲ့ အစည်းအဝေးကြီးလည်း ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့အနေနဲ့ အကျိုးအမြတ်ထက် နိုင်ငံရဲ့ ဂုဏ်သိက္ခာမြင့်ဖို့အတွက်ပဲ အဓိကထားဆောင်ရွက်ထားတာ ဖြစ်ပါတယ်" ဟု ပြောသည်။

ဟိုတယ်ဝန်ဆောင်မှုများနှင့် ပတ်သက်၍ နေပြည်တော် ဟိုတယ်ဇုန်ရှိ ဟိုတယ်များသို့ သတင်းအဖွဲ့ သွားရောက်ရာ လမ်းတစ်လျှောက်ရှိ ဟိုတယ်များတွင်လည်း **"အာဆီယံခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များကို နွေးထွေးစွာကြိုဆိုပါ၏"** ဆိုသည့် ကြိုဆိုရေး ဆိုင်းဘုတ်များနှင့် နိုင်ငံအလိုက် ကြိုဆိုရေးအလံများကို စိုက်ထူထားသည်ကို တွေ့ရှိခဲ့ရပြီး ဟိုတယ်များအနေဖြင့် ပြီးပြည့်စုံမှုရှိစေရန် ကြိုးစားဆောင်ရွက်လျက်ရှိသည်ကို တင်ပြလိုက်ရပါသည်။ ။




(၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ လာရောက်ကြမည့် နိုင်ငံ့ခေါင်းဆောင်များ၏ လုံခြုံရေးတာဝန်ထမ်းဆောင်မည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အထူးတပ်ဖွဲ့ဝင်များ၏ ကြိုတင်လေ့ကျင့်မှုကို တွေ့ရစဉ်။ ဓာတ်ပုံ (သတင်းစဉ်)





နေပြည်တော်၌ (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး ကျင်းပမည်ဖြစ်ရာ လုံခြုံရေးစစ်ဆေးဆောင်ရွက်နေမှု (ဝဲပုံ)နှင့် တပ်ဖွဲ့ဝင်များ လုံခြုံရေးတာဝန် ထမ်းဆောင်နေမှု (ယာပုံ)ကို တွေ့ရစဉ်။
(ဓာတ်ပုံ-သတင်းစဉ်)

❖ *ကျော့ဖုံးမှ*

တိုက်သို့ ပို့ဆောင်ရာတွင်လည်း တွန်းလှည်းများ လုံခြုံမှုမရှိခြင်းတို့ကြောင့် အမြင်သင့်လျော်မှုမရှိသလို ကျန်းမာရေး ရှုထောင့်မှကြည့်လျှင်လည်း မကောင်းခြင်းတို့ကြောင့် လောင်စာဆီ ကုန်ကျစရိတ်မရှိသည့် လျှပ်စစ်ကားများကို ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် အလှူရှင်များက ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်ပြည်သူ့ဆေးရုံကြီး Training Centre ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် အလှူရှင် AYA BANK၊ ငွေး Family ကုမ္ပဏီ၊ ရတနာရှင်းသန့်၊ Golden City တို့က ကျပ်သိန်း ၉၀ စီ၊ Super One ကုန်တိုက်က ငွေကျပ် သိန်း ၈၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။

အဆိုပါ လူနာတင်ကားနှစ်စီးနှင့် Dead Body ကားနှစ်စီးတန်ဖိုးမှာ ငွေကျပ် သိန်း ၃၅၀ ကုန်ကျခဲ့ကြောင်း သိရသည်။

"ယခင်က လူနာများ အဆောင်ကူးပြောင်းရာမှာ လက်တွန်းလှည်းဖြင့် ရွှေ့ပြောင်းခဲ့ရပါတယ်။ လူနာတင် လျှပ်စစ်ကားနှစ်စီးကိုတော့ မကျန်းမာတဲ့လူနာတွေ၊ လမ်းမလျှောက်နိုင်တဲ့လူနာတွေ သက်သောင့်သက်သာနဲ့ အဆောင်တွေကို ပို့ဆောင်ပေးမှာဖြစ်ပါတယ်။ အနော်ရထာလမ်းနဲ့ ဘုရားလမ်းမှာရှိတဲ့ အအေးတိုက်ကို ယခင်က တွန်းလှည်းနဲ့ ပို့ဆောင်ပေးရသလို အမြင်အရမသင့်လျော်ဘူး၊ Dead Body လျှပ်စစ်ကားများနဲ့ သေဆုံးသူကို သယ်ယူမှုလုံလုံခြုံခြုံနဲ့ ပို့ဆောင်ပေးမှာဖြစ်ကာ အခမဲ့အသုံးပြုသွားမှာဖြစ်ပါတယ်" ဟု ရန်ကုန်ပြည်သူ့ဆေးရုံအုပ်ကြီး ဦးလှမြင့်က ရှင်းပြသည်။

**(မြန်မာ့အလင်း)**

## တာဝန်သိရိုးသားသူ အရန်မီးသတ်တပ်ဖွဲ့ဝင်နှစ်ဦးကို ဂုဏ်ပြု

**မိုးကုတ် နိုဝင်ဘာ ၇**

မိုးကုတ်မြို့ မင်းတံတားရပ်ကွက် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်နှစ်ဦးကို တာဝန်သိဆောင်ရွက်မှုများကြောင့် KING BRIDGE ဟိုတယ်မှ ဂုဏ်ပြုသည့် ဂုဏ်ပြုပွဲကို မိုးကုတ်မြို့ ဈေးဟောင်းရပ်ရှိ အရန်မီးသတ်တပ်ရင်းရုံး၌ ကျင်းပခဲ့သည်။

မင်းတံတားရပ်ကွက် KING BRIDGE ဟိုတယ် မဟာဘုံကထိန်အောင်ပွဲအခမ်းအနားတွင် လူမှုရေးလုပ်ငန်းများကူညီဆောင်ရွက်ပေးနေစဉ် လာရောက်သည့် လူတစ်ဦး၏ဆိုင်ကယ်တစ်စီးပေါ်တွင် မေ့ကျန်ခဲ့သော သရေပိုက်ဆံအိတ်တစ်လုံးကိုတွေ့ရှိရာမှ ပိုင်ရှင်မှန်၏ လက်ဝယ်သို့ရောက်အောင် လူမှုရေးစိတ်ဓာတ်ဖြင့် ဆောင်ရွက်ပေးခဲ့သည့် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင် မောင်ဘိုဘိုနှင့် ကိုမောင်မောင်တို့နှစ်ဦးကို KING BRIDGE ဟိုတယ်မှ ဂုဏ်ပြုဆု ချီးမြှင့်ပေးခြင်းဖြစ်သည်။ **နေဝါ(မိုးကုတ်)**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

## ရော်ဘာအစေးလှီးခြင်းနှင့်အဆင့်မြင့်ထုတ်လုပ်မှုနည်းပညာသင်တန်း ရန်ကုန်တိုင်းဒေသကြီးတွင် ဖွင့်လှစ်

**နေပြည်တော် နိုဝင်ဘာ ၇**

စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီး ဌာန တိုင်းဦးစီးမှူးရုံး ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နှင့် လှည်းကူးမြို့နယ်တို့တွင် ရော်ဘာအစေးလှီးခြင်းနှင့် အဆင့်မြင့်ထုတ်လုပ်နည်း ပညာသင်တန်းကို အောက်တိုဘာ ၂၇ ရက်မှ ၃၁ ရက်အထိ ၅ ရက်ဖွင့်လှစ်ပို့ချ၍ လက်တွေ့သရုပ်ပြပွဲကို ကျင်းပခဲ့သည်။



သင်တန်းတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ အမိက ပင်မတာဝန်ကြီး သုံးရပ်အနက် ဒုတိယတာဝန်မှာ လေ့ကျင့်ပညာပေးလုပ်ငန်းဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် သင်တန်းပို့ချခြင်း၊ စံပြကွက်များသရုပ်ပြပွဲများ ပြုလုပ်၍ ဖိတ်ခေါ်ပြသခြင်းတို့ကို ဆောင်ရွက်ပေးခြင်းဖြင့် သက်ဆိုင်ရာ စက်မှုသီးနှံအလိုက် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များကို မှန်မှန်ကန်ကန်နည်းစနစ်ကျကျ အသုံးပြုသွားနိုင်မှာဖြစ်ကြောင်း၊ ရော်ဘာစိုက်ခင်းရှိရာ ကျေးရွာဒေသအရောက် သင်တန်းများ လာရောက်ဖွင့်လှစ်ပေးရခြင်းမှာ တောင်သူများ၊ ခြံရှင်များ အချိန်ကုန် ငွေကုန်သက်သာပြီး မှန်ကန်သော အစေးလှီးနည်းများကို သေသေချာချာနားလည်သွားမှာဖြစ်သည့်အပြင် ရော်ဘာစေးပိုမိုထွက်ရှိပြီး စီးပွားရေးသက်တမ်းပြည့် အစေးလှီးနိုင်မည့် သိပ္ပံနည်းကျစနစ်များကိုလည်း သိရှိသွားမည်ဖြစ်ကြောင်း၊ ရော်ဘာခြံ တစ်ခြံအောင်မြင်ရန်နှင့် ရေရှည် စီးပွားရေးတွက်ခြေကိုက်ဝင်ငွေကောင်းရန်အတွက် ရော်ဘာအစေးလှီးသမားများ၏ ကျွမ်းကျင်မှုသည် အရေးကြီးဆုံးဖြစ်ပါကြောင်း၊ ရော်ဘာအစေးများရရှိပြီး အဆင့်မြင့်ရော်ဘာများများထွက်မှသာ ခြံရှင်များ၊ တောင်သူများ ဝင်ငွေကောင်းမှာဖြစ်သလို အစေးလှီးလုပ်သားများ၏ စားဝတ်နေရေး၊ လူမှုရေး၊ ပညာရေးစသော ဘက်စုံကဏ္ဍများ ပိုမိုတိုးတက်မြင့်မားလာမှာဖြစ်ကြောင်း၊ ခိုင်မာသောဈေးကွက်ရရှိရန်နှင့် ရော်ဘာဈေးနှုန်းကျဆင်းမှု ကာကွယ်နိုင်ရန်အတွက် ရော်ဘာအရည်အသွေးကောင်းမွန်ရန် လိုအပ်ပါကြောင်း၊ အရည်အသွေး ကောင်းမှဈေးကောင်းရရှိပြီး ဝင်ငွေလည်းတိုးမြင့်လာမည်ဖြစ်ကြောင်း တိုင်းဒေသကြီးဦးစီးမှူး ဦးလှိုင်ဒင်စိုးက ပြောကြားသည်။

အဆိုပါသင်တန်းသို့ ရန်ကုန်တိုင်းဒေသကြီး မြို့နယ်များရှိ ဒေသအာဏာပိုင် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ရော်ဘာခြံလုပ်ငန်းရှင်များနှင့် သင်တန်းသား စုစုပေါင်း ၈၅ ဦးတက်ရောက်ကြောင်း သိရသည်။

**ကိုမျိုး(ရွှေပေါက်ကံ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၇-၁၁-၂၀၁၄

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ပဲရည် | တစ်ကျပ်သား | ကျပ်၆၄၅၀၀၀ |
| ရန်ကုန် | ၁၅ပဲရည် | တစ်ကျပ်သား | ကျပ်၆၀၇၁၀၀ |
| မန္တလေး | ၁၆ပဲရည် | တစ်ကျပ်သား | ကျပ်၆၄၄၂၀၀ |

**စက်သုံးဆီဈေးနှုန်း(Max/ Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၄ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၉၃၀ |
| အောက်တိန်း၉၂ | တစ်လီတာ | ကျပ် ၉၂၅ |
| အောက်တိန်း၉၅ | တစ်လီတာ | ကျပ် ၁၁၈၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၄၅ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၃၂၀၀-၃၅၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၂၇၀၀-၃၀၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၅၅၀၀-၇၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၅၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၄၅၀၀-၇၅၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၉၀၀၀-၁၇၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၀၀၀-၇၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၅၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၂၀၀၀-၁၇၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၁၁-၁၀၁၅ |
| ဥရောပ | တစ်ယူရို | ၁၂၆၅-၁၂၈၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၈၂-၇၈၆ |
| ထိုင်း | တစ်ဘတ် | ၃၀-၃၀.၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၆-၁၆.၅၇၆ |
| တရုတ် | တစ်ယွမ် | ၁၆၅-၁၇၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၀-၃၂၂ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| မိုးဆန်(ဧည့်ယာအသစ်) | တစ်အိတ် | ၁၅၅၀၀-၁၅၈၀၀ |
| မိုးဆန်သစ် (မနောသုခ) | တစ်အိတ် | ၁၄၈၀၀-၁၅၀၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၃၀၀၀၀-၃၁၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၄၀၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၄၁၅ |
| ဆိပ်ဖြူကြက်သွန်နီ | တစ်ပိဿာ | ၈၀-၃၅၀ |
| ရှမ်းကြက်သွန်ဖြူ | တစ်ပိဿာ | ၁၄၀၀-၁၉၀၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၁၆၂၅ |
| အာလူး(ရှမ်း) | တစ်ပိဿာ | ၅၂၀-၇၀၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၂၃၀၀ |
| ငရုတ်ပွ (စိမ်းစား) | တစ်ပိဿာ | ၄၀၀၀-၅၂၀၀ |
| သကြား | တစ်ပိဿာ | ၈၈၀-၉၂၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ | ခင်ဆိုင်-စေ့ငုတင်ပြသည်။

## သာမညဖလအခါတော်နေ့အထိမ်းအမှတ် မြန်မာ-ထိုင်းချစ်ကြည်ရေး၊ ထားဝယ်တန်ဆောင်တိုင်ပွဲတော်ကြီး ကျင်းပ

**ထားဝယ် နိုဝင်ဘာ ၇**

သာမညဖလ အခါတော်နေ့ကို ပူဇော်ခြင်း၊ ရှေးထားဝယ်ရိုးရာ အစဉ်အလာမပျက် ကျင်းပလာသော ထားဝယ် တန်ဆောင်တိုင်နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ပိုမိုထင်ရှားလာစေခြင်း၊ သံဃာတော်အရှင်သူမြတ်တို့အား တစ်နေရာတည်း၊တစ်ပေါင်းတည်း၊ တစ်ခုတည်း ဖူးမြော်ကြည်ညို လှူဒါန်းခွင့်ရရှိစေနိုင်ခြင်း၊ဗုဒ္ဓဘာသာဝင်များ နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုပိုမိုရရှိစေနိုင်ခြင်း၊ ဗုဒ္ဓဘာသာဝင်များ၏ ဓလေ့ရိုးရာများကို ကမ္ဘာအနှံ့ပြန့်ပွားသိရှိစေနိုင်ရန်ရည်ရွယ်၍ သာမညဖလ အခါတော်နေ့ အထိမ်းအမှတ် မြန်မာ-ထိုင်းချစ်ကြည်ရေး၊ထားဝယ် တိုင်ဆောင်တိုင်ပွဲတော်ကြီးကို နိုဝင်ဘာ ၆ ရက် နံနက် ၇ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ထူးခြားခမ်းနားစွာကျင်းပသည်။

ထို့နောက် ထိုင်းနိုင်ငံအပါအဝင် နိုင်ငံတကာမှသံဃာအပါး ၁၀၀ နှင့် မြန်မာနိုင်ငံအတွင်းရှိ သံဃာအပါး ၂၉၀၀ စုစုပေါင်းသံဃာအပါး ၃၀၀၀ သည် နိုဝင်ဘာ ၆ ရက် နံနက် ၇ နာရီက ထားဝယ်မြို့ ရှမ္မလည်ဆွဲရပ် လမ်းဆုံမှအစပြု၍ အာဇာနည်လမ်းမ တစ်လျှောက်ကြွချီရာ ထားဝယ်ဒေသခံပြည်သူများ နှင့် မြို့နယ်များမှ ပြည်သူများက သံဃာတော်များအား ဆွမ်းခြောက် လောင်းလှူကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံအတွင်းရှိ သံဃာတော်အပါး ၁၀၀၀ သည် ဘုရားကြီးဝင်းအတွင်း၌ စုရပ်၍ မဟာသာမညဖလသုတ်ကို ရွတ်ဆိုပူဇော်၍ ဘုရားကြီးအရှေ့မုခ်ဦးမှ တစ်ဆင့် အုန်းတောလမ်းဆုံ၊ ရွှေတောင်စားလမ်းအတိုင်း ကရပ်ပြင်လမ်းဆုံ၊ ကရပ်ပြင်လမ်းဆုံမှ တစ်ဆင့် အာဇာနည်လမ်းအတိုင်း လမ်းဆုံကြီး၊ ဗိုလ်ချုပ်လမ်းအတိုင်း မြိတ်တန်းလမ်းဆုံ၊ မြိတ်တန်းလမ်းဆုံမှ တစ်ဆင့် နိဗ္ဗာန်လမ်းအတိုင်း၊ ဥတ္တံတားကြီးလမ်းဆုံ၊ ၎င်းမှတစ်ဆင့် ရေးလမ်းအတိုင်း မီးသတ်လမ်းဆုံ၊ မီးသတ်လမ်းဆုံမှတစ်ဆင့် ရွှေဝယ်သီရိရင်ပြင်အထိ စီတန်းလမ်းလျှောက်ကြည်ညိုခံရာ ထားဝယ်ဒေသခံပြည်သူများနှင့် မြို့နယ်များမှပြည်သူများက သံဃာတော်များအား ပန်းခင်းလမ်းဖြင့် ဖူးမြော်ကြည်ညိုသည်။



ထို့နောက် ညနေ ၇ နာရီတွင် ရွှေဝယ်သီရိရင်ပြင်၌ သံဃာတော်အရှင်သူမြတ်များထံမှ တက်ရောက်လာသူများက သြဝါဒခံယူပြီး ဘာဝနာပွားများ တရားအားထုတ်ကြသည်။ ဆက်လက်၍ ရွှေဝယ်သီရိ ရင်ပြင်အတွင်း၌ ဆီမီး ၁၅၀၀၀၊ မီးပုံးပျံ အလုံး၅၀၀၀ လွှတ်တင်ပူဇော်၍ သာမညဖလအခါတော်နေ့ အထိမ်းအမှတ်ဖြင့် ဗုဒ္ဓမြတ်စွာဘုရားအား ပူဇော်သည်။

သာမညဖလ အခါတော်နေ့ အထိမ်းအမှတ်မြန်မာ-ထိုင်းချစ်ကြည်ရေး၊ထားဝယ် တိုင်ဆောင်တိုင်ပွဲတော်ကြီးထားဝယ်မြို့တွင် ပထမဦးဆုံးအကြိမ်ဖြင့် စည်းကားသိုက်မြိုက်စွာကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

## မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ညောင်လေးပင်မြို့၌ ကွင်းဆင်းဆွေးနွေး

**ညောင်လေးပင် နိုဝင်ဘာ ၇**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင် ကျေးရွာစီမံကိန်း အကောင် အထည်ဖော်ဆောင်နိုင်ရန်အတွက် ပထမအဆင့်အနေဖြင့် မြစိမ်းရောင်စီမံကိန်းဆိုင်ရာ ဆွေးနွေးပွဲကို နိုဝင်ဘာ ၃ ရက်က ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် သံတံတားကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းလွင်က အမှာစကားပြောကြားရာတွင် မိမိဝန်ကြီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းကိုချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းတွင် ရည်ရွယ်ချက်လေးချက်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ ရည်ရွယ်ချက်လေးချက်တွင် အဓိကအနေဖြင့် အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန် ပါဝင်ကြောင်း ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ညောင်လေးပင်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာ အောင်သန်းထွဋ်က မြစိမ်းရောင် ကျေးရွာစီမံကိန်းနှင့် ပတ်သက်၍ လျာထားသော ကျေးရွာများအား မြစိမ်းရောင်စီမံကိန်းနှင့် ပတ်သက်သည့် ရည်ရွယ်ချက်များ၊ လုပ်ဆောင်ရမည့် နည်းလမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် သံတံတားကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ကျေးရွာ အထောက်အကူပြု ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများက အပြန်အလှန် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

ဦးတင့်လွင် (NGS 90) သည် ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ၊ မြို့တော်ဂေါက်ကွင်း ငွေသော်တာကွင်း၌ ၁၈-၁၀-၂၀၁၄ ရက် ၁၅း၃၀ နာရီအချိန် ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် (၁၂)၌ (၁၅၀)ကိုက်အကွာမှ Bridge Stone No.2 ဘောလုံးကို Sword Izu Max Sinper No.6 တုတ်ဖြင့်ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားပါသည်။

ထိုအချိန်၌ ကစားဖော်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီး ကျော်သန်း(ငြိမ်း)၊ ဦးသံမိုး၊ ဦးမွန်နား (ခ) ပါဝမ်ကူးမားရ်၊ Mr. Francis တို့အတူ ကစားလျက်ရှိပါကြောင်း။



# နေပြည်တော်ကောင်စီရှစ်မြို့နယ်ဖလား ပထမဒိုင်းဆု ပျဉ်းမနားအသင်းဆွတ်ခူး

**နေပြည်တော် နိုဝင်ဘာ ၇**

နေပြည်တော်ကောင်စီနယ်မြေ ရှစ်မြို့နယ် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိလေ့ကျင့်ရေးကွင်း အမှတ်(၃)၌ နိုဝင်ဘာ ၆ ရက် ညနေ ၃ နာရီခွဲက ယှဉ်ပြိုင်ခဲ့ရာ ပျဉ်းမနားမြို့နယ် အသင်းက တပ်ကုန်းမြို့နယ် အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ပထမဒိုင်းဆု ဆွတ်ခူးရရှိသွားကြောင်း သိရသည်။

ပြိုင်ပွဲတွင် ပျဉ်းမနားမြို့နယ် အသင်း ကျောနံပါတ် (၁၀) ဝင်းထက်က ပထမပိုင်းတွင် ဦးဆောင်အဖွင့်ဂိုးရယူပြီး ဒုတိယပိုင်းတွင် ပျဉ်းမနားမြို့နယ်အသင်းမှ နှစ်ဂိုးထပ်မံသွင်းယူသည်။ ယင်းနောက် တပ်ကုန်းမြို့နယ် အသင်းက တစ်ဂိုး ပြန်လည်သွင်းယူခဲ့ရာ သုံးဂိုး-တစ်ဂိုးဖြင့် ပျဉ်းမနားမြို့နယ်အသင်းက ပထမဆုဖလား ဆွတ်ခူးရရှိသွားသည်။ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဖလားဘောလုံး ပြိုင်ပွဲတွင် ပထမဆုငွေကျပ်ငါးသိန်းနှင့် ဒုတိယဆုငွေကျပ်သုံးသိန်းချီးမြှင့်ကြောင်း သိရသည်။**(အပေါ်ပုံ)**

အဆိုပါ ပြိုင်ပွဲသို့ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေ၊ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**မျိုးဇေယျာ(ပျဉ်းမနား)**



# ကားမှန်ခွဲ၍ ပစ္စည်းခိုးယူမှုများကို ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က ဖော်ထုတ်ဖမ်းဆီးရမိ

**ရန်ကုန် နိုဝင်ဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ အနေဖြင့် နယ်မြေအတွင်း၌ ဖြစ်ပွားခဲ့သည့် ကားမှန်ခွဲပြီး ပစ္စည်းခိုးယူခံရမှုများနှင့်ပတ်သက်၍ ဖော်ထုတ်နိုင်ရေးအတွက် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားချက်အရ တိုင်း/ခရိုင်/ မြို့နယ်ရဲတပ်ဖွဲ့များမှ အစီအမံများချမှတ်ပြီး ဆောင်ရွက်ခဲ့ရာ ကားမှန်ခွဲ၍ ပစ္စည်းခိုးယူမှုလေးမှုကို ဖော်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့၊ အနောက်ပိုင်းခရိုင်မှုခင်းနှိမ်နင်းရေး ဌာနစုမှ တပ်ဖွဲ့ဝင်များသည် ယင်းကဲ့သို့ ခိုးမှုများ ဖော်ထုတ်နိုင်ရေး အတွက် လှိုင်သာယာမြို့နယ်အတွင်း သတင်းစုံစမ်းခြင်းများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၇ ရက် ည ၈ နာရီခန့်က လှိုင်သာယာမြို့နယ် (၁၅) ရပ်ကွက် ခရေပင်လမ်းမပေါ်၌ ယခင်ပြစ်ချက်ဟောင်းရှိပြီး ပြစ်မှုကျူးလွန်ထားကြောင်း မသင်္ကာသူချစ်ကိုအား တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် စစ်ဆေးခဲ့ရာ ၎င်းနှင့် ငထွန်း(ခ)ထွန်းထွန်းဝင်းတို့သည် အောက်တိုဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီခန့်တွင် ကမာရွတ်မြို့နယ်(၈) ရပ်ကွက် ပြည်ရိပ်မွန်လမ်း၌ နေအိမ်ရှေ့တွင် ရပ်ထားသော မော်တော်ယာဉ်တစ်စီး၏ နောက်တံခါးရှိ တြိဂံမှန်ကို ထွန်းထွန်းဝင်းက ဝက်အူလှည့်ဖြင့် ထိုးခွဲပြီး တံခါးလော့ဖွင့်ကာ ကားရှေ့ခန်း ထိုင်ခုံကြားတွင်ထားသော လက်ဆွဲအိတ်ကို ခိုးယူခဲ့ကြကြောင်း၊ ထိုသို့ခိုးယူစဉ် ၎င်းက ပတ်ဝန်းကျင်ကို စောင့်ကြည့်ပေးခဲ့ကြောင်း၊ ခိုးယူလာသည့်အိတ်ကို ထွန်းထွန်းဝင်းက ဖွင့်ကြည့်ပြီး ၎င်းကို မြန်မာငွေကျပ် ၅၀၀၀ တန် သုံးရွက်နှင့် SAMSUMGGLAXY လက်ကိုင်ဖုန်း တစ်လုံးကိုသာ ဝေစုအဖြစ်ပေးခဲ့ကြောင်း ပေါ်ပေါက်ခဲ့သည်။

ထို့အပြင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ အကူတပ်ဖွဲ့ခွဲ၊ အုပ်ချုပ်မှုတပ်ခွဲ၊ မှုခင်း အကူဌာနစုမှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၃၀ ရက်က လှိုင်သာ ယာမြို့နယ်၊ ရေဥက္ကံကျေးရွာ၌ ရဲဘက်ပြေးတစ်ဦး ရောက်ရှိနေ ကြောင်း သတင်းအရ သွားရောက် ရှာဖွေဖမ်းဆီးခဲ့ရာ လှိုင်သာယာ-ညောင်တုန်းကားလမ်းမ ပေါ်တွင် ဖမ်းဆီးရမိခဲ့ပြီး ၎င်းမှာ ငထွန်း(ခ) ထွန်းထွန်းဝင်းဖြစ်ကာ ရဲဘက်မှထွက်ပြေး လာသူဖြစ်ကြောင်း အတည်ပြုရရှိ သည့်အပြင် အမှုကို ချစ်ကိုနှင့်အတူ ကျူးလွန်ခဲ့သူဖြစ်ကြောင်း ပေါ်ပေါက်ခဲ့သည်။

ဖမ်းဆီးရမိသူ ငထွန်း(ခ) ထွန်းထွန်းဝင်းအား အခြားခိုးမှုများ ကျူးလွန်ထားခြင်းရှိ မရှိ ဆက်လက်စစ်ဆေးရာ ၎င်းနှင့်ချစ်ကိုတို့နှစ်ဦးသည် အောက်တိုဘာ ၉ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်က ဗဟန်းမြို့နယ်၊ အေးရိပ်သာ (၂) လမ်းထိပ်၌ရပ်ထားသော မော်တော်ယာဉ်တစ်စီး၏ ယာဘက်နောက်တံခါးမှန်ကို ဝက်အူလှည့်ဖြင့် ထိုးခွဲပြီး DELL တံဆိပ် လက်တော့ ကွန်ပျူတာတစ်လုံး၊ ဆက်စပ်ပစ္စည်းများနှင့် အိတ်တစ်လုံးတို့ကို ခိုးယူခဲ့ကြောင်း ပေါ်ပေါက်ခဲ့သည်။ ယင်းနောက် ၎င်းကို အသေးစိတ်ဆက်လက်စစ်ဆေးခဲ့ရာ ငထွန်း(ခ)ထွန်းထွန်းဝင်းသည် ချစ်ကို၊ သန်းဝင်း(စုံစမ်းဆဲ) တို့နှင့်အတူ အောက်တိုဘာလ အတွင်းကပင် ဗဟန်း မြို့နယ် သံလွင်လမ်းအတွင်း ရပ်ထားသော ယာဉ်တစ်စီး၏ နောက်ဘက်တံခါးမှန်ကို ဝက်အူလှည့်ဖြင့် ထိုးခွဲပြီး အတွင်းမှလက်ကိုင်ဖုန်း သုံးလုံးအားလည်းကောင်း၊ ကမ္ဘာအေးဘုရားလမ်း ဘဏ်အနီးတွင် ရပ်ထားသော ယာဉ်တစ်စီး၏ နောက်ဘက်တံခါးပေါက်ရှိ တြိဂံမှန်ကို ခွဲပြီး အတွင်းမှ ငွေကျပ် ၁၅ သိန်းကိုလည်းကောင်း၊ ခိုးယူခဲ့ကြောင်း ပေါ်ပေါက်ခဲ့သဖြင့် ယင်းသို့ပေါ်ပေါက်ချက်များအရ အမှုများမှပါဆိုး ပစ္စည်းအချို့နှင့် ခိုးယူရရှိသည့် ငွေတို့ဖြင့် ဝယ်ယူထားသောပစ္စည်းများအား ပြန်လည်သိမ်းဆည်းနိုင်ခဲ့သည်။

ပြစ်မှုကျူးလွန်သူများဖြစ်သည့် လှိုင်သာယာမြို့နယ်နေ ချစ်ကို (၂၇နှစ်)နှင့် ငထွန်း (ခ) ထွန်းထွန်းဝင်း (၂၉ နှစ်) တို့နှစ်ဦးကို ထပ်မံအမှုရေးဖွင့်ကာ ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်လှမောင်**



# ရှင်ဥပဂုတ္တမထေရ်မြတ်ဒုဋ္ဌဝတီမြစ်အတွင်း ရေမျှောပူဇော်ပွဲ သီပေါ၌ကျင်းပ

**သီပေါ နိုဝင်ဘာ ၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် တိန်းချေတိန်းစံကျေးရွာအုပ်စု ကွန်ကျောင်းကျေးရွာ ဒုဋ္ဌဝတီမြစ်ကမ်းနဖူး၌ ဗုဒ္ဓဘာသာဒေသခံတိုင်းရင်းသားများ၏ ထုံးတမ်းစဉ်လာအရ ရိုးရာယဉ်ကျေးမှုမပျက်နှစ်စဉ်ကျင်းပမြဲဖြစ်သော ရှင်ဥပဂုတ္တမထေရ်မြတ်ရုပ်ပွားတော်ရေမျှောပူဇော်ပွဲကို တန်ဆောင်မုန်းလပြည့်နေ့ နိုဝင်ဘာ ၆ ရက်ကကျင်းပရာ နောင်အိန်၊ နောက်ကတ်၊ စံဖိတ်၊ မန်ဟဲ၊ လွယ်ကျိုင်းကျေးရွာများမှ ဗုဒ္ဓနွယ်ဝင်တိုင်းရင်းသားပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုကြသည်။

ရှေးဦးစွာရှင်ဥပဂုတ္တမထေရ်မြတ်၏ ကွန်ကျောင်းကျေးရွာယာယီစံကျောင်းမဏ္ဍပ်၌ မဟာဒေဝီရွှေကျောင်းတိုက် ပဓာနနာယကဆရာတော်ထံမှ အနုမောဒနာတရားတော်နှင့်ကိုးပါးသီလခံယူဆောက်တည်ကြပြီး ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများနှင့် အလှူရှင်များက လှူဖွယ်ဝတ္ထုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် ရှင်ဥပဂုတ္တမထေရ်မြတ်ရုပ်ပွားတော်ကို ဝေါယာဉ်ဖြင့် ပင့်ဆောင်ကြပြီး ဒုဋ္ဌဝတီမြစ်အတွင်း ရေမျှောပူဇော်ပွဲကျင်းပကြသည်။

**စိုင်း(သီပေါ)**



# အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှစ်ပတ်လည်နေ့ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၇**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် နိုဝင်ဘာ ၇ ရက် နံနက် ၁၁ နာရီတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်စိုးက ဝန်ထမ်းများအား ငွေကျပ် ၅၂၆၄၀၀ တန်ဖိုးရှိ အမှတ်တရလက်ဆောင်များနှင့် ကံစမ်းမဲများဖောက်ပေးခဲ့ပြီး တက်ရောက်လာသည့်ဝန်ထမ်းများအား မုန့်ဟင်းခါးဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

**ရွှေစင်အိ**













နိုင်ငံတကာအားကစားနှင့်ကြော်ငြာ

## ဥရောပ ပြည်တွင်းလိဂ် ပွဲစဉ်များ (သီဟ)

| | | | |
|---|---|---|---|
| **အင်္ဂလန် ပရီမီယာလိဂ် ပွဲစဉ်(၁၁)** | | | **နိုဝင်ဘာ ၈** |
| လီဗာပူးလ် | - | ချယ်လ်ဆီး | ည ၇း၁၅ |
| ဘန်လေ | - | ဟားလ်စီးတီး | ည ၉း၃၀ |
| မန်ယူ | - | ပဲလေ့စ် | ည ၉း၃၀ |
| ဆောက်သမ်တန် | - | လက်စတာ | ည ၉း၃၀ |
| ဝက်စ်ဟမ်း | - | အက်စ်တွန်ဗီလာ | ည ၉း၃၀ |
| ကျူပီအာ | - | မန်စီးတီး | ည ၁၂း၀၀ |
| **ပြင်သစ်လီဂူး ပွဲစဉ်(၁၃)** | | | **နိုဝင်ဘာ ၈/၉** |
| လန်းစ် | - | ဘော်ဒိုး | ည ၁၀း၃၀ |
| ဘတ်စ်တီယာ | - | မောင့်ပယ်လီယာ | နံနက် ၁း၃၀ |
| ကိန်း | - | နန့်တက်စ် | နံနက် ၁း၃၀ |
| အီဗီယန် | - | နိုက်စ် | နံနက် ၁း၃၀ |
| တူးလော့စ် | - | မတ်ဇ် | နံနက် ၁း၃၀ |
| **ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၁၁)** | | | **နိုဝင်ဘာ ၈** |
| လေဗာကူဆင် | - | မိန့်ဇ် | ည ၉း၀၀ |
| အော့စ်ဘတ် | - | ပါဒါဘွန်း | ည ၉း၀၀ |
| ဟော်ဖန်ဟိမ်း | - | ကိုလုံး | ည ၉း၀၀ |
| ဖရန့်ဖတ် | - | ဘိုင်ယန်မြူးနစ် | ည ၉း၀၀ |
| ဖရိုင်းဘတ် | - | ရှော်လ်ကေး | ည ၉း၀၀ |
| ဝါဒါဘရီမင် | - | စတုဂတ် | ည ၁၂း၀၀ |
| **အီတလီစီးရီးအေ ပွဲစဉ်(၁၁)** | | | **နိုဝင်ဘာ ၈/၉** |
| ဆက်ဆူအိုလို | - | အတ္တလန်တာ | ည ၁၁း၃၀ |
| ဆမ်ဒိုးရီးယား | - | အေစီမီလန် | နံနက် ၂း၁၅ |
| **စပိန်လာလီဂါ ပွဲစဉ်(၁၁)** | | | **နိုဝင်ဘာ ၈/၉** |
| အယ်လ်မာရီးယား | - | ဘာစီလိုနာ | ည ၉း၃၀ |
| ဂီတာဖေး | - | အယ်လ်ချီ | ည ၁၁း၃၀ |
| ရီးရဲမက်ဒရစ် | - | ဗယ်လက်ကာနို | နံနက် ၁း၃၀ |
| ဆယ်လ်တာဗီဂို | - | ဂရန်နာဒါ | နံနက် ၁း၃၀ |
| မာလာဂါ | - | အီဘာ | နံနက် ၃း၃၀ |
| **အင်္ဂလန် ပရီမီယာရှစ် ပွဲစဉ်(၁၇)** | | | **နိုဝင်ဘာ ၈** |
| ဒါဘီကောင်တီ | - | ဝုလ်ဗာဟမ်တန် | ညနေ ၆း၄၅ |
| နော်တင်ဟမ် | - | နော့ဝှစ်ချ် | ည ၉း၃၀ |
| ဘာမင်ဂမ် | - | ကာဒစ် | ည ၉း၃၀ |
| ဖူလ်ဟမ် | - | ဟက်ဒါဖီးလ် | ည ၉း၃၀ |

# အကြိတ်အနယ်နွှဲကြမယ့် ပြင်သစ်လီဂူး-၁ ပွဲစဉ်(၁၃)

**မိုးမြင့်လင်းလက်**

ပြင်သစ်လီဂူး-၁ ပွဲစဉ်(၁၃)ကို နိုဝင်ဘာ ၈ ရက်နဲ့ ၉ ရက်တွေမှာ ဆက်လက်ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ အရှိန်ရလာပြီဖြစ်တဲ့ လီဂူး-၁ ပွဲစဉ်တွေဟာ အရှိန်အဟုန်ရလာပြီဖြစ်တာမို့ အကြိတ်အနယ်လည်းရှိလာပြီဖြစ်ပါတယ်။ အခုပွဲစဉ်တွေမှာ အမှားအယွင်းမခံဘဲ အမှတ်ရအောင်ကြိုးစားကြမှာမို့ ပွဲကောင်းတွေအဖြစ် အားပေးကြရဦးမှာဖြစ်ပါတယ်။

**ဘက်စ်တီယာနှင့် မောင့်ပယ်လီယာ**

ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံမှုရလဒ်ကိုကြည့်ရင် ဘက်စ်တီယာတို့က နှစ်ဂိုးပြတ်နဲ့အနိုင်ရထားပါတယ်။ လက်ရှိအနေအထားမှာ ခြေစွမ်းပိုင်းကွာခြားမှုသိပ်မရှိတာမို့ အပြန်အလှန်ဖိအားပေးကစားကြမှာဖြစ်ပါတယ်။ ဘက်စ်တီယာတို့ဟာ ခံစစ်ပိုင်းအားနည်းနေပြီး ပေးဂိုးများနေတာမို့ မောင့်ပယ်လီယာတို့ အလေးထားကစားရင် အမှတ်ရနိုင်တဲ့ပွဲပါ။

**လန်းစ်နှင့် ဘော်ဒိုး**

ဘော်ဒိုးရဲ့အဝေးကွင်းအားထုတ်မှုက ကျေနပ်စရာတော့ မဟုတ်ပေမယ့် အမှတ်ရအောင်တော့ စွမ်းဆောင်နိုင်ပါတယ်။ ဘော်ဒိုးဟာ အဝေးကွင်းမှာ တိုက်စစ်စွမ်းရည်ကျဆင်းနေသလို နောက်ခံလူတွေရဲ့ အမှားအယွင်းလည်းများနေပါတယ်။ လန်းစ်တို့ကလည်း အိမ်ကွင်းစွမ်းဆောင်မှု အားရစရာမရှိတာမို့ ဒီပွဲမှာ အမှတ်ခွဲယူရမယ့် ကိန်းပါပဲ။

**ရန်းနက်စ်နှင့် လော်ရီယန့်**

တစ်လှည့်စီအနိုင်ယူနေတဲ့ ဒီနှစ်သင်းရဲ့ တွေ့ဆုံမှုတွေဟာ စိတ်ဝင်စားစရာကောင်းနေပါတယ်။ လော်ရီယန့်တိုက်စစ်ပိုင်းအားနည်းသလို ခံစစ် ပိုင်းလည်းကျိုးပေါက်နေတာမို့ အခုပွဲမှာ ရန်းနက်စ်တို့ အားကုန်ထုတ်ရင် အခြေအနေကောင်းနဲ့ ကြုံတွေ့နိုင်ပါတယ်။ အိမ်ကွင်းမှာ ခြေစွမ်းပြနိုင်တဲ့ ရန်းနက်စ်ဟာ ဒီပွဲမှာ သုံးမှတ်အပြည့်ရနိုင်တဲ့ အနေအထားပါပဲ။

**ကိန်းနှင့် နန်းတက်စ်**

ခြေစွမ်းပိုင်းကောင်းမွန်နေတဲ့ နန်းတက်စ်ဟာ ကိန်းရဲ့ အိမ်ကွင်းရလဒ်ဆိုးရွားမှုအပေါ် အခွင့်အရေးယူဖို့ ကြိုးစားပါလိမ့်မယ်။ အဝေးကွင်းမှာ နိုင်ပွဲရအောင်အားထုတ်နိုင်တဲ့ နန်းတက်စ်ဟာ တိုက်စစ်စွမ်းရည်မထက်မြက်ပေမယ့် အနိုင်ဆိုတာ သူတို့အတွက် ဖြစ်တယ်ဆိုတာ သက်သေပြပါလိမ့်မယ်။

**တူးလော့နှင့် မက်ဇ်**

ဒီနှစ်မှာ အိမ်ကွင်းရလဒ်ကောင်းနေတဲ့ တူးလော့ဟာ ပြိုင်ဘက်တွေကို အခက်တွေ့အောင်ကစားနိုင်ပါတယ်။ တူးလော့ရဲ့အားနည်းချက်က ပေးဂိုးများနေတာဖြစ်ပြီး မက်ဇ်တို့က အဝေးကွင်းမှာ ဂိုးမသွင်းနိုင်ပါဘူး။ အဝေးကွင်းခြောက်ပွဲမှာ တစ်ဂိုးသာသွင်းယူထားနိုင်တဲ့ မက်ဇ်ဟာ တူးလော့ကို အနိုင်ကစားဖို့ခက်ခဲပါလိမ့်မယ်။

**အီဗီယန်နှင့် နိုက်စ်**

ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံမှုရလဒ်ကို ကြည့်ရင် အီဗီယန်တို့ နှစ်ဂိုးပြတ်နိုင်ပွဲရရှိထားပါတယ်။ အီဗီယန်တို့က အိမ်ကွင်းမှာ အမှတ်ရအောင်ကစားနိုင်ပြီး တန်းဆင်းဇုန်က ရုန်းထွက်ဖို့ကြိုးစားနေတာမို့ အခုပွဲမှာ နိုက်စ်ကိုအမှတ်ခွဲဝေပေးမှာမဟုတ်ပါဘူး။ ။

# အဲဗာတန်နှင့်စပါး ယူရိုပါလိဂ် နောက်တစ်ဆင့်တက်နိုင်

**ကောင်းမြတ်သူ**

ယူရိုပါလိဂ် အုပ်စုပြိုင်ပွဲများကို နိုဝင်ဘာ ၇ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြသည်။ အုပ်စု (H) ပြိုင်ပွဲတွင် အဲဗာတန်က လိုင်လီအသင်းကို သုံးဂိုးပြတ်ဖြင့်နိုင်ပြီး နောက်ဆုံး ၃၂ သင်း ပြိုင်ပွဲသို့ တက်ရန် သေချာသွားပြီဖြစ်သည်။ အဲဗာတန်အတွက် အဖွင့်ဂိုးကို အိုစမန်က ပွဲအပြီး ၂၇ မိနစ်အကြာ ရှစ်ကိုက်အကွာမှ သွင်းယူပေးခဲ့သည်။ ဒုတိယဂိုးကို ဂျက်ဂျီကာက ခေါင်းတိုက်ဂိုးဖြင့် သွင်းယူခဲ့သည်။ တတိယအနိုင်ဂိုးကို နေးစမစ်က လေတန်ဘိန်းစ်၏ ဖြတ်တင်ဘောမှ တစ်ဆင့်သွင်းယူခဲ့သည်။ အဲဗာတန်အသင်းသည် ယင်းပြိုင်ပွဲအပြီး ရမှတ် ရှစ်မှတ်ဖြင့် အုပ်စုကိုဦးဆောင်လျက်ရှိသည်။ အဲဗာတန်တို့အုပ်စုပွဲ နှစ်ပွဲကစားရန် ကျန်ရှိရာနိုဝင်ဘာ ၂၇ ရက်တွင် ဂျာမန်ကလပ်ဝုဖ်အသင်းနှင့် သွားရောက်ကစားရမည်ဖြစ်သည်။ ဂျာမန်တွင်အနိုင်ရရှိခဲ့ပါက အဲဗာတန်တို့ပွဲမကုန်မီ နောက်ဆုံး ၃၂ သင်းပြိုင်ပွဲသို့ တက်ရောက်နိုင်မည်ဖြစ်သည်။

အခြားသော ယူရိုပါလိဂ်ပြိုင်ပွဲအဖြစ် စပါးက ဂရိအသင်း အက်စတီယာရပ်ထရီပိုလစ်အသင်း အိမ်ကွင်းသို့ သွားရောက်ကစားခဲ့ရာ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ စပါးအတွက် အနိုင်ဂိုးကို ဟာရီကိန်းက ပွဲချိန် ၄၂ မိနစ်တွင် သွင်းယူခဲ့သည်။ ယင်းဂိုး မတိုင်မီ တောင်ဆင်က ပယ်နယ်တီမှ တစ်ဆင့် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ လွန်ခဲ့သောလကလည်း စပါးက အက်စတီယာရပ်အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့်နိုင်ခဲ့သည်။ ထိုစဉ်က တိုက်စစ်မှူးဟာရီကိန်းသည် ဟက်ထရစ်ဂိုးသွင်းယူခဲ့သည်။ ၎င်းသည် ယူရိုပါလိဂ်ရှစ်ပွဲတွင် ရှစ်ဂိုးသွင်းယူပေးထားသူဖြစ်သည်။ ဂရိအသင်း အက်စတီယာရပ်အသင်းအတွက် နှစ်သိမ့်ဂိုးကို ဘာရာလက်က ပယ်နယ်တီမှ တစ်ဆင့် သွင်းယူခဲ့သည်။ စပါးတို့ ယင်းအနိုင်ပွဲကြောင့် တူရကီကလပ်ဘီဆစ်တက်နှင့်အပြိုင် ရမှတ်ရှစ်မှတ်ရရှိကာ အုပ်စု(C)ကို ဦးဆောင်လျက်ရှိသည်။



## စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာပြီးစီးခြင်း

နေပြည်တော်နေ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီး သရေစည်သူ ဦးမြတ်ဟိန်း-ဒေါ်ထွေးထွေးညွှန့်တို့၏
သားတပည့်၊ မော်လမြိုင်မြို့နေ (ဦးမြင့်သိန်း) တရားလွှတ်တော်ရှေ့နေ-ဒေါ်အေးမြ
(တရားလွှတ်တော်ရှေ့နေ)တို့၏ သားကြီး

**မောင်ကျော်ကိုကို**
**B.Sc (Electronics), D.S.A**
**လက်ထောက်အင်ဂျင်နီယာ**
**သတင်းအချက်အလက်နှင့် နည်းပညာဌာန**
**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**
**နှင့်**

ရန်ကုန်မြို့နေ [ဦးမောင်မောင်(ခ)ဦးတင်ထွဋ်] TCK Furniture Co., Ltd. (Bangkok)
- ဒေါ်ခင်တီတီ (အောင်ဘုန်းမြတ် သက်န်းတိုက်)တို့၏သမီးငယ်

**မသဲသဲဇလပ်ဖြူမောင်**
**LL.M (University of East Yangon)**
**Director of Teak Travels and Tours**

တို့သည် ၁-၁၁-၂၀၁၄ ရက် (စနေနေ့)တွင် Sedona Hotel (Grand Ballroom)၌ နှစ်ဖက်သော ဆွေမျိုးများနှင့်ဂုဏ်သရေရှိလူကြီးမင်းများ၏ ရှေ့မှောက်တွင် မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ စုလျားရစ်ပတ်ဘိသိက်သွန်းလောင်း ထိမ်းမြားပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ကျော်ကိုကို-မသဲသဲဇလပ်ဖြူမောင်**

## မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

နေပြည်တော်နေ
ဗိုလ်ချုပ်ဇာနည်ဝင်း[ကာကွယ်ရေးဦးစီးချုပ်ရုံး-ကြည်း]-ပါမောက္ခဒေါက်တာအေးအေးထွန်း
တို့၏တစ်ဦးတည်းသောသား

**ဗိုလ်ကြီးနေလင်းထွန်း**
**B.E(Mechanical)D.S.T.A**
**တပ်မတော်(ရေ)**

နှင့်

ရန်ကုန်တိုင်းဒေသကြီးနေ
ဒေါက်တာသောင်းညွှန့်ရွှေ-ဒေါ်သန်းသန်းမူ တို့၏သမီး တူမ၊
ဦးတင်ထွတ် @Vincent Guha (Supervisor,South Land Coporation, U.S.A-Retd.)-ဒေါ်မာလာအောင်
တို့၏ တစ်ဦးတည်းသောသမီး

**မသဲမာတင်ထွတ် @Annmarie Guha**
**B.Com.Arts(Adv.)Assumption University, Thailand**
**Diplona in Tourism & Hospitality Management,**
**Nanyang Institute of Management,Singapore.**
**Managing Director,Spring Serenade Co.,Ltd.**

တို့သည် ၄-၁၁-၂၀၁၄ရက်တွင် နေပြည်တော်နေအိမ်၌ ကျင်းပပြုလုပ်ခဲ့သည့် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲ၌ လက်ထပ်ထိမ်းမြားပေးပါသော ပြည်ထောင်စု ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ အသိသက်သေများအဖြစ် လက်မှတ်ရေးထိုးပေးပါသော ဗိုလ်ချုပ်တင်အောင်ဆန်း(တပ်မတော်-ရေ)၊ ဒေါက်တာသောင်းညွှန့်ရွှေတို့အား လည်းကောင်း၊ ၇-၁၁-၂၀၁၄ရက်တွင် Sedona Hotel(Grand Ballroom)၌ ကျင်းပပြုလုပ်ခဲ့သည့် မင်္ဂလာညည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီးသူရသက်ဆွေနှင့်ဇနီး ဒေါက်တာဒေါ်ဝေမာမာထွန်း၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ထွန်းထွန်းနောင်နှင့်ဇနီး ဒေါ်ခင်ခင်မင်းတို့အား လည်းကောင်း၊ မင်္ဂလာညည့်ခံပွဲသို့ကြွရောက်ချီးမြှင့်ပေးပါသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဇနီးဒေါ်ကြူကြူလှ၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ တပ်မတော်မှအရာရှိကြီးများနှင့်ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာပွဲသို့ မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ အခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေး သီဆိုပေးပါသော တေးသံရှင်ဟေမာနေဝင်း၊ မင်္ဂလာတေးသံသာများဖြင့် တီးခတ်ဖျော်ဖြေပေးပါသော-Plus 3 Bandအဖွဲ့နှင့် ဦးကျော်ဝင်း(Mandalay FM)တို့အားလည်းကောင်း၊ မင်္ဂလာပန်းများကြဲဖြန့်ပေးပါသော မခိုင်ချိုထွန်း၊ မင်္ဂလာအောင်စံပယ်ပန်းကလပ် ကိုင်ဆောင်ပေးပါသော ဒေါက်တာခင်ခင်ယုမော်၊ မင်္ဂလာလက်ထပ်လက်စွပ် ကလပ်ကိုင်ဆောင်ပေးပါသော မနေခြည်ထူးနိုင်၊ မင်္ဂလာသတို့သားအရံနှင့် သတို့သမီးအရံအဖြစ် ကူညီဆောင်ရွက်ပေးပါသော ဗိုလ်ကြီးတင်ထွန်းလွင်နှင့် ဗိုလ်ကောင်းမျိုးထက်၊ မဝင်းအိခိုင်နှင့် ဒေါက်တာချစ်စုတင်တို့အားလည်းကောင်း၊ မင်္ဂလာလက်ဝတ်ရတနာများကို မေတ္တာဖြင့်ဆင်မြန်းပေးပါသော မနောမယလက်ဝတ်ရတနာမိသားစုနှင့် မင်္ဂလာဝတ်စုံများကို မေတ္တာဖြင့်ကူညီပေးပါသော သိင်္ဂီကျော်ပိုးထည်တိုက်၊ မင်္ဂလာဝတ်စုံများအား ဖန်တီးပေးပါသော Silk &Style Fashion House၊ မင်္ဂလာပန်းအလှပြင်ဆင်ပေးပါသော မာမီကျော် (မလေးရှား)၊ မိတ်ကပ်ဆံပင်ပြင်ဆင်ပေးပါသော ဇေဇေ(ခင်စန်းဝင်း)နှင့်အဖွဲ့၊ Pre-wedding Photoများကိုမေတ္တာဖြင့် ကူညီ ရိုက်ကူးပေးပါသော ကိုဝင်းဖြိုးရာဇတ်၊ ကိုသူတော်လွင်နှင့် 7 Picture Studioတို့အားလည်းကောင်း၊ မင်္ဂလာဓာတ်ပုံနှင့် Video မှတ်တမ်းတင်ပေးပါသော 7 Picture Studio, Sedona Hotel မှ မန်နေဂျာမလီလီနှင့် ဝန်ထမ်းများ၊ မင်္ဂလာညည့်ခံပွဲအခမ်းအနားကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သောပုဂ္ဂိုလ်များအား လှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးနေလင်းထွန်း-မသဲမာတင်ထွတ်**







**ဖောင်းကြွန်ပါတ်ပြားပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် ၆C/၄၂၂၈၏ဖောင်းကြွန်ပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွန်ပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# ရန်ကုန်တက္ကသိုလ်တွင် သီရိဆောင်အပါအဝင် အဆောင်များ အဆောင်နေကျောင်းသူ ကျောင်းသားများအတွက် ပြင်ဆင်မွမ်းမံနေ



ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်သူ

**ရန်ကုန်တက္ကသိုလ် သီရိဆောင်အပါအဝင် အဆောင်များတွင် ကျောင်းသား ကျောင်းသူများ အဆောင်နေထိုင်နိုင်ရေးအတွက် အဆိုပါအဆောင်များအား ပြုပြင်မွမ်းမံနေမှုတို့နှင့်စပ်လျဉ်း၍ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်သူအား မြန်မာ့သတင်းစဉ်သတင်းအဖွဲ့က သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။**

သတင်း - မေး/ရေး -ခင်ချိုဝင်း၊
ဓာတ်ပုံ - ဇော်မင်းလတ်

**မေး ။ ။ သီရိဆောင်နှင့် အဆောင်တွေကို ယခုနှစ် ကျောင်းဖွင့်ရာသီအမီ ဘယ်လိုစီစဉ်ဆောင်ရွက်နေသလဲဆိုတာကို ပြောပြပေးပါ။**

**ဖြေ** ။ ။ သီရိဆောင်က အရင်တုန်းက ကျောင်းသူအဆောင်ဖြစ်ခဲ့ပါတယ်။ ရန်ကုန်တက္ကသိုလ်မှာ ဘွဲ့ကြိုသင်တန်းတွေ မဖွင့်ခင်အချိန်တုန်းက အဆောင်က အလွတ်ဖြစ်နေတယ်။ ဒီအဆောင်ကို လိုအပ်ချက်နှင့်အညီ ဆီမီယိုအဆောက်အအုံအဖြစ် ပြောင်းလဲခဲ့ပါတယ်။ ယခု ဘွဲ့ကြိုသင်တန်းတွေရှိလာပြီ။ ကျောင်းသူအရေအတွက်တွေလည်း များပြားလာတဲ့အတွက် အဆောင်ထပ်မံလိုအပ်ချက်အရ အဆောင်အဖြစ် ပြန်လည်မွေးဖွားလာတာပဲဖြစ်ပါတယ်။ ယခင်တုန်းက အဆောင်မှာ နေခဲ့ဖူးတဲ့ကျောင်းသူတွေအတွက်တော့ မိမိတို့အဆောင်တွေကို အမျိုးသမီးအဆောင်အဖြစ် ပြန်လည်တွေ့မြင်ချင်တဲ့ဆန္ဒတွေပြည့်ဝသွားပါတယ်။ တက္ကသိုလ်ထဲမှာ သီရိဆောင်အပါအဝင်အဆောင်အားလုံးလိုလို ပြင်ဆင်မှုလုပ်ငန်းတွေဆောင်ရွက်နေပါတယ်။ သီရိဆောင်မှာ ဖွင့်ထားတဲ့ဆီမီယိုက ယခင်နေရာဟောင်း လိပ်ခုံးကို ပြောင်းသွားပါတယ်။ တက္ကသိုလ်အနေနှင့် ပြောမယ်ဆိုရင် လက်ရှိမာလာဆောင်မှာရှိနေတဲ့ အင်္ဂလိပ်စာဌာနက သူ့ရဲ့ နဂိုနေရာဟောင်းဖြစ်တဲ့ တောင်ငူဆောင်ကို ပြန်ပြောင်းပါတယ်။ မာလာဆောင်လည်း အမျိုးသမီးအဆောင် ပြန်လည်လုပ်ဖို့အစီအစဉ်ရှိတယ်လို့ သိရပါတယ်။

အင်္ဂလိပ်ဘာသာစကားအမျိုးသားဗဟိုဌာနက နိုင်ငံအတွက် အရေးကြီးတဲ့အရေးပါတဲ့ ဌာနတစ်ခုဖြစ်တဲ့အတွက် နောက်ထပ် ခေတ်မီအဆောက်အအုံအသစ်တစ်ခု ဆောက်လုပ်ဖို့ ဝန်ကြီးဌာနအနေနဲ့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ယခု အဆိုပြုလွှာဖိတ်ခေါ်ပြီးဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ်အတွက် လှိုင်နယ်မြေမှာ လူ ၄၀၀ ဆံ့တဲ့ ကျောင်းသားအဆောင်တစ်ခုနဲ့ ကျောင်းသူအဆောင်တစ်ခုဆောက်ဖို့ကိုလည်း စီစဉ်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဒါကတော့ တင်ဒါခေါ်ပြီးသားပါ။ နောက်ပိုင်း တက္ကသိုလ်တွေကို အဆင့်မြှင့်တင်တော့မယ်ဆိုရင် တက္ကသိုလ်အနေနှင့် မဟာဌာန(faculty)တွေနဲ့ဖွဲ့စည်းဖို့ လိုအပ်ပါမယ်။ လက်ရှိကျင့်သုံးနေတဲ့ဌာန(Department) ပုံစံတွေကို ဆက်လက်ကျင့်သုံးသွားဖို့ မသင့်လျော်တော့ပါဘူး။ ဒီနေရာမှာ အလျဉ်းသင့်လို့ faculty တွေ ဘာကြောင့်ဖွဲ့ဖို့ လိုသလဲဆိုတဲ့အကြောင်းကို ပြောချင်ပါတယ်။ ပထမအချက်က ပညာရပ်ဆိုင်ရာ ပူးပေါင်းလုပ်ဆောင်နိုင်မှုတွေကို အားဖြည့်ဖို့အတွက်ဖြစ်ပါတယ်။ ဒါကလဲ တက္ကသိုလ်တွင်းနှင့် တက္ကသိုလ်ပြင်ပ လုပ်ငန်းနှစ်ခုစလုံးနဲ့ သက်ဆိုင်ပါတယ်။ ဌာနများအနေနဲ့ သုတေသနနှင့် ပညာရေးဆိုင်ရာ လုပ်ငန်းရပ်တွေ ပူးပေါင်းလုပ်ဆောင်ဖို့ လိုပြီဆိုရင်



ငွေကြေးအရဖြစ်စေ၊ လူသားအရင်းအမြစ်အရဖြစ်စေ စုစည်းမှုလွယ်ကူစေပြီး ဌာနအသီးသီးရဲ့ ဆက်ဆံမှုပိုမိုတိုးတက်ကောင်းမွန်စေတဲ့အတွက်ပဲ ဖြစ်ပါတယ်။

ဒုတိယတစ်ချက်က ကောင်းမွန်တဲ့ ပညာရပ်ဆိုင်ရာ အလေ့အထတွေ ဖွံ့ဖြိုးမှုတိုးမြှင့်ဖို့ဖြစ်ပါတယ်။ မဟာဌာနတွေက ဌာနအသီးသီးကို ပိုမိုထိရောက်တဲ့ ပညာရေးနှင့် သုတေသနအစီအစဉ်တွေကို ပိုမိုဖွံ့ဖြိုးဖို့ စွမ်းဆောင်ပေးပါလိမ့်မယ်။ ပညာရပ်ဆိုင်ရာဆုံးဖြတ်တဲ့နေရာတွေမှာ ပူးတွဲလုပ်ဆောင်နိုင်ခြင်း၊ မိမိရဲ့လုပ်ငန်းဆိုင်ရာကျွမ်းကျင်မှုအသီးသီးအရ ဌာနတစ်ခုက တစ်ခုကို အကြံဉာဏ်များပေးနိုင်ခြင်း၊ ဌာနအသီးသီးအတွက် မူဝါဒနှင့် လုပ်ငန်းစဉ်တွေကို တစ်ပြေးညီချမှတ်နိုင်ခြင်းဆိုတဲ့ အကျိုးကျေးဇူးတွေကိုရရှိမှာပဲ ဖြစ်ပါတယ်။

တတိယအချက်က ဌာနများအတွက် အုပ်ချုပ်ရေးနှင့် မိမိလုပ်ငန်းများဆောင်ရွက်တဲ့နေရာမှာ ပိုမိုလွယ်ကူစွာနှင့် မျှဝေဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ တစ်ဦးချင်းစီရဲ့ ပုဂ္ဂိုလ်ရေးနှင့် ငွေကြေးဆိုင်ရာကိစ္စရပ်ပဲဖြစ်စေ၊ ပညာရေးဆိုင်ရာ မူဝါဒနှင့် အရည်အသွေးအာမခံမှုဆိုင်ရာကိစ္စရပ်ပဲဖြစ်စေ၊ သုတေသနဆိုင်ရာ ပံ့ပိုးကူညီဖို့ လိုအပ်တဲ့နေရာမှာပဲ ဖြစ်စေ Faculty level အဖြစ် လိုအပ်တာတွေကို ကူညီ လုပ်ဆောင်ပေးနိုင်မှာပဲဖြစ်ပါတယ်။ တစ်ခါတလေဆိုရင် University level အထိတောင်ဆောင်ရွက်စရာတွေ ကြုံတွေ့ရတတ်တဲ့အတွက် ဖြစ်ပါတယ်။

စတုတ္ထအချက်ကတော့ တက္ကသိုလ်ကို ဦးဆောင်မှုပေးတဲ့နေရာမှာ အထောက်အကူပြုပေးမယ့် စီမံခန့်ခွဲမှုဌာနတွေကို တိုးမြှင့်ဖွဲ့စည်းနိုင်တယ်ဆိုတဲ့ အကျိုးရလဒ်ပဲဖြစ်ပါတယ်။ နိုင်ငံတကာ Comprehensive University တွေမှာ ဌာနအရေအတွက်တွေ ဒါဇင်ဝက်ထက်ပိုပြီဆိုရင် တက္ကသိုလ်ကို ထိရောက်စွာ ဦးဆောင်မှုမပေးနိုင်တော့ဘူးလို့ ဆိုပါတယ်။ ဌာနအသီးသီးကို တိုက်ရိုက်ပံ့ပိုးနိုင်မှုအားနည်းတယ်လို့ သိရပါတယ်။ ဒါတွေကိုတော့ ဆရာ့အနေနှင့် ကိုယ်တွေ့ မျက်မြင်ကြုံတွေ့ခဲ့ရပြီးပါပြီ။ Faculty တွေက စီမံခန့်ခွဲမှုအပိုင်းတွေမှာ Middle layer ကနေ ပါဝင်ဆောင်ရွက်ပေးပါလိမ့်မယ်။ အခုပြောပြောနေတဲ့ Decentralization တို့ စုပေါင်းတာဝန်ယူမှုတို့ကိုလည်း ပိုမိုဖြစ်စေမှာ ဖြစ်ပါတယ်။

ဒီလို Faculty တွေကို မျှော်မှန်းပြီး ဝန်ကြီးဌာနအနေနှင့် ရန်ကုန်တက္ကသိုလ်အတွက် ခေတ်မီအဆောက်အအုံတွေကိုလည်း တည်ဆောက်ဖို့ ဆောင်ရွက်နေပါတယ်။ တက္ကသိုလ်ဆိုတာ စွယ်စုံအင်္ဂါစုံမှ ဆိုတဲ့ဆရာကြီး ဒေါက်တာဦးသိန်းရဲ့စကားလိုပါပဲ နောက်ဆိုရင် တို့နိုင်ငံမှာ စွယ်စုံ၊ အင်္ဂါစုံတဲ့တက္ကသိုလ်တွေပေါ်ပေါက်ဖို့ လိုနေပါပြီ။ ဆရာကြီး ပြောသလို Political will ရှိဖို့ပဲ လိုပါတော့မယ်။ နိုင်ငံတော်အနေနှင့်လည်း ရန်ကုန်တက္ကသိုလ်ကို ယခင်ကအခြေအနေမျိုးပြန်လည်ရောက်ရှိဖို့ ဆောင်ရွက်နေပါတယ်။ အဆောင်တွေမှာ ယခင်နှစ်ယောက်ထားခဲ့တဲ့အခန်းတွေကို အခုတစ်ယောက်တစ်ခန်းထားဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။ လွန်ခဲ့တဲ့ အနှစ် ၄၀ ကျော် ဆရာတို့ကျောင်းသားဘဝက ပထမနှစ်ကနေ တတိယနှစ်လောက်အထိ နှစ်ယောက်နေခဲ့ရတယ်။ နောက်ဆုံးနှစ်ကျမှ အဲဒီအခန်းတွေကို တစ်ယောက်တည်းနေခွင့်ရခဲ့ပါတယ်။ အခုဆိုရင် ပထမနှစ်ကျောင်းသားတွေတောင် တစ်ယောက်တစ်ခန်းထားနိုင်တဲ့အခြေအနေမျိုးဖြစ်နေပါပြီ။ ကျောင်းသူတွေအတွက်လည်း ဒီလိုအခြေအနေမျိုးရရှိဖို့ ဆောင်ရွက်နေပါတယ်။ ယခင်နှင့် ယခုကွဲလွဲချက်က ကျောင်းသားကျောင်းသူအချိုးပြောင်းလဲမှုပါပဲ။ ဆရာတို့ လက်ထက်က ရန်ကုန်တက္ကသိုလ်မှာ ကျောင်းသားဆောင်ခုနစ်ဆောင်နှင့်ကျောင်းသူဆောင် သုံးဆောင်ရှိပါတယ်။ ပြီးခဲ့တဲ့နှစ်က ကျောင်းဝင်နှုန်းအရ ကျောင်းသား ကျောင်းသူအချိုးက ၁း၃ ဖြစ်သွားပြီ။ ယခင်နှင့် ပြောင်းပြန်ဖြစ်သွားတယ်။ ကျောင်းသူဆောင်တွေ လိုအပ်မှာပေါ့။ နိုင်ငံတော်ကသာ အဆောက်အအုံသစ်တွေ ဆောက်လုပ်မပေးဘူးဆိုရင် ရှေ့နှစ်ပြီးရင် ကျောင်းသူတွေထားဖို့ အခက်အခဲနှင့် ကြုံတွေ့ရမှာ ဖြစ်ပါတယ်။ အခုတော့ လူ ၄၀၀ ဆံ့ အဆောင်နှစ်ခုဆောက်လုပ်ပေးတဲ့အတွက် နောင်နှစ်များမှာလည်း အဆင်ပြေစွာထားနိုင်တော့မှာ ဖြစ်ပါတယ်။

ဆက်ပြီး တက္ကသိုလ်အတွက် ဆောင်ရွက်စရာကိစ္စတွေနဲ့ပတ်သက်ပြီး ပြောရရင် အခြေခံအဆောက်အအုံတွေသာမက တခြားဆောင်ရွက်စရာတွေ တစ်ပုံတစ်ပင်ကြီးရှိပါသေးတယ်။ စောစောကပြောတဲ့ Faculty ဖွဲ့စည်းမှုဆိုင်ရာကိစ္စရပ်များအတွက် တက္ကသိုလ်က ဒုတိယပါမောက္ခချုပ်တစ်ဦးကို တာဝန်ပေးပြီး ဘာသာရပ်ဆိုင်ရာဌာနမှူးများအားလုံးပါဝင်ဆောင်ရွက်ဖို့ တွန်းအားပေးဆောင်ရွက်နေပါတယ်။ ဒုချုပ်ဆရာကြီးအနေနှင့် နိုင်ငံတကာဆက်ဆံရေးအပါအဝင် သင်တန်းဆိုင်ရာကိစ္စရပ်များကို တာဝန်ယူဆောင်ရွက်နေပါတယ်။ ဆရာတို့ တက္ကသိုလ်အနေနှင့် နိုင်ငံတကာ တက္ကသိုလ်များနှင့် MoU တွေထိုးတဲ့အခါတိုင်း ပါဝင်တဲ့အချက်တွေမှာ Student Exchange, Staff Exchange, Faculty Exchange နှင့် Collaboration Research တွေအများအားဖြင့် ပါဝင်ပါတယ်။ ဒါပေမဲ့ ဆရာတို့တက္ကသိုလ်မှာ Faculty ဆိုတာမရှိပါဘူး။ ယခင်ရန်ကုန်တက္ကသိုလ်စတင်တည်ထောင်စဉ်က Faculty စနစ်နှင့် သွားခဲ့တာပဲဖြစ်ပါတယ်။ လက်ရှိတို့ရဲ့ အိမ်နီးချင်းနိုင်ငံက ကမ္ဘာ့အဆင့်ဝင် ချူလာလောင်ကွန် တက္ကသိုလ် (Chulalongkorn University) ဆိုရင် Faculty ၁၈ ခု၊ School နှစ်ခု၊ College သုံးခုနှင့် Institute ၁၀ ခုတို့နှင့် ဖွဲ့စည်းထားပါတယ်။ နိုင်ငံတော်သမ္မတကြီးကို ပါရဂူဘွဲ့ လာရောက်ချီးမြှင့်ခဲ့တဲ့ Naresuan University ဆိုရင်လည်း College/School ငါးခုနှင့် Faculty ၁၆ ခုရှိပါတယ်။ အခုနောက်ပိုင်း ဘာသာရပ်များ ပေါင်းစပ်သွားပုံကလည်း ကြောက်ခမန်းလိလိပါပဲ။ သချ်ာဆို သချ်ာ

*စာမျက်နှာ ၁၆ သို့*

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၅ယ/၅၅၃၀၃၊ RADAR 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်မင်း ၉/မရတ(နိုင်)၀၈၆၄၁၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၁ယ/၁၉၄၄၇၊ Luojia, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မျိုးမမ ၉/မနမ(နိုင်)၀၉၀၃၁၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၈ယ/၆၉၃၃၃၊ Zong Shen 110 ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇင်လတ် ၉/မနတ(နိုင်)၁၀၅၇၈၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၆ယ/၉၃၈၄၊ Jialing JL-90 ယာဉ်လက်ဝယ်ရှိသူ ဦးဆွေလင်း ၉/တတဥ(နိုင်)၀၆၆၉၂၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)**

**အမည်မှန်**

ဦးစီတိုး၏သမီး ဆောမြို့၊ အထက အဌမတန်း(A)မှ မထည်ဝါခိုင် ၈/ဆမန(နိုင်)၀၆၃၇၂၇ ၏အမည်မှန်မှာ မမေသဇင်လှိုင် ဖြစ်ပါကြောင်း။

**မမေသဇင်လှိုင်**

**စိန်အန်ထော်နီ-အထက(၄)မင်္ဂလာတောင်ညွန့် (၁၉)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကျင်းပမည်**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း၏ (၁၉)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၄ခုနှစ် နိုဝင်ဘာ ၁၆ရက် (တနင်္ဂနွေနေ့) (အမျိုးသားနေ့)တွင် ကျင်းပမည်ဖြစ်သည်။ မြတ်ဆရာပူဇော်ပွဲကို နံနက် ၉နာရီတွင် အဆိုပါကျောင်းရှိ မင်္ဂလာသီရိခန်းမ၌ ကျင်းပမည်ဖြစ်၍ ကျောင်းသားဟောင်းများ မပျက်မကွက်တက်ရောက်ပါရန်နှင့် အလှူငွေများထည့်ဝင်လိုပါက ကျောင်းအုပ်ဆရာကြီး ဖုန်း-၀၁-၃၇၅၈၈၄၊ ဆရာဦးစိန်ဝင်း ဖုန်း-၇၃၀၃၀၀၀၅၊ ဦးအောင်ကျော်ဟန် ဖုန်း-၀၉-၂၅၀၂၈၂၆၀၄၊ ဦးသက်မင်း ဖုန်း-၀၉-၅၀၇၀၂၉၈၊ ဦးတင်အောင်လင်း ဖုန်း-၀၉-၄၃၁၂၄၆၆၄၊ ဦးစိုးဝင်း ဖုန်း-၀၉-၇၃၁၀ ၃၃၈၂၊ ဦးလှမြင့် ဖုန်း-၀၉-၅၅၀၁၅၈၈၊ ဦးဇေမီးယား ဖုန်း-၀၉-၃၁၀၄၀၉၂၆၊ ဦးလှသိန်း ဖုန်း-၀၉-၇၃၁၂၃၇၀၆၊ ဆရာဦးမြကြူ ဖုန်း-၀၉-၄၂၀၀၇၇၇၆၅၊ ဦးမျိုးအောင် ဖုန်း-၀၉-၄၃၁၄၇၆၀၁၊ ဆရာသစ်လွင်(သင်္ချာ) ဖုန်း-၀၉-၅၁၉၅၄၁၇၊ ဦးသက်နိုင်ဦး ဖုန်း-၀၉-၇၃၀၆၉၈၃၆ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၃ယ/၈၉၀၂၅ Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခိုင်ရွှန်ဘီ KMW-၁၃၅၄၀၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၅ယ/၇၉၈၁၂ Honda CBR NCB-150 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန္ဒာဝင်း ၁၀/သဖရ(နိုင်)၀၆၈၉၁၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၃ယ/၇၇၉၀၁ Zong Shen 110 ယာဉ်လက်ဝယ်ရှိသူ ဦးမြတ်စိုးအောင် ၅/မမန(နိုင်)၀၈၇၁၅၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၂ယ/၁၂၆၆၂ ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းဇော် ၁၂/မဘန(နိုင်)၀၈၂၇၁၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြင်းခြံမြို့)**

**ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၁ယ/၈၁၃၁၆ Luojia 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအေးဝင်း ၉/မနမ(နိုင်)၀၁၉၃၁၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၅ယ/၄၅၇၀၀ Kenbo Super Cub ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ရှိန် ၉/ဝတန(နိုင်)၁၂၇၉၂၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(ခရိုင်ရုံး)၊ ကျောက်ဆည်**

**ပျောက်ဆုံး**

ကျွန်တော် ဝေါ်ဆာ ၁/ဝမန(နိုင်)၀၅၈၇၇၈၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၃၂၄၁၀၇၄**

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# လယ်ယာလုပ်ငန်းခွင်အတွက် ကျွဲ၊ နွားမရှိသည့် တောင်သူများကို သီပေါ၌ လယ်ယာသုံးကျွဲများပေးအပ်



**သီပေါ နိုဝင်ဘာ ၇**

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကူညီထောက်ပံ့သော ရန်ပုံငွေဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် မိုင်းလင်းကျေးရွာနှင့် နောင်အန်ကျေးရွာတို့မှ စိုက်ပျိုးရန် လယ်ယာမြေရှိသော်လည်း လယ်လုပ်ကိရိယာ ကျွဲ၊ နွား ကိုယ်ပိုင်မရှိ နွမ်းပါးတောင်သူ ခြောက်ဦးတို့ကို နိုဝင်ဘာ ၅ ရက်က ဆင်ပိုင်းကျေးရွာ၌ မဲစနစ်ဖြင့် ရွေးချယ်ပေးအပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါ်အုန်းအုန်းမြင့်တို့က နိုင်ငံတော်အစိုးရက တောင်သူများအပေါ်ထားရှိသော စေတနာ၊ မေတ္တာနှင့် ကူညီထောက်ပံ့မှုအစီအစဉ်များကို ရှင်းလင်းပြောကြားပြီး မဲပေါက်သူ တောင်သူခြောက်ဦးတို့အား လယ်ယာလုပ်ငန်းခွင်သုံး ကျွဲခြောက်ကောင်ကို ပေးအပ်ခဲ့သည်။

လယ်ယာလုပ်ငန်းခွင်သုံး ကျွဲပံ့ပိုးမှုရရှိသည့် တောင်သူများက ဝမ်းမြောက်ပျော်ရွှင်လျက်ရှိပြီး နိုင်ငံတော်အစိုးရအပေါ် ကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## မြတ်ပါရမီလူမှုကူညီရေးအသင်း၏ မျက်စိခွဲစိတ်ခြင်းနှင့် မျက်မှန်တပ်ဆင်ခြင်းဖြင့် အဘိုးအဘွားများအတွက် ကုသိုလ်ယူ

**နေပြည်တော် နိုဝင်ဘာ ၇**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်တွင် တည်ရှိသော မြတ်ပါရမီ လူမှုကူညီရေးအသင်းရုံးခန်းတွင် နိုဝင်ဘာ ၁ ရက် ညနေ ၅ နာရီက အမြင်အာရုံချို့ယွင်းနေသော သက်ကြီးအဘိုးအဘွား ၁၈ ဦးကို မျက်မှန်များတပ်ဆင်ပေးခြင်းဖြင့် အခမဲ့ကုသိုလ်ဖြစ်ဆောင်ရွက်ပေးကြောင်းသိရသည်။ အဘိုးအဘွားငါးဦးကို နေပြည်တော်ခုတင် ၁၀၀၀ ပြည့်သူ့ဆေးရုံကြီးတွင် မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာဇေဇီယာမှ ကြီးကြပ်၍ တာဝန်ကျဆရာဝန်၊ ဆရာမများမှ အမြင်အာရုံချို့တဲ့နေသော အဘိုး၊ အဘွားများအား မေတ္တာရှေ့ထား၍ ခွဲစိတ်ကုသပေးခဲ့ကြောင်းနှင့် ယင်းနေ့ညနေတွင် အဘိုးအဘွား ၁၁ဦးအား ပါဝါမျက်မှန်အခမဲ့ ပေးအပ်လှူဒါန်းခဲ့သည်။

မျက်မှန်တပ်ဆင်ပေးခြင်း၊ မျက်စိခွဲစိတ်ခြင်းလုပ်ငန်းများကို မြတ်ပါရမီလူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၏ ဦးဆောင်မှုဖြင့် မြတ်ပါရမီလူမှုကူညီရေးအသင်း၏ သက်ကြီးအဘိုးအဘွား ပြုစုစောင့်ရှောက်ရေးတာဝန်ခံများဖြစ်သော ဦးအုန်းလွင်၊ ဦးမြင့်ဆွေ၊ ဦးသန်းဝင်းနှင့် ဒေါ်တင်တင်ဝင်းတို့က အသင်းသူ၊ အသင်းသားများ၊ အလှူရှင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကာ အမြင်အာရုံချို့တဲ့နေသော အသက်ကြီး အဘိုး၊ အဘွားများအနေဖြင့် မြတ်ပါရမီ လူမှုကူညီရေးအသင်းသို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ပြီး အလှူငွေလှူဒါန်းလိုသူများအနေဖြင့် မြတ်ပါရမီ လူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဦး ဖုန်း ၀၉-၄၉၃၁၉၉၆၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ကိုကိုရှုပ(နေပြည်တော်)**

*စာမျက်နှာ ၁၅ မှ*

သပ်သပ်၊ ရူပဗေဒဆို ရူပဗေဒ သပ်သပ်မနေတော့ဘူး။ ဘာသာရပ်များပေါင်းစပ်မှုနှင့် မိမိတို့ဆောင်ရွက်နေသည့် သုတေသနလုပ်ငန်းများအလိုက် Faculty တွေဖြစ်တည်ဖို့လိုအပ်နေပြီ။ မိမိအခန်းတစ်ခုတည်းမှာပဲ တံခါးပိတ်ပြီးနေလို့မရတော့ပါဘူး။ နောက်အရေးကြီးတာတစ်ခု ကျန်ပါသေးတယ်။ သုတေသနလုပ်ငန်းတွေပဲဖြစ်ပါတယ်။ ဒီကိစ္စရပ်တွေကိုတော့နောက် ဒုတိယပါမောက္ခချုပ်တစ်ဦးကို တာဝန်ယူဆောင်ရွက်ခိုင်းပါတယ်။ သုတေသနလုပ်ငန်းဆိုတော့ ချက်ချင်းတော့ အကောင်အထည်နှင့်မပြနိုင်ပေမယ့် MoU ရေးထိုးခဲ့တဲ့ တက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်နေတာမို့ နောင်အနေးနှင့်အမြန် ရလဒ်ကောင်းတွေ ပေါ်ထွက်လာပါလိမ့်မယ်။ နိုင်ငံတော်နှင့်ဒေသလိုအပ်ချက်ကို ဖြည့်ဆည်းပေးမယ့် သုတေသနတွေလုပ်ဆောင်ဖို့ကိုလည်း စီစဉ်ဆောင်ရွက်နေပါတယ်။ အခြေခံအဆောက်အအုံတွေ ပြုပြင်ထိန်းသိမ်းရေးကိုလည်း နောက် ဒုတိယပါမောက္ခချုပ်တစ်ဦးကို တာဝန်ပေးပြီး ဆောင်ရွက်နေပါတယ်။ နိုင်ငံတော်က အပြည့်အစုံပံ့ပိုးပေးနေပါတယ်။ မိမိဘက်က စီမံခန့်ခွဲမှုအားမနည်းဖို့ကိုတော့ အထူးဂရုပြုဆောင်ရွက်နေရပါတယ်။ အချိန်တိုအတွင်း ကျောင်းဖွင့်အမီ ဆောင်ရွက်စရာလုပ်ငန်း အများအပြားရှိနေတဲ့အတွက် ဖြစ်ပါတယ်။

မေး ။ ။ ဒီနှစ်ပညာသင်နှစ်မှာ ရန်ကုန်တက္ကသိုလ် ကျောင်းသား ကျောင်းသူအတွက် အဆောင်ပေးဖို့ အဆင်ပြေသွားပြီဆိုတော့ ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ်ကျောင်းသား ကျောင်းသူတွေအတွက် အဆောင်ကရော ရန်ကုန်တက္ကသိုလ်ထဲမှာပဲ စီစဉ်ပေးမှာလားဆရာ။

ဖြေ ။ ။ မနှစ်ကတော့ ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ်က ကျောင်းသားတွေကို ဆရာတို့တက္ကသိုလ်ထဲမှာ အဆောင်နေထိုင်ခွင့်ပြုခဲ့ပါတယ်။ ဒီနှစ်လည်း ကျောင်းသားအဆောင်တွေ ပိုနေဦးမယ်ထင်ပါတယ်။ ညှိနှိုင်းတိုင်ပင်ပြီး ထားဦးမှာပဲဖြစ်ပါတယ်။ တက္ကသိုလ်အဆောင်တွေကို တတ်နိုင်ရင်အလွတ်မထားချင်ပါဘူး။ အဆောင်တိုင်းမှာ အသုံးရည်တန်ဖိုး အမြဲရှိနေစေချင်ပါတယ်။

မေး ။ ။ အဆောင်နေကျောင်းသားတွေအတွက် စားသောက်ရေးပါ စီမံပေးဖို့ အစီအစဉ်ရှိပါသလား ဆရာ။

ဖြေ ။ ။ အဆောင်တိုင်းကိုတော့ စားသောက်ရေး စီမံဆောင်ရွက်ပေးဖို့ စီစဉ်ထားပါတယ်။ ယခုအဆောင်တွေမှာတော့ ကန်ထရိုက်စနစ်နှင့် ကျွေးမွေးတဲ့စနစ်ကိုပဲ ကျင့်သုံးပါတယ်။ ဆရာတို့လက်ထက်တုန်းကတော့ အဆောင်အတွက် စားဖိုဆောင်ဝန်ထမ်းများရှိခဲ့ပါတယ်။ နောင်စားဖိုဆောင် ဝန်ထမ်းတွေ ပြည့်စုံအောင် ခန့်ထားနိုင်ပြီဆိုရင်တော့ အရင်တုန်းကလို ပြန်သွားနိုင်လိမ့်မယ်ထင်ပါတယ်။

မေး ။ ။ အင်္ဂလိပ်စာဌာနက တောင်ငူဆောင်ကို ပြန်ပြောင်းရွှေ့လာတော့ မာလာဆောင်မှာဖွင့်ခဲ့တဲ့ အင်္ဂလိပ်ဘာသာစကား အမျိုးသားဗဟိုဌာန သင်တန်းတွေအတွက်ကော ဘယ်လိုဆောင်ရွက်နေပါသလဲ။

ဖြေ ။ ။ လက်ရှိမှာတော့ အင်္ဂလိပ်ဘာသာစကား အမျိုးသားဗဟိုဌာနဆိုပြီး ဌာနတစ်ခုအဖြစ် သီးခြားလို့ထင်ရပေမယ့် ဒီဌာနရဲ့တာဝန်တွေကို ထမ်းဆောင်နေတာက ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာနက ဆရာ ဆရာမများသာ ဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာနက ဆရာ၊ ဆရာမတွေအနေနှင့် ဝန်နှင့်အားမမျှအောင် ထမ်းဆောင်ကြရပါတယ်။ အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်အတွက်လည်း ပူးတွဲတာဝန်ယူနေရပါတယ်။ လက်ရှိမှာတော့ အားလုံးကိုအဆင်ပြေသွားအောင် တောင်ငူဆောင်မှာပဲ စာသင်ခန်းတွေကို စီစဉ်ဆောင်ရွက်ပေးဖို့ လုပ်ဆောင်နေပါတယ်။ ဒီဌာနရဲ့ တာဝန်ယူလုပ်ဆောင်ရတဲ့ လုပ်ငန်းတွေကများပြားတာမို့ နိုင်ငံတော်အနေနှင့် ဒီဌာနအတွက် နိုင်ငံတကာအဆင့်မီအဆောက်အအုံတစ်ခု ဆောက်လုပ်ဖို့ အစီအစဉ်တွေကို စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ပညာသင်ကာလ (Semester) တစ်ခုအပြီးမှာ နိုင်ငံတကာအဆင့်မီဌာနတစ်ခုအနေနဲ့ ရပ်တည်လာနိုင်တော့မှာပဲ ဖြစ်ပါတယ်။

တက္ကသိုလ်အနေနဲ့ နောင်ပေါ်ထွန်းလာမယ့် ဥပဒေများနှင့်အညီ လိုက်လျောညီထွေဖြစ်စေဖို့ ကြိုတင်ဆောင်ရွက်စရာရှိတာတွေကို အကုန်လုံးစဉ်းစားပြီး ဆောင်ရွက်နေပါတယ်။ သင်ကြားနည်းတွေ၊ သင်ရိုးတွေက အစပေါ့။ အခု အမျိုးသားပညာရေးဥပဒေထွက်ပြီးပြီ။ နောင်သူ့ရဲ့ နည်းဥပဒေတွေ၊ ဆက်စပ်နေတဲ့ ကဏ္ဍအလိုက်ဥပဒေတွေ ထပ်မံပေါ်ထွန်းလာပါဦးမယ်။ တို့နိုင်ငံမှာ အမျိုးသားပညာရေးဥပဒေနှင့် အဆင့်မြင့်ပညာရေး ဥပဒေတွေဟာ ယခင်ကတစ်ခါမှမရှိခဲ့ဘူး၊ တက္ကသိုလ်ဥပဒေပဲရှိခဲ့ပါတယ်။ ရန်ကုန်တက္ကသိုလ်အနေနှင့်လည်း လက်ရှိ ၉၄ နှစ် သက်တမ်းအတွင်းကို ရောက်ရှိနေပါပြီ။ နောင် နှစ် ၁၀၀ ပြည့် အချိန်ကာလဆိုရင်တော့ တက္ကသိုလ်ဟာ အရှိန်အဟုန်ပြင်းပြင်းနှင့် ခရီးနှင်နေလောက်ပါပြီ။ စကားမစပ်ပြောလိုတာက နောင်နှစ်၁၀၀ပြည့်ကိုမျှော်မှန်းပြီး ကံ့ကော်တောအမည်ရတဲ့ တို့တက္ကသိုလ်မှာ ကံ့ကော်တောတစ်ခုကို ပြန်လည်မွေးဖွားမယ့်အစီအစဉ်တစ်ရပ်ကိုလည်း ဆောင်ရွက်နေပါပြီ။ တက္ကသိုလ်ရာပြည့်မှာတော့ ယခင်လို ရနံ့လည်းသင်း အရည်အချင်းပြည့်စုံတဲ့ အဆင်းလှတဲ့ အမိတက္ကသိုလ်ကြီး ပြန်လည်မွေးဖွားလာဦးမယ်လို မျှော်မှန်းပါတယ်။

ရန်ကုန်တက္ကသိုလ် သီရိဆောင်နှင့် အဆောင်ကိစ္စရပ်များအပါ ကျောင်းဆောင်နေ ကျောင်းသား ကျောင်းသူများ၊ တက္ကသိုလ်ဆိုင်ရာကိစ္စရပ်များကို အခုလိုပြည့်ပြည့်စုံစုံပြောကြားပေးသွားတဲ့အတွက် ဆရာ့ကို အထူးကျေးဇူးတင်ပါတယ်။


### ရန်ကုန်တက္ကသိုလ် သချာၤမိသားစု
### အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန်တက္ကသိုလ် သချာၤဌာန၌ တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ကြီး ဆရာကြီး၊ ဆရာမကြီးများအား (၁၇)ကြိမ်မြောက် ပူဇော်ကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲကို ၂၀၁၅ခုနှစ် ဇန်နဝါရီ ၄ရက် (လွတ်လပ်ရေးနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ Western Park Royal Restaurant (ကန်တော်ကြီးပန်းခြံဝင်း)၌ ကျင်းပမည်ဖြစ်သည်။

အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို အောက်ဖော်ပြပါ ဖုန်းနံပါတ်များနှင့် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။

| | | | |
|---|---|---|---|
| ဒေါက်တာဒေါ်ဝင်းကြည် | ဖုန်း-၀၉-၅၀၂၀၈၀၂ | ဒေါက်တာမြင့်ခင် | ဖုန်း-၀၉-၂၅၀၁၈၆၈၇၄ |
| ဒေါက်တာကေသီတင် | ဖုန်း-၀၉-၅၁၅၃၁၆၂ | ဒေါ်သီတာမြင့် | ဖုန်း-၀၁-၅၂၇၈၃၁ |
| ဦးမောင်မောင်မြင့် | ဖုန်း-၀၉-၂၅၄၁၃၆၈၅၇ | ဒေါ်ကြည်ကြည်အေး | ဖုန်း-၀၉-၄၂၀၀၉၇၅၄၁ |
| ဦးကျော်သန်း(ခ)ဦးဂျေကာ | ဖုန်း-၀၉-၅၀၂၀၉၁၉ | ဒေါ်ခင်လှထွေး | ဖုန်း-၀၉-၇၃၁၂၉၀၀၆ |
| ဦးအေးသိန်း | ဖုန်း-၀၉-၅၀၃၃၁၀၀ | ဦးကျော်မြတ်ခိုင် | ဖုန်း-၀၉-၅၀၁၂၆၂၇ |
| ဦးသိန်းအောင် | ဖုန်း-၀၉-၅၁၅၇၆၉၀ | ဦးထူးဇော်တင့် | ဖုန်း-၀၉-၅၀၁၅၇၃၉ |
| ဒေါ်စွမ် | ဖုန်း-၀၁-၂၃၀၀၅၇၃ | ဦးစိုးမျိုးနွယ် | ဖုန်း-၀၉-၅၁၄၄၇၀၄ |
| ဦးမောင်မောင်တီ | ဖုန်း-၀၉-၅၁၈၆၆၃၇ | ဦးရဲကျော်သူ | ဖုန်း-၀၉-၇၃၇၃၃၃၈၀ |

### ရခိုင်သဟာယအသင်း(ရန်ကုန်)
### တက္ကသိုလ်ပညာသင်ထောက်ပံ့ဆုလျှောက်ထားနိုင်

ရခိုင်သဟာယအသင်း(ရန်ကုန်)သည် တက္ကသိုလ်ပညာသင်ကြားရန် အခက်အခဲရှိသည့် ကျောင်းသား ကျောင်းသူများအနက်မှ စနစ်တကျစိစစ်ရွေးချယ်၍ နှစ်စဉ်ပညာသင်ထောက်ပံ့ဆုများချီးမြှင့်လျက်ရှိရာ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် အမှန်တကယ်လိုအပ်သော ကျောင်းသား ကျောင်းသူများအနေဖြင့် ရခိုင်သဟာယအသင်း(ရန်ကုန်) တက္ကသိုလ်ပညာသင်ထောက်ပံ့ဆု လျှောက်လွှာပုံစံများကို မိမိတို့နေထိုင်ရာ မြို့နယ်များရှိ မြို့နယ်ပညာရေးမှူးရုံးများ၊ အသင်း၏ မြို့နယ်ကိုယ်စားလှယ်များနှင့် အမှတ် ၄၈၁၊ ဒုတိယထပ်၊ ကျိုက္ကဆံလမ်း၊ တာမွေအခွန်လွတ်ဈေးအနီး၊ တာမွေမြို့နယ်၊ ရန်ကုန်ရှိ ရခိုင်သဟာယအသင်း(ရန်ကုန်)ရုံးခန်းတို့၌ ရယူနိုင်ပြီး ပြည့်စုံစွာ ရေးသားဖြည့်စွက်ထားသော လျှောက်လွှာများကို ၂၀၁၅ခုနှစ် ဇန်နဝါရီ ၁၅ရက် နောက်ဆုံးထား၍ အသင်းရုံးခန်းသို့ ပေးပို့ရမည်ဖြစ်ပါသည်။

တက္ကသိုလ် ပညာသင်ထောက်ပံ့ဆု လှူဒါန်းလိုကြသော အလှူရှင်များအနေဖြင့် ဦးလှမောင်သိန်း ဖုန်း-၀၉-၅၁၃၉၇၉၀၊ ဦးထွန်းနိုင် ဖုန်း-၀၉-၈၅၁၀၄၀၀၊ ဦးသာမြကျော် ဖုန်း-၀၉-၅၁၅၅၄၁၉၊ ဒေါ်လှလှရီ ဖုန်း-၀၉-၄၂၀၀၁၀၀၂၀၊ ဦးသန်းထွန်း ဖုန်း-၀၉-၅၁၀၄၉၀၁နှင့် အသင်းရုံးခန်း ဖုန်း-၀၁-၄၃၀၁၇၂ Email Adress: rta.program@gmail.com တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

### ၁၉၉၃-၉၉ တီ-မွေး-ကုတက္ကသိုလ် ကျောင်းသား ကျောင်းသူဟောင်းများ၏
### အာစရိယပူဇော်ပွဲ

အနန္တဂိုဏ်းဝင်ကျေးဇူးရှင် ဆရာ ဆရာမများအား ပူဇော်ကန်တော့ပွဲသို့ အောက်ဖော်ပြပါအစီအစဉ်အတိုင်း သူငယ်ချင်းများအားလုံး မပျက်မကွက် တက်ရောက်ဂါရဝပြုကြပါရန် ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်/အချိန်** - ၆-၁၂-၂၀၁၄ရက် (စနေနေ့) ညနေ ၆:၀၀နာရီ
**နေရာ** - M3 Food Center
**ဆက်သွယ်လှူဒါန်းရန်**- ဒေါက်တာ စိုးမင်းလင်း ဖုန်း-၀၉-၇၃၁၃၃၁၁၂၊
ဒေါက်တာဝင်းကြည် ဖုန်း-၀၉-၇၃၁၅၂၇၃၄

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃၂ယ/၆၂၃၅၉ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြိုးသီတာအောင် ၉/ပဥလ(နိုင်)၀၀၈၇၄၉က ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)**

### အမည်ပြောင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ လှိုင်ပါရမီကွန်ဒို တိုက်အမှတ်(F)၊ အခန်းအမှတ်(၂၀၆)နေ ဦးကိုကိုလွင်၏သား မောင်အုပ်ပိုင်စိုး ၁၂/ရကန(နိုင်) ၀၇၉၉၈၅ အား ယနေ့မှစ၍ မောင်အုပ်ပိုင်ဟု အမည်ပြောင်းလဲခေါ်ပါရန်။

**မောင်အုပ်ပိုင်**

### ကန့်ကွက်နိုင်ပါကြောင်း

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈စီ၊ မြေကွက်အမှတ် ၈၁/၁၇+၈၁/၁၈၊ ဧရိယာ ၀.၁၁၃ဧ ၀၀၃+၀.၁၁၃ဧ ၀၄၈၊ မြေကွက်တည်နေရာအမှတ် ၂၅၊ ကြို့စက် ၂လမ်း၊ လင်းလွန်းမြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ် မောင်ကျော်၊ မလှကြီးအမည်ပေါက် မြေပိုင်မြေတို့၏ မခွဲစိတ်ရသေးသည့်မြေအား ရန်ကုန်တိုင်းတရားရုံး တရားမကြီးမှုအမှတ် ၃၂၁/၉၆(၂၃-၁၂-၉၇)၊ တရားမဇာရီမှုအမှတ် ၁၈/၉၈(၈-၁-၉၇)အရ အရောင်းအဝယ်စာချုပ် ၂၄၄၅/၂၈-၁၀-၉၉ ဖြင့် ဦးကျင်ရွှေ၊ ဒေါ်ထွေးရီတို့မှ ပိုင်ဆိုင်ခဲ့ပြီးနောက် ဦးကျင်ရွှေကွယ်လွန်သွားပါသဖြင့် ပိုင်ဆိုင်စာချုပ် ၆၈၄၁/၂၈-၁၀-၂၀၁၁ဖြင့် ပိုင်ဆိုင်ခဲ့သူ ဒေါ်ထွေးရီ ၁၂/စခန(နိုင်)၀၁၅၄၂၁ကိုယ်စား GP ၁၉၃၁၀/၂၇-၁၀-၂၀၁၁ ဦးအောင်ဇော်ဦး ၁၂/စခန(နိုင်)၀၂၆၅၇၀က တရားရုံးအမိန့်၊ အရောင်းစာချုပ်၊ ပိုင်ဆိုင်စာချုပ်၊ ကျမ်းကျိန်လွှာတို့တင်ပြ၍ တိုင်းခွဲအတည်ပြုမြေပုံလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ဖောင်းကြွ ပျောက်ဆုံးကြောင်း**

ယာဉ်အမှတ် 7G-5964 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

# မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ပုဏ္ဏားကျွန်း နိုဝင်ဘာ ၇**

ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သန်းသည် မြို့နယ်ဦးစီးမှူး ဦးကျော်သန့်ဇင်နှင့်အတူ အောက်တိုဘာ ၃ ရက်က ပုဏ္ဏားကျွန်းမြို့နယ် သင်းပုန်းတန်းကျေးရွာအုပ်စုသို့ သွားရောက်ပြီး မြစိမ်းရောင် စီမံကိန်းချေးငွေဖြင့် ဒေသခံပြည်သူများ၊ မိသားစု စီးပွားရေးလုပ်ငန်းများ တစ်နိုင်တစ်ပိုင် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။



ထို့နောက် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု အဖွဲ့ဝင်များ၊ မြစိမ်းရောင်ရန်ပုံငွေချေးယူ လုပ်ကိုင်နေကြသူများ၊ ရပ်မိရပ်ဖများနှင့် ကျေးရွာသားများကို တွေ့ဆုံကာ ကျေးလက်နေပြည်သူများ အလုပ်အကိုင်၊ အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစပြီး အကောင်အထည်ဖော် ဆောင်ရွက်နေမှုများအပေါ် စီမံကိန်းရည်မှန်းချက်များနှင့် ပတ်သက်၍ အသိပညာပေးဟောပြောဆွေးနွေးခဲ့ကြရာ ကျေးရွာသားများက သိလိုသည်များကို မေးမြန်းခဲ့ကြကြောင်း သိရသည်။

**သူ(ပုဏ္ဏားမြို)**

# လုယက်ခံရသည်ဟု တိုင်တန်းခဲ့သည့်အမှု လုပ်ကြံလီဆယ်တိုင်တန်းခဲ့ခြင်းသာဖြစ်

**ရန်ကုန် နိုဝင်ဘာ ၇**

တာမွေမြို့နယ်နေ ဦးမန်ဇာတောင်သည် ဗဟန်းမြို့နယ်သို့ရောက်ရှိနေစဉ် အောက်တိုဘာ ၂၄ ရက် ညနေ ၃ နာရီတွင် သမီးဖြစ်သူက နေအိမ်သို့ အမြန်ပြန်လာရန် ဖုန်းဖြင့် အကြောင်းကြားခဲ့၍ နေအိမ်သို့ လာရောက်ပြီးမေးမြန်းရာ ဇနီးဖြစ်သူ ဒေါ်ခင်စောနုက ၎င်းသည် နေအိမ်ခန်းအတွင်း တစ်ဦးတည်းရှိနေစဉ် မွန်းလွဲ ၂ နာရီခန့်က အိမ်တံခါးခေါက်သံကြားသဖြင့် တံခါးဖွင့်ကြည့်ရာ အသက် ၄၀ နှစ်ခန့်ရှိ အမျိုးသားတစ်ဦးကိုတွေ့ရှိခဲ့ရကြောင်း၊ အဆိုပါအမျိုးသားက ၎င်းကို ပါးစပ်၊ လက်နှစ်ဖက်နှင့်ခြေထောက်တို့ကို အဝတ်စဖြင့် ချည်နှောင်ခဲ့ပြီး စင်ကာပူရှိ တူမဖြစ်သူမှ အိမ်ခန်းဝယ်ယူရန်အတွက် ပေးပို့ထားသည့် ငွေကျပ် ၄၀၁ သိန်း ထည့်ထားသော မြွေရေခွံအိတ်ကို ဆွဲယူပြီး မိမိက အော်ဟစ်ရန်ကြိုးစားခဲ့ရာ ရိုက်ခဲ့သဖြင့် သတိမေ့သွားခဲ့ကြောင်း၊ ကျောင်းတက်သွားနေသည့် သမီးနှစ်ဦးတို့ နေအိမ်သို့ရောက်ရှိလာမှ သတိပြန်ရခဲ့ကြောင်း၊ မြွေရေခွံအိတ်ဖြင့် ထည့်ထားသော ငွေကျပ် ၄၀၁ သိန်းအနက် ၁၇၅ သိန်းကို ဖိနပ်များချွတ်သည့်နေရာတွင် ပြန်လည်တွေ့ရှိခဲ့ရပြီး ရွှေထည်လက်ဝတ်ရတနာကိုးမျိုးနှင့် ငွေကျပ် ၂၂၆ သိန်း၊ စုစုပေါင်းတန်ဖိုးငွေကျပ် ၂၅၇၈၀၀၀၀ မှာ ပါသွားခဲ့ကြောင်းဖြင့် စုံစမ်းအရေးယူပေးရန် တိုင်တန်းချက်အရ တာမွေမြို့မရဲစခန်းက အမှုဖွင့်စုံစမ်းဆောင်ရွက်ခဲ့သည်။

အမှုကို ဖော်ထုတ်နိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ အရှေ့ပိုင်းခရိုင် အထူးမှုခင်းနှိမ်နင်းရေး ဌာနစုမှ တပ်ဖွဲ့ဝင်များနှင့် တာမွေမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက အခင်းဖြစ်အရပ်ကို အသေးစိတ်စစ်ဆေးခဲ့ရာ တိုင်တန်းခဲ့သည့် အမှုဖြစ်စဉ်နှင့် အခင်းဖြစ်ရပ် စစ်ဆေးတွေ့ရှိချက်များ ကွဲလွဲနေခြင်း၊ ပါသွားသည့် ငွေကြေးများမှာလည်း ၎င်းတို့၏ ကိုယ်ပိုင်ငွေများမဟုတ်ဘဲ တူမဖြစ်သူမှ အိမ်ခန်းဝယ်ယူရန်အတွက် ပေးပို့ထားသည့် ငွေများဖြစ်ပြီး ငွေကျပ် ၄၀၁ သိန်းအနက် ၂၂၆ သိန်းနှင့် ရွှေထည်ပစ္စည်းများကိုသာ ယူဆောင်သွားခြင်း၊ ဒေါ်ခင်စောနုကို အဝတ်စများဖြင့် ချည်နှောင်ထားသည်မှာ နေအိမ်ရှိ အဝတ်အစများဖြင့် မိန်းမချည် ချည်နှောင်ထားခြင်း၊ ဓားဖြင့် ထိုး၍ ၎င်းဝတ်ဆင်ထားသည့် အင်္ကျီစုတ်ပြဲသွားကြောင်း ပြောပြသိရှိရသော်လည်း ၎င်း၏ခန္ဓာကိုယ်တွင် မည်သည့် ဒဏ်ရာမျှ မတွေ့ရှိရခြင်း၊ အချက်များကြောင့် တိုင်တန်းသူ ဦးမန်ဇာတောင်၊ ပြစ်မှုကျူးလွန်ခံရသူ ဒေါ်ခင်စောနုနှင့် သမီးနှစ်ဦးတို့ကို အသေးစိတ် တိုက်ဆိုင်စစ်ဆေးခဲ့သည်။

ထိုသို့ တိုက်ဆိုင်စစ်ဆေးခဲ့ရာ ထိုင်းနိုင်ငံတွင် ပန်းရန်လုပ်ကိုင်နေသော ဒေါ်ခင်စောနု၏မောင်ဖြစ်သူ စိုးငွေးက ဖားကန့်တွင် ကျောက်လုပ်ငန်းလုပ်ကိုင်ရန်အတွက် ငွေတောင်းခံခဲ့ရာ ၎င်းတို့မိဘများပိုင်ဆိုင်သည့် မြေကွက်ရောင်းလျှင် ငွေကျပ်သိန်း ၁၅၀ ခန့်ရမည်ဟု ပြောကြားခဲ့ကြောင်း၊ အောက်တိုဘာ ၂၄ ရက် မွန်းလွဲ ၁ နာရီခွဲခန့်တွင် စိုးငွေးရောက်ရှိလာခဲ့ရာ ဒေါ်ခင်စောနုက မြေကွက်ရောင်းချရခြင်းမရှိသေးကြောင်း၊ ခင်ပွန်းဖြစ်သူ၏ တူမတော်စပ်သူက ပေးပို့ထားသည့်ငွေများသာရှိကြောင်း ပြောဆိုပြီး အဆိုပါငွေ ၄၀၁ သိန်းထဲမှ ငွေကျပ် ၂၂၅ သိန်းနှင့် ရွှေဆွဲကြိုးလေးကုံး၊ လက်ကောက်တစ်ကွင်းတို့ကို ပေးလိုက်ကြောင်း၊ ကျန်ရွှေထည်ပစ္စည်းများနှင့် ငွေကျပ်တစ်သိန်းတို့ကို နေအိမ်အတွင်း ဝှက်သိမ်းထားကာ တိုင်ချက်ပါအတိုင်းပြောပြပြီး ခင်ပွန်းနှင့်အတူ ရဲစခန်းသို့သွားရောက်၍ နေအိမ်အတွင်း ဝင်ရောက်လုယက်ခံရသကဲ့သို့ လီဆယ်တိုင်ကြားခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်ခဲ့ပါသည်။ ပေါ်ပေါက်ချက်အရ ဒေါ်ခင်စောနုက ဝှက်သိမ်းထားသော ရွှေထည်ပစ္စည်းများနှင့် ငွေကျပ်တစ်သိန်းတို့အား ပြန်လည်သိမ်းဆည်းနိုင်ခဲ့သည်။

အဆိုပါအမှုမှ တိုင်ကြားချက်ပါဖြစ်စဉ်များမှာ မှန်ကန်မှုမရှိကြောင်းနှင့် တိုင်ချက်ပါ ကျူးလွန်ခံရသူ ဒေါ်ခင်စောနုသည် လုယက်ခံရသကဲ့သို့ ပြုလုပ်ကာ လီဆယ်တိုင်ကြားခဲ့ခြင်းကြောင့် ဒေါ်ခင်စောနုအား ဥပဒေအရ ဆက်လက်အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဒို့ကျေးရွာဂျာနယ် အတွဲ(၁၁)၊ အမှတ် (၂၁) ထွက်ပြီ

ဒို့ကျေးရွာဂျာနယ် အတွဲ(၁၁)၊ အမှတ် (၂၁) အား နိုဝင်ဘာ ၁ ရက်နေ့တွင် ထုတ်ဝေလိုက်ပြီဖြစ်သည်။ ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် စီးပွားဖြစ် ကြက်မောက်ခြံတည်ထောင်စိုက်ပျိုးမည်ဆိုလျှင်၊ စပ်မျိုးစပါးနှင့် ပေါင်တင်ကြခင်းစိုက်ပျိုးရေး နည်းစနစ် (၂)၊ ကျေးလက်လယ်မြေထိန်းသိမ်းတတ်စေဖို့ ကန့်ဘလူဒေသထွက် နဂါးမောက်သီးများ ဈေးကွက်ဝင် အရောင်းသွက်၊ ကျန်းမာရေး အထောက်အကူပြု ကညွတ်ပင်အား မုံရွာမြို့တွင် စိုက်ပျိုးမှုများပြားလာစသည့် စိုက်ပျိုးရေးသတင်းဆောင်းပါးများ၊ စားမြို့ပြန်သတ္တဝါများ မွေးမြူရေးနှင့် အိမ်သုံးဆားကျွေးမွေးခြင်း၊ နွားမွေးမြူရေးနှင့် နွားစားကျက်ရှားပါးမှုပြဿနာ၊ မွေးဝက်ငယ်ကောင်ရေများများ မွေးစေရေး၊ ဗဟိုစံပြငါးဈေးကြီးတွင် ငါးမြစ်ချင်း ခြစ်သားထုတ်လုပ်မှု နေ့စဉ်ပိဿာချိန် နှစ်သောင်းကျော်ရှိ စသည့် မွေးမြူရေးသတင်းဆောင်းပါးများ၊ နာကျင်မှုဝေဒနာကို ပြေလျော့စေမယ့် သဘာဝနည်းလေးများ၊ ဆံပင်ဖြူပျောက်ဆေးအလွယ်လေး၊ ရာသီဥတုနှင့် ကျန်းမာရေး၊ သတင်းဆောင်းပါးများ၊ လူ့စွမ်းအားအရင်းအမြစ်နှင့် လူငယ်ထုကဏ္ဍ စသည့် အသိပညာပေး သုတ၊ ရသ ဆောင်းပါးများ၊ ပြည်ပရင်းနှီးမြှုပ်နှံမှုပစ္စည်းများတင်သွင်းမှုမှာ ယခင်နှစ်ထက် ဒေါ်လာသန်းပေါင်း ၁၆၀၀ ကျော်ရှိ၊ ခရီးသွားလုပ်ငန်းမြှင့်တင်ရန် ပုဂံ၌ ယဉ်ကျေးမှုအနုပညာကပွဲများ စီစဉ်တင်ဆက်မည်။ မြန်မာနိုင်ငံ၌ နိုင်ငံတကာအဆင့်မီ စားသောက်ကုန်ဓာတ်ခွဲခန်းတည်ဆောက်မည် စသည့် မျက်မှောက်ရေးရာ သတင်းများ၊ ကက်ရှ်မီးယားနယ်စပ် ပဋိပက္ခများ ညှိနှိုင်းဖြေရှင်းရန် ကုလအတွင်းရေးမှူးချုပ်တိုက်တွန်း၊ ကိုရီးယားနှစ်နိုင်ငံ စစ်ဘက်ဆိုင်ရာ အဆင့်မြင့်ဆွေးနွေးပွဲကျင်းပ၊ ကမ္ဘာ့စီးပွားရေး ပြန်လည်ဦးမော့အောင်ပြုလုပ်ရန် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့တိုက်တွန်း စသည့် နိုင်ငံတကာသတင်းဆောင်းပါးများ၊ အားကစားသတင်းများ၊ အနုပညာသတင်းများ၊ တိမ်ကင်းစင်၍ လမင်းသာဝတ္ထုတိုတို့အပြင် ကဗျာ၊ ဟာသ ၊ ပုံပြင်၊ ကာတွန်း၊ ဗေဒင်နှင့် သတင်းအတိုအထွာများကို စုံလင်စွာ ဖော်ပြထားပါသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်စောင်လျှင် ငွေကျပ် ၂၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်ပါသည်။ ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့် ကြော်ငြာများကို အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

## ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

**စလင်း နိုဝင်ဘာ ၇**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကူတိုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် ရတနာမိုးကျောင်းဆောင်သစ်ပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၅ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ရတနာမိုးကျောင်းဆောင်သစ်ကို အလှူရှင် ဦးထွန်းထွန်းစိုး၊ တိုင်းပညာရေးမှူး (ငြိမ်း) ဦးလှသိန်း၊ ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်နှင့် မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

၎င်းကျောင်းဆောင်သစ်ကို မန္တလေးမြို့နေ ဦးထွန်းထွန်းစိုး- ဒေါ်တင်တင် "ရတနာမိုး မန္တလေးကုမ္ပဏီလီမိတက်"က စလင်းမြို့နယ် ကူတိုကျေးရွာ အလကကျောင်း(ခွဲ)သို့ ငွေကျပ် ၃၂၄ သိန်း တန်ဖိုးရှိ ရတနာမိုးတစ်ထပ်ကျောင်းဆောင်သစ်ကို ဆောက်လုပ်လှူဒါန်းခြင်းဖြစ်သည်။ ယင်းအခမ်းအနားသို့ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူ ၃၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**စစ်ကြည် (စလင်း)**


**ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန**
**ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ရန်ကုန်မြို့**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ကျန်းမာရေးဦးစီးဌာန၊ ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)တွင် အသစ်ဆောက်လုပ်မည့် OT Complex နှစ်ထပ်ဆောင်တစ်လုံး ဆောက်လုပ်ခြင်းလုပ်ငန်းအတွက် လိုင်စင်ရ ဆောက်လုပ်ရေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်နေ့ရက်** - ၁၀-၁၁-၂၀၁၄ ရက် (တနင်္လာနေ့)
**တင်ဒါပိတ်မည့်နေ့ရက်နှင့်အချိန်** - ၁-၁၂-၂၀၁၄ ရက် (တနင်္လာနေ့) ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆောက်လုပ်မည့်အဆောက်အအုံနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက်ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၁-၂၂၁၀၁၃၊ ၀၁-၂၂၂၈၀၄-၈၀၆(လိုင်းခွဲ-၃၃၃၃)**



**ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန**
**စံပြဆေးရုံကြီး-သဃ်္ဃန်းကျွန်း**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ကျန်းမာရေးဦးစီးဌာန၊ စံပြဆေးရုံကြီး(သဃ်္ဃန်းကျွန်း)၏ ဓာတ်ခွဲခန်းတွင် အခြေခံဓာတ်ခွဲစစ်ဆေးချက်များ ပြုလုပ်ရန်လိုအပ်သော ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်နေ့ရက်** - ၇-၁၁-၂၀၁၄ ရက်၊ နံနက် ၁၀း၀၀ နာရီ
**တင်ဒါပိတ်မည့်နေ့ရက်နှင့်အချိန်** - ၂၀-၁၁-၂၀၁၄ ရက်၊ ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်း၊ စည်းကမ်းချက်များနှင့် လုပ်ငန်းများအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**စံပြဆေးရုံကြီး(သဃ်္ဃန်းကျွန်း)**
**ကျိုက္ကစံဘုရားလမ်း၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၁-၅၇၉၈၇၈၊ ၅၇၉၈၉၆၊ ၅၇၉၈၇၆**


## အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့နေ ပြည်သူလူထု၏ အဆောက်အအုံဆောက်လုပ်ခွင့်များ လွယ်ကူလျင်မြန်စွာရရှိစေရန်အတွက် လျှောက်ထားရာတွင် တင်ပြရသည့် လိုအပ်ချက်များကို အနည်းဆုံးဖြစ်အောင် ဖြေလျှော့၍ စိစစ်သည့်အချိန်ကာလကိုလည်း ယခင်ကထက် ပိုမိုလျင်မြန်စေရန်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့အပြင် လိုင်စင်မရှိဘဲ ဆောက်လုပ်သည့် ကန်ထရိုက်တာနှင့် အင်ဂျင်နီယာများ မရှိစေရေးအတွက်လည်း ကန်ထရိုက်တာလိုင်စင်နှင့် အင်ဂျင်နီယာလိုင်စင် လျှောက်ထားလာမှုများကိုလည်း စိစစ်၍ ခွင့်ပြုပေးလျက်ရှိပါသည်။

သို့ရာတွင် လိုင်စင်ကန်ထရိုက်တာနှင့် လိုင်စင်အင်ဂျင်နီယာများသည် လုပ်ငန်းများအား ကိုယ်တိုင်ကြီးကြပ်ဆောက်လုပ်ခြင်းမရှိဘဲ လိုင်စင်ကြေးရယူ၍ လက်မှတ်ရေးထိုးနေကြောင်း တွေ့ရှိရသဖြင့် မိမိလက်မှတ်ရေးထိုးထားသည့်အဆောက်အအုံများနှင့်ပတ်သက်၍ သတ်မှတ်စည်းကမ်းဖောက်ဖျက်မှုများရှိပါက သက်ဆိုင်ရာ လိုင်စင်ကန်ထရိုက်တာနှင့် လိုင်စင်အင်ဂျင်နီယာများကို ထိရောက်စွာ အရေးယူသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ခွင့်ပြုချက်မဲ့နှင့် ခွင့်ပြုချက်မရမီ ကြိုတင်ဆောက်လုပ်ခြင်း၊ ခွင့်ပြုပုံစံနှင့် ကွဲလွဲစွာတိုးချဲ့ခြင်း၊ အထပ်ပိုဆောက်လုပ်ခြင်းများကို တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာအရေးယူမည်ဖြစ်သကဲ့သို့ ၎င်းအဆောက်အအုံများကို ကြီးကြပ်ဆောက်လုပ်ရန် တာဝန်ယူလက်မှတ်ရေးထိုးသည့် လိုင်စင်ကန်ထရိုက်တာနှင့် လိုင်စင်အင်ဂျင်နီယာတို့ကိုလည်း လိုင်စင်ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း၊ အမည်ပျက်စာရင်းသွင်းခြင်းတို့အပြင် ပေးသွင်းထားသော အာမခံငွေသိမ်းယူခြင်းတို့ဖြင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(ဆောက်အအုံ)**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

လသာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၁ အေ၊ မြေကွက်အမှတ် Southern Quarter of II Class 15 ၊ မြေကွက်တည်နေရာအမှတ် ၃၀၊ စဉ့်အိုးတန်းလမ်း၊ လသာမြို့နယ်၊ Lee Keong Sue, Lee Keong Swee, Lee Paik Lian(a)Lee Kim Lyan(a)Dr. U Aye Lwin အမည်ပေါက် မြေပိုင်မြေထဲမှ Lee Keong Sue ပိုင်ဆိုင်ခွင့်အစုမှ (၄ ၁/၆ ပေ×ပေ၆၀) မြေအား ပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်(၅၂၃/၁၉၈၁)အရ ဒေါ်ညွန့်(CE-၁၁၃၆၀၈)နှင့် ဒေါ်ကြင်အိမ်(ခ)ဒေါ်ခင်အေးနွဲ့ CB-၀၂၂၇၀၈ တို့မှပိုင်ခဲ့ပြီး ၎င်းတို့မှ အရောင်းအဝယ်စာချုပ် (၇၂၆/၁၉၈၁)ဖြင့် ရောင်းချခဲ့သဖြင့် အင်ကီတပ်(ခ)ဦးရွှေ ၁၂/လသန(နိုင်)၀၁၅၃၉၁၊ (LTA-၀၁၄၃၄၃)မှ ပိုင်ဆိုင်ခဲ့ပါသည်။ ယခုအခါ အင်ကီတပ်(ခ)ဦးရွှေသည် ၆-၄-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပြီး ၎င်း၏ဇနီး ဒေါ်ခင်စန်းရီ(ခ)တန်ရှုငေါ်သည် ၁-၈-၂၀၀၁ရက်တွင် ကွယ်လွန်ခဲ့သဖြင့် ၎င်းတို့၏သားသမီးများဖြစ်ကြသော ဒေါ်တင်တင်မွေး ၁၂/လသန(နိုင်) ၀၁၅၃၄၄၊ ဦးအောင်ကျော်ဦး ၁၂/လသန(နိုင်)၀၁၅၃၄၅၊ ဒေါ်ယဉ်ယဉ်မွေး ၁၂/လသန(နိုင်) ၀၀၅၃၃၅၊ ဦးကျော်လင်း ၁၂/လသန(နိုင်)၀၀၅၂၃၇၊ ဦးအောင်ကျော်ဝင်း ၁၂/လသန(နိုင်) ၀၀၅၃၃၄တို့က ၎င်းတို့၏ဖခင် ဦးအင်ကီတပ်(ခ)ဦးရွှေ ပိုင်ခဲ့သော ဖော်ပြပါမြေအမည်ပေါက် တစ်ဦး Lee Keong Sue ၏ ပိုင်ဆိုင်ခွင့်အစုအား သေစာရင်းများ၊ ကျမ်းကျိန်လွှာများနှင့် ဖော်ပြပါစာချုပ်စာတမ်းများနှင့်အတူ ပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်လာခြင်းမရှိပါက မြေပုံကူးလျှောက်ထားမှုကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# သမိုင်းဝင်ဖိုလ်ဝင်တောင် ဗုဒ္ဓပူဇနိယပွဲတော် စည်ကားစွာကျင်းပ

**သတင်းဆောင်းပါး – ဦးငယ်(ဆားလင်းကြီး)**

ချင်းတွင်းမြစ်၏ အနောက်ဘက်ကမ်းရှိ ထင်ရှားကျော်ကြားလှသော ရှေးဟောင်းသမိုင်းဝင် ဖိုလ်ဝင်တောင် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ နှစ်စဉ် တန်ဆောင်မုန်းလဆန်း ၁၀ ရက်မှ တန်ဆောင်မုန်းလပြည့်နေ့အထိ ကျင်းပလာခဲ့သော ရှေးဟောင်းသမိုင်းဝင် ဖိုလ်ဝင်တောင် ဗုဒ္ဓပူဇနိယပွဲတော်ကြီးသည် တစ်နှစ်ထက်တစ်နှစ် ဘုရားဖူးလာသူများ၊ ရှေးဟောင်းနံရံဆေးရေးပန်းချီများ၊ ကျောက်သားများကို ထွင်းထုတည်ထားခဲ့ကြသော ဘုရား၊ ပုထိုး၊ စေတီများကို လာရောက်ဖူးမြော်လေ့လာကြသော နိုင်ငံခြားခရီးသွားဧည့်သည်များ၊ ရပ်နီးရပ်ဝေးနေပြည်သူများ၊ ဈေးရောင်း ဈေးဝယ်ကြသော ဈေးသည်များဖြင့် အထူးပင်စည်ကားလှသော ပွဲတော်ကြီးပင်ဖြစ်သည်။

ရွှေလသာ ဝါဝါဝင်းဟူသော ဆိုရိုးစကားနှင့်အညီ ဖိုလ်ဝင်တောင်ပေါ်တွင် ဗုဒ္ဓရုပ်ပွားတော်ပေါင်း ၄၄၆၄၄၄ ဆူရှိသောကြောင့်လည်းကောင်း၊ ထူးခြားသော ကျောက်သားထွင်းထု ဘုရား၊ ဂူ၊ ကျောင်းများရှိသောကြောင့်လည်းကောင်း ဘုရားဖူးလာဧည့်ပရိတ်သတ်များမှာ ကြိတ်ကြိတ်တိုး စည်ကားလှပေသည်။ ဖိုလ်ဝင်တောင်သည် ထူးထူးခြားခြား ကျောက်သားများကိုထွင်းထုပြီး ဆင်းတုတော်များ၊ ဘုရားကျောင်းဆောင်များနှင့် အခြားရုပ်တုများကိုအများအပြားထွင်းထုထားသည့် ထူးခြားအံ့ဩဖွယ် နေရာတစ်ခုဖြစ်ပြီး အဆိုပါကျောက်ထွင်းလက်ရာများ တစ်နေရာတည်းအများအပြားရှိနေမှုတွင် ကမ္ဘာ့အများဆုံးနေရာများ၌ တစ်ခုအပါအဝင်ဖြစ်ကြောင်း သိရသည်။

ဖိုလ်ဝင်တောင်ဗုဒ္ဓပူဇနိယပွဲကို ရှေးကာလကတည်းက နွားလှည်းများဖြင့် ငါးရက် လေးညအိပ် အစရှိသဖြင့် ညအိပ်ညနေ တည်းခိုလာရောက်လည်ပတ်ဖူးမြော်ကြရာ ယခုနောက်ပိုင်းတွင် နွားလှည်းငှားရမ်းခများမှာ ယခင်က ငွေကျပ် ၅၀၀၀ မှ ၁၀၀၀၀ ခန့်သာရှိခဲ့ပြီး လွန်ခဲ့သော နှစ်နှစ်ခန့်မှစ၍ နွားလှည်းငှားရမ်းခနှုန်းမှာ ငွေကျပ် ၂၅၀၀၀ မှ ၃၀၀၀၀ ခန့်အထိ ဈေးနှုန်းမြင့်တက်လာသောကြောင့်လည်းကောင်း၊ ကားနှင့် ဆိုင်ကယ်များ ပေါများလာကြသောကြောင့်လည်းကောင်း၊ ကားကြီးကားငယ်မျိုးစုံဖြင့် အုပ်စုဖွဲ့ အပြတ်ငှားရမ်း၍လည်းကောင်း၊ ဆိုင်ကယ်များဖြင့်သွားရောက်၍လည်းကောင်း ညအိပ်ညနေ တည်းခိုခြင်းများရှိလာခဲ့ပြီဖြစ်သည်။

ဖိုလ်ဝင်တောင်ဘုရားပွဲ၏ အဓိကရောင်းကုန်မှာ ဒေသထွက် ဖိုလ်ဝင်တောင်မျှစ်ချဉ်ဖြစ်၍၊ ဖိုလ်ဝင်တောင်ပြန်လက်ဆောင်အဖြစ် မျှစ်ချဉ်ဝယ်ယူကြသလို၊ ညအိပ်ညနေ လာရောက်လည်ပတ်သူအများစုမှာလည်း မျှစ်ချဉ်နှင့်ဝက်သားကို ရောသမချက်ပြုတ်၍ ငါးပိကြော်ဖြင့် စားသုံးကြစမြဲထုံးစံဖြစ်သည့်အတွက် မျှစ်ချဉ်ရောင်းသည့် ဈေးသည်များမှာလည်း လက်မလည်အောင် အထူးပင်ရောင်းအားကောင်းလှပေသည်။ မျှစ်ချဉ်တစ်ပိဿာလျှင် ယခင်က ငွေကျပ် ၁၅၀၀ သာရှိသော်လည်း ယခုနှစ်တွင် ငွေကျပ် ၂၀၀၀ ဈေးဖြင့် ရောင်းချပါကြောင်း ဈေးသည်တစ်ဦးက ဆိုသည်။ စားသုံးရာတွင်လည်း အခြားမျှစ်ချဉ်များနှင့်မတူ ဖိုလ်ဝင်တောင်မျှစ်ချဉ်က အလွန်ပင်အရသာထူးခြားကောင်းမွန်သည်ဟု ဝယ်ယူသူများမှ ပြောပြသည်။

အခြားပျော်စရာကောင်းသောဓလေ့တစ်ခုမှာ ဖိုလ်ဝင်တောင်တွင် သဘာဝအတိုင်း နေထိုင်ကြသော ချစ်စရာကောင်းလှသည့် မျောက်များကို အစာကျွေးရခြင်းဖြစ်ပြီး ကလေး၊ လူကြီးမရွေး အလွန်ပင်သဘောကျကြသည်။ မျောက်များကလည်း ကြောက်လန့်မှုတစ်စုံတစ်ရာမရှိဘဲ ကျွေးသောမျောက်စာများကို အန္တရာယ်ကင်းကင်းဖြင့် စားသုံးကြသည်။ မျောက်များနှင့် ဓာတ်ပုံရိုက်ကြ၊ မျောက်စာကျွေးကြဖြင့် ပျော်မဆုံးပင်ဖြစ်ပေသည်။ အဆိုပါမျောက်များ၏ ထူးခြားမှုမှာ ပွဲတော်ရက်မဟုတ်သည့်အချိန်နှင့် ပွဲတော်ရက်အစပိုင်းများတွင် များစွာတွေ့ရှိရပြီး ပွဲတော်နောက်ဆုံးရက်များဖြစ်သော လပြည့်မတိုင်မီရက်နှင့် လပြည့်နေ့များတွင် မတွေ့ရှိရတော့ပေ။ ဒေသခံများ၏အဆိုအရ ဖိုလ်ဝင်တောင်ရှင်မကြီးက မျောက်များကို သိမ်းဆည်းထားခြင်းဟု ဆိုကြသည်။

ဖိုလ်ဝင်တောင်ပွဲသို့ လာရောက်လည်ပတ်သူများ များပြားလှသော်လည်း ခိုက်ရန်ဒေါသဖြစ်ပွားမှုမရှိကြဘဲ တစ်ဦးနှင့်တစ်ဦး ညီအစ်ကိုမောင်နှမကဲ့သို့ နားလည်မှုဖြင့် ချစ်ချစ်ခင်ခင်ဖြင့် ဘုရားဖူးလာကြသည်ကို တွေ့ရှိခဲ့ရပေသည်။ သို့ဖြစ်ရာ ရှေးဟောင်းသမိုင်းဝင် ဖိုလ်ဝင်တောင် ဗုဒ္ဓပူဇနိယပွဲတော်သို့ တစ်ခါတစ်ခေါက် သွားရောက်လည်ပတ်မည်ဆိုပါက မုံရွာမြို့၏ တစ်ဖက်ကမ်းသို့ ချင်းတွင်းတံတားမှဖြတ်၍ ပုသိမ်-မုံရွာလမ်းခွဲမှ ညောင်ပင်ကြီးယင်းမာပင်သွားကားလမ်းဘေးတွင် တည်ရှိသော ဖိုလ်ဝင်တောင်သို့ သွားရောက်လည်ပတ်နိုင်ပါသည်။ ။

# လာမည့်နှစ်အတွင်း ကမ္ဘာလှည့်ခရီးသည်လေးသန်းနီးပါး လာရောက်မည်ဟုခန့်မှန်း



နိုဝင်ဘာ ၃ ရက်က ရန်ကုန်မြို့လယ် မဟာဗန္ဓုလပန်းခြံအတွင်း ကမ္ဘာလှည့်ခရီးသွားများ ဝင်ရောက်လည်ပတ်နေမှုကို တွေ့ရစဉ်။

**ရန်ကုန် နိုဝင်ဘာ ၇**

e-Visa စနစ်ကျင့်သုံးပြီးနောက်ပိုင်း မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ ပိုမိုလာရောက်လျက်ရှိရာ လာမည့် ၂၀၁၅ ခုနှစ်အတွင်း ကမ္ဘာလှည့်ခရီးသွားဧည့်သည် လေးသန်းနီးပါးလာရောက်လည်ပတ်နိုင်ရန် ခန့်မှန်းထားကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

"မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်တဲ့ ခရီးသွားဧည့်သည်တွေဟာ e-Visa စနစ်ကြောင့် သွားလာရ ပိုမိုလွယ်ကူလာပါတယ်။ ဒီအတွက် ခရီးသွားများလာရောက်မှုဟာလည်း တိုးတက်များပြားလာပါတယ်။ လာမယ့် ၂၀၁၅ ခုနှစ်မှာတော့ ကမ္ဘာလှည့်ခရီးသွား လေးသန်းလောက် လာလိမ့်မယ်လို့ ခန့်မှန်းထားပါတယ်"ဟု အဆိုပါတာဝန်ရှိသူက ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံသို့ ပြည်ပခရီးသွားများ လာရောက်မှု လွယ်ကူစေရေးအတွက် စက်တင်ဘာ ၁ ရက်မှ စတင်၍ နိုင်ငံပေါင်း ၄၁ နိုင်ငံမှ ခရီးသွားများအတွက် e-Visa စနစ်ကို စတင်ကျင့်သုံးခဲ့ကြောင်း သိရသည်။ မြန်မာနိုင်ငံသို့ ပြည်ပနိုင်ငံများမှ လေကြောင်းခရီးအပြင်၊ ရေကြောင်းနှင့် နယ်စပ်ဂိတ်ပေါက်များမှ ဝင်ရောက်လျက်ရှိရာ အဓိကအများဆုံး လာရောက်သော နိုင်ငံခြားသားများမှာ တရုတ်နှင့် ထိုင်းနိုင်ငံသားများဖြစ်ပြီး ယခုနောက်ပိုင်း ဥရောပနိုင်ငံများမှလည်း တဖြည်းဖြည်း တိုးတက်လာရောက်လည်ပတ်လျက်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၁၃ ခုနှစ်အတွင်း မြန်မာနိုင်ငံသို့ ပြည်ပခရီးသွားဧည့်သည် ၂ ဒသမ ၄ သန်း ဝင်ရောက်ခဲ့ရာ အမေရိကန်ဒေါ်လာ ၉၂၆သန်းဝင်ငွေရရှိခဲ့သည်။ ယခုနှစ်အတွင်း ခရီးသွားသုံးသန်းနီးပါး လာရောက်ရန် ခန့်မှန်းထားပါသည်။ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် ၂၀၁၃ခုနှစ်တွင် Tourism Master Plan တစ်ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိရာ ၂၀၂၀ပြည့်နှစ်အရောက်တွင် ခရီးသွားဧည့်သည် ၇ ဒသမ ၅ သန်း မြန်မာနိုင်ငံသို့ လာရောက်ရန် ခန့်မှန်းထားသည်။

တစ်ချိန်တည်းမှာပင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်း (Sustainable Tourism) တစ်ရပ်ဖြစ်ထွန်းနေစေရန် မူဝါဒ/စီမံကိန်းများ ရေးဆွဲပြဌာန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း–မောင်နွေသစ်**
**ဓာတ်ပုံ–သက္ကာ**


**အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန**
**လူမှုဖူလုံရေးအဖွဲ့**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ လူမှုဖူလုံရေးရုံးချုပ်မှ အောက်ဖော်ပြပါ အဆောက်အအုံများအား ပြန်လည်မွမ်းမံ ပြင်ဆင်ဆောက်လုပ်သွားမည်ဖြစ်သဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ကြားအပ်ပါသည်-
(က) ရန်ကုန်အလုပ်သမားဆေးရုံကြီး ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်း (၂၂)မျိုး
(ခ) ထန်းတပင်အလုပ်သမားဆေးရုံကြီး ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်း (၆)မျိုး
(ဂ) မန္တလေးအလုပ်သမားဆေးရုံကြီး ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်း (၃)မျိုး

၂။ **တင်ဒါပုံစံဝယ်ယူရမည့်ရက်** - ၁၃-၁၁-၂၀၁၄ ရက်မှ ၁၈-၁၁-၂၀၁၄ ရက်အထိ (ရုံးချိန်အတွင်း)
**တင်ဒါတင်သွင်းရမည့်ရက်** - ၁၂-၁၂-၂၀၁၄ရက် ၀၉း၃၀ နာရီမှ ၁၆း၀၀ နာရီအတွင်း တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၃၀၃၇၀၊ ၀၆၇-၄၃၀၃၇၁ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လူမှုဖူလုံရေးအဖွဲ့၊ ရုံးအမှတ်(၅၁)၊ နေပြည်တော်**



**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ရန်ကုန်တိုင်းဒေသကြီးအစိုးရ**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**
**ပစ္စည်းဝယ်ယူရေးအဖွဲ့**

**ရက်စွဲ။ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၅ရက်**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းများတွင် အသုံးပြုရန် အတွက် လိုအပ်သော ထိုင်းဘိလပ်မြေအိတ်(၆၀၀၀၀၀)ကို ဌာနသတ်မှတ်နေရာအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါများကို ၁၃-၁၁-၂၀၁၄ ရက် (၁၅း၃၀)နာရီနောက်ဆုံးထား၍ လက်ခံမည်ဖြစ်ပြီး ယင်းနေ့(၁၆း၀၀)နာရီတွင် တင်ဒါဈေးနှုန်းလွှာများကို ဖွင့်ဖောက် စိစစ်မည်ဖြစ်ပါသဖြင့် တစ်ပါတည်းတက်ရောက်နိုင်ပါရန် ဖော်ပြအပ်ပါသည်။

၃။ တင်ဒါပုံစံတစ်စုံလျှင် ကျပ် ၂၀၀၀ (ကျပ်နှစ်ထောင်တိတိ)နှုန်းဖြင့် မြို့တော်ခန်းမ (ပထမထပ်)ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အတွင်းရေးမှူး၊ ပစ္စည်းဝယ်ယူရေးအဖွဲ့**



**ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း**

အမေရိကန်နိုင်ငံ၊ Massa Chusetts ပြည်နယ်၊ Watertown မြို့၊
10 Williams Street၊ Apt (50) နေ
ဦးစံလင်း-ဒေါ် Oppen Heim တို့၏ တစ်ဦးတည်းသောသား

**ဒေါက်တာဝင်းမင်းထွဋ် (M.D)**

**နှင့်**

ရန်ကုန်မြို့၊ လမ်းတော်မြို့နယ်၊ အနော်ရထာလမ်း၊
No.334/344၊ ပုဂံအိမ်ရာ၊ တိုက် 1(B)၊ အခန်း (၆၀၁)နေ
ဦးကြည်တိုး-ဒေါ်မြင့်မြင့်သိန်း (J-6၊ ညောင်ပင်လေးဈေး)တို့၏ သမီးကြီး
ဒေါက်တာအိရွှေစင်မွန်၏အစ်မ

**ဒေါက်တာ ခင်မို့မို့ဇင် M.B.,B.S (Ygn)**

တို့သည် ၆-၁၁-၂၀၁၄ရက် (ကြာသပတေးနေ့)တွင် နှစ်ဖက်သောမိဘဆွေမျိုးများ ရှေ့မှောက်၌ တရားဝင်ခေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဒေါက်တာဝင်းမင်းထွဋ်-ဒေါက်တာခင်မို့မို့ဇင်**



**ကန့်ကွက်နိုင်ပါကြောင်း**

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃[I]၊ မြေကွက်အမှတ် V ၁၄၀၊ ၁၄၁/A၊ မြေကွက်တည်နေရာအမှတ် ၂၈၉၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ် ဒေါ်မြယဉ်ဦး အမည်ပေါက်နှစ်၆၀ မြေငှားဂရန်မြေအား အမည်ပေါက်ဒေါ်မြယဉ်ဦးနှင့် ခင်ပွန်း ဦးနုမောင်တို့နှစ်ဦးစလုံး ကွယ်လွန်သဖြင့် သမီး ဒေါ်ဥမ္မာနု ၁၂/အလန(နိုင်)၀၂၂၈၉၁၊ ဒေါ်နုသီတာ ၁၂/အလန(နိုင်)၀၂၂၈၉၄တို့က သေစာရင်း၊ ကျမ်းကျိန်လွှာ၊ မှတ်ပုံတင်၊ ဂရန်၊ မြေခွန်ပြေစာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့်ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်လာခြင်းမရှိက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



**ကန့်ကွက်နိုင်ပါကြောင်း**

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃[I]၊ မြေကွက်အမှတ် V ၁၄၀၊ ၁၄၁/B၊ မြေကွက်တည်နေရာအမှတ် ၂၈၇၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ် ဒေါ်မြယဉ်ဦး အမည်ပေါက်နှစ်၆၀ မြေငှားဂရန်မြေအားအမည်ပေါက် ဒေါ်မြယဉ်ဦးနှင့် ခင်ပွန်း ဦးနုမောင်တို့နှစ်ဦးစလုံး ကွယ်လွန်သဖြင့် သမီး ဒေါ်ဥမ္မာနု ၁၂/အလန(နိုင်)၀၂၂၈၉၁၊ ဒေါ်နုသီတာ ၁၂/အလန(နိုင်)၀၂၂၈၉၄တို့က သေစာရင်း၊ ကျမ်းကျိန်လွှာ၊ မှတ်ပုံတင်၊ ဂရန်၊ မြေခွန်ပြေစာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်လာခြင်း မရှိကလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



**အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ သီလဝါရပ်ကွက်၊ မြေကွက်အမှတ်(၆၀၉)ပေါ်ရှိ မြေအကျယ်အဝန်း ပေ(၆၀×၄၀)ရှိ ဒေါ်အေးသာ အမည်ပေါက် စလစ်မြေနှင့် ကျောက်တန်းမြို့နယ်၊ သီလဝါရပ်ကွက်၊ မြေကွက်အမှတ်(၆၁၀)ပေါ်ရှိ မြေအကျယ်အဝန်း ပေ(၆၀×၄၀)ရှိ ဦးဝင်းအောင် အမည်ပေါက် စလစ်မြေနှင့် ပတ်သက်၍ ယင်းမြေ၏အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးစောသိန်း ၁၂/တမန(နိုင်)၀၅၀၈၃၂ ၏အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်စန်းစန်းရီ ၁၂/တမန(နိုင်)၀၅၀၉၄၀က ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကိစ္စအတွက် အကျိုးသက်ဆိုင်သည့် မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် သတ်မှတ်ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အထက်ပါအရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်မျိုးထက် LL.B အထက်တန်းရှေ့နေ**
**အမှတ်(၄၀၅/ခ)၊ အောင်သိဒ္ဓိ ၄လမ်း၊ (၂၀)ရပ်ကွက်၊ ဒဂုံ(တောင်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၄၂၀၀၈၇၁၇၇၊ ၀၉-၃၁၂၆၄၀၅၀**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ရွှေတိဂုံစေတီတော်၌ စုပေါင်း သွေးလှူဒါန်းပွဲကျင်းပမည်

**မုံရွာ နိုဝင်ဘာ ၇**

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က ကြီးမှူး၍ (၂၂) ကြိမ်မြောက် ဒါန ဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲကို ဒီဇင်ဘာ ၁၃ ရက်(စနေနေ့) နံနက် ၈ နာရီတွင် စေတီတော်ရင်ပြင်၌ ကျင်းပမည်ဖြစ်သည်။

သွေးလှူရှင်အရေအတွက်အတိုင်း နေရာထိုင်ခင်း၊ အာဟာရနှင့် အခြားဖြည့်ဆည်းပေးဖွယ်ရာများ ကြိုတင်စီမံဆောင်ရွက်နိုင်ရန်အတွက် စေတနာအလျောက် သွေးလှူဒါန်းလိုသူများသည် ရွှေတိဂုံစေတီတော်ရင်ပြင် အင်္ဂါထောင့်၌ ဖွင့်လှစ်ထားသည့် အလှူငွေနှင့် သွေးလှူရှင်စာရင်းလက်ခံရာဌာန၌ ဆက်သွယ်လှူဒါန်းစာရင်းပေးသွင်းကြရန်လိုကြောင်း သိရသည်။

**ကိုချစ်**



(၃၈) ကြိမ်မြောက် မြန်မာနိုင်ငံ သွေးလှူရှင်များနေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံစာရေးဆရာအသင်း တွဲဖက်အတွင်းရေးမှူး သုခမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်ရ ဦးစိုးရှိန်(မောင်စိုးထိုက်-သုံးဆယ်) စာပေဆုများနှင့် လူမှုထူးချွန်(ပထမဆင့်) ဆုရှင်သည် အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင် ၅၀၀ တွင် နိုဝင်ဘာ ၄ ရက်က ၁၂၉ ကြိမ်မြောက် သွေးလှူဒါန်းခဲ့သည်။ (မြန်မာ့အလင်း)

# မော်တော်ဆိုင်ကယ်စီးဦးထုပ်များ အခမဲ့ဝေငှပေး

**ကျောက်ပန်းတောင်း နိုဝင်ဘာ ၇**

မော်တော်ဆိုင်ကယ်စီးနင်းသူများ ယာဉ်ထိခိုက်မှုအန္တရာယ် လျော့နည်းကျဆင်းစေရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိသင့်သိထိုက်သည်များကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်ပြီး ဥပဒေကိုလေးစား လိုက်နာတတ်စေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး အမှတ်(၁၁)ယာဉ်ထိန်းရဲ ဒုတိယတပ်ဖွဲ့ခွဲနှင့် မြို့နယ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးကော်မတီတို့ ပူးပေါင်းကျင်းပသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးဟောပြောပွဲနှင့် မော်တော်ဆိုင်ကယ်စီးဦးထုပ်များပေးအပ်ပွဲကို ကျောက်ပန်းတောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စပါးခန်းမ၌ နိုဝင်ဘာ ၅ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဝင်းက အမှာစကားပြောကြားပြီး အမှတ်(၁၁) ယာဉ်ထိန်းရဲ ဒုတိယတပ်ဖွဲ့ခွဲ (မန္တလေး)မှ ဒုတိယတပ်ဖွဲ့ခွဲမှူး ရဲမှူးသိန်းကိုကိုက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာများနှင့် ယာဉ်မောင်းသူများ လမ်းအသုံးပြုသူများ လိုက်နာရမည့်၊ သိသင့်သိထိုက်သည်များကို ပရိုဂျက်တာဖြင့်ပြသ ဟောပြောဆွေးနွေးပြီး တက်ရောက်လာသူများက မေးမြန်းသည်များကို ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသူများအား ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးပြီး ဆိုင်ကယ်စီးဦးထုပ် အလုံး ၂၀၀ ကို အခမဲ့ဖြန့်ဝေပေးသည်။

ဟောပြောပွဲနှင့် ဆိုင်ကယ်စီးဦးထုပ်များပေးအပ်ပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းသိန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် မော်တော်ယာဉ်လိုင်းပေါင်းစုံမှတာဝန်ရှိသူများ၊ ရပ်ကွက်များမှ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**နေအောင်**



# တာချီလိတ်ရွှေတိဂုံစေတီ၌ စုပေါင်းဆွမ်းဆန်စိမ်းလောင်းလှူ

**တာချီလိတ် နိုဝင်ဘာ ၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့ ရွှေတိဂုံစေတီတော်ရင်ပြင်ဓမ္မာရုံ၌ စေတီတော် ထီးတော်တင်လှူပူဇော်ခြင်း (၁၆)ကြိမ်မြောက် အထိမ်းအမှတ် ဘုရားအနေကဇာတင်ခြင်းနှင့် စုပေါင်းဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲကို နိုဝင်ဘာ ၅ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားသို့ တာချီလိတ် နဂါးနှစ်ကောင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဓမ္မသီရိ အမှူးပြုသော သံဃာတော်များ၊ တာချီလိတ်တပ်နယ်မှ စစ်ဗျူဟာမှူးဗိုလ်မှူးကြီးဇော်နိုင်ဦး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တာချီလိတ်ရွှေတိဂုံစေတီတော်အား အနေကဇာတင်ပြီး ထီးတော်တင်လှူပူဇော်ကာ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ရေစက်ချမင်္ဂလာအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုပူဇော်၍ ဖွင့်လှစ်သည်။ ထို့နောက် တာချီလိတ်မြို့ မဟာမြတ်မုနိကျောင်းတိုက်မှ လက်ထောက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး ဆရာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များရွတ်ဖတ်ပူဇော်ကြကာ အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ပြီး အခမ်းအနားရုတ်သိမ်းခဲ့သည်။ ယင်းနောက် အလှူရှင်များမှ စုပေါင်း၍ တာချီလိတ်မြို့ပေါ်ကျောင်းတိုက်များရှိ ပင့်သံဃာနှင့် သီလရှင် အပါး ၃၅၀ အား ရင်ပြင်တော်တွင် ဆွမ်းဆန်စိမ်း လောင်းလှူခဲ့ကြသည်။

**မြင့်မိုရ်(တာချီလိတ်)**



# သီရိမင်္ဂလာတံတား(လှိုင်ကော်)ဖွင့်ပွဲကျင်းပ

**လှိုင်ကော် နိုဝင်ဘာ ၇**

ကယားပြည်နယ်အတွင်း ကူးသန်းရောင်းဝယ်ရေးနှင့် ခရီးသွားလာရေးကို များစွာအထောက်အကူပြုမည့် လှိုင်ကော်မြို့ သီရိမင်္ဂလာတံတား ဖွင့်ပွဲကို နိုဝင်ဘာ ၆ ရက်က ကျင်းပခဲ့သည်။

သီရိမင်္ဂလာတံတား(လှိုင်ကော်) မုခ်ဦးကို ကယားပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဇော်မျိုးတင်၊ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးချစ်လှနှင့် ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး(စီမံကိန်း) ဦးဝင်းဖေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် သီရိမင်္ဂလာတံတား (လှိုင်ကော်) ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တာဝန်ရှိသူများက မုခ်ဦးကျောက်စာတိုင်ကို အမွှေးနံ့သာများ ပက်ဖျန်းပေးခဲ့ကြသည်။ ဆက်လက်၍ ဖွင့်ပွဲအမှတ်တရ အလံများပေးအပ်ပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ကာ သီရိမင်္ဂလာတံတား (လှိုင်ကော်)အား ဖြတ်သန်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**အထောက်အကူပြု**

တံတားဖွင့်ပွဲသို့ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူများ၊ ယဉ်ကျေးမှုအဖွဲ့များ တက်ရောက်ကြသည်။

သီရိမင်္ဂလာတံတား(လှိုင်ကော်)ကို ပြည်နယ်အစိုးရ ရန်ပုံငွေကျပ် ၆၄၇ ဒသမ ၄သန်းဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန အထူးအဖွဲ့(၃)က တာဝန်ယူကာ ဇန်နဝါရီလအတွင်းက စတင်တည်ဆောက်ခဲ့ပြီး အောက်တိုဘာ ၃၁ ရက်တွင် ပြီးစီးခဲ့ကာ တည်ဆောက်ရေးကာလ ၉ လခန့်အတွင်း ပြီးစီးခဲ့ခြင်းဖြစ်သည်။ အရှည် ပေ ၂၄၀၊ ယာဉ်သွားလမ်း အကျယ် ၂၄ ပေနှင့် တစ်ဖက်စီတွင် ၂ ပေ ၆ လက်မအကျယ် လူသွားလမ်းပါရှိသည်။ သံကူကွန်ကရစ်ဘိုးပိုင်အုတ်မြစ်ဖြစ်ပြီး အပေါ်ထည် တံတားခံနိုင်ဝန်တန် ၆၀ ဖြစ်ကြောင်း သိရသည်။ တံတားတည်ဆောက်ပြီးစီးသဖြင့် တိုးတက်များပြားလာသော ယာဉ်များဖြတ်သန်းသွားလာရေးကို များစွာအထောက်အကူပြုမည် ဖြစ်သည်။

**ရဲနောင်(လှိုင်ကော်)**


## ဆောက်လုပ်ရေးဝန်ကြီးဌာန
## ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုလျက်ရှိသည့် CIFA Concrete Batching Plants နှင့် Casagrande C800 Crane တို့အတွက် လိုအပ်သော စက်အရန်ပစ္စည်းများကို အမေရိကန်ဒေါ်လာဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူ၍ ဝယ်ယူလိုပါသည်-

| Sr.No | Description | Qty | Remarks |
|---|---|---|---|
| 1. | Spare Parts For CIFA Concrete Batching Plants | 1 Lot | DDP, US$ |
| 2. | Spare Parts For Casagrande C800 Crane | 1 Lot | |

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** -၁၀-၁၁-၂၀၁၄ရက်

၃။ **တင်ဒါပိတ်မည့်ရက်** -၁၉-၁၁-၂၀၁၄ရက်

၄။ **တင်ဒါပိတ်မည့်အချိန်** -၁၆း၀၀နာရီ

၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တည်ဆောက်ရေးပစ္စည်းများ စိစစ်ရွေးချယ်ဝယ်ယူရေးအဖွဲ့**
**စက်မှုဦးစီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရုံးအမှတ် (၁၁)ဝင်း၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၇၁၇၆၊ ၀၉-၂၀၂၂၃၆၇၊ ၀၉-၈၆၃၆၁၈၅**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပေးစက်ရုံများအတွက်လိုအပ်သော Battery Bank & Battery Charger များကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုလဲလှယ်တပ်ဆင်လိုပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၇-၁၁-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၈-၁၁-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၀၂၈၂**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ ၂၀)
### မော်လမြိုင်မြို့နယ်တရားရုံးတော်၌
### ၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၆၆

ဒေါ်စဖုရာ(ခ)ဒေါ်အေးမြင့် **နှင့်** ဒေါ်တင်အေး
**တရားလို** **တရားပြိုင်**

မော်လမြိုင်မြို့၊ သီရိမြိုင်ရပ်၊ ရွှေလမ်း၊ အမှတ်(၂၀/စီ)နေ ဒေါ်တင်အေး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ် တရားလို ဒေါ်စဖုရာ(ခ)ဒေါ်အေးမြင့်က ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်စာချုပ် ပြုလုပ်ပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ကိုယ်စားလှယ်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၈ရက် (၁၃၇၆ခုနှစ် နတ်တော်လဆန်း ၇ ရက်) မွန်းမတည့်မီ ၉း၃၀ နာရီတွင် အထက်ကအမည်ရေးသား ပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ထို့အပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် အောက်တိုဘာ ၃၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝေဇင်မန်း)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**မော်လမြိုင်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၈)၊ မြေကွက်အမှတ်(၆၄၆)၊ မြေကွက်တည်နေရာအမှတ်(၆၄၆)၊ သန္တာ ၆ လမ်း၊ ဦးမျိုးချစ် အမ်တီအေ-၀၉၅၅၅၅ အမည်ပေါက်နှစ် ၆၀ မြေအား အမည်ပေါက် ဖခင်ဦးမျိုးချစ်၊မိခင်ဒေါ်ရီကွယ်လွန်သဖြင့် ဒေါ်မျိုးရီထွေး ၁၂/ဥကမ(နိုင်)၀၀၁၄၈၈၈က တစ်ဦးတည်းသော သမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ ၎င်းထံမှ အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ် (၂၃၆၀၉/၁၄)(၂၉-၈-၁၄)ဖြင့် ရရှိသူ ဦးဇော်မင်းထွဋ် ၇/အဖန(နိုင်)၀၅၈၉၉၃ မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတို့ဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမည်ပြောင်း

ရွှေတောင်မြို့ ကြာနီကန် အထက (ခွဲ) ဆဋ္ဌမတန်း(က)မှ မမြတ်နိုးသွယ်အား မရှင်းပြည့်သန့်ဟု ပြောင်းလဲခေါ်ပါရန်။ **ရှင်းပြည့်သန့်**

## တိုက်ခန်း
## အမြန်ရောင်းမည်

15' × 50' မြေညီထပ်ခိုးပါ၊ ပြင်ပြီး မေတ္တာညွန့်၊ တာမွေ ကျပ်သိန်း 750 (ကြော်ငြာ၊ အကျိုးဆောင်မလိုပါ)
**ဖုန်း-၀၉-၂၅၄၈၆၂၄၂၆**

**ပြင်ဆင်ဖတ်ရှုပါရန်**
၅-၁၁-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာစာမျက်နှာ ကြော်ငြာစာမျက်နှာ (၄)တွင် တောင်ဥက္ကလာပမြို့နယ် ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာတွင် ဒေါ်ဆန်းအစား ဒေါ်သန်းသန်းဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# မြန်မာနိုင်ငံတွင် မျက်စိအမြင်ချို့ယွင်းသူ နှစ်သိန်းခွဲကျော်ရှိ နိုင်ငံတော်နှင့် လူမှုရေးအသင်းအဖွဲ့များက အခမဲ့ကုသပေးနေ

**သတင်းဆောင်းပါး**
**ဝင်းဝင်းမော်**

မြန်မာနိုင်ငံတွင် မျက်စိအမြင်ချို့ယွင်းသူ နှစ်သိန်းခြောက်သောင်းခန့်ရှိကာ မျက်မမြင်ဖြစ်ပွားနှုန်း ၁ ဒသမ ၅၂ ရာခိုင်နှုန်းရှိကြောင်း မြန်မာနိုင်ငံ မျက်ခမ်းစပ်ရောဂါ တိုက်ဖျက်ရေးနှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်းစစ်တမ်းအရ သိရသည်။

ထို့အတူ ကမ္ဘာပေါ်တွင် မျက်မမြင်ဦးရေ ၄၅ သန်းရှိပြီး မျက်စိအမြင်ချို့ယွင်းသူ ၁၃၅ သန်းရှိကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က လက်ရှိခန့်မှန်းထားသည်။ မျက်စိကွယ်သူများသည်လည်း တစ်နှစ်လျှင် ခုနစ်သန်းနှုန်းဖြင့် တိုးပွားလျက်ရှိကြောင်းကို နိုဝင်ဘာ ၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်၌ ကျင်းပသည့် (၂၆)ကြိမ်မြောက်မျက်စိဆရာဝန်များ နှစ်ပတ်လည်ညီလာခံမှ သိရသည်။

မျက်မမြင်ဘဝကျရောက်စေနိုင်သည့် အဓိကရောဂါဖြစ်သည့် အတွင်းတိမ်၊ ရေတိမ်၊ မျက်စိထိခိုက်ဒဏ်ရာရောဂါ၊ ဆီးချို၊ သွေးတိုးရောဂါနှင့် ဆက်စပ်သော မျက်စိရောဂါ၊ မျက်ခမ်းစပ်ရောဂါနှင့် ဗီတာမင်အေချို့တဲ့မှုကြောင့်ဖြစ်သည့် မျက်စိရောဂါများဖြစ်ပွားရခြင်းဖြစ်ပြီး မြန်မာနိုင်ငံတွင်မူ အတွင်းတိမ်ရောဂါက အဖြစ်အများဆုံးဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ လက်ရှိ မျက်စိကုဆရာဝန်ပေါင်း ၄၀၀ ကျော်ရှိပြီး မျက်စိနှင့်ပတ်သက်သည့် ရောဂါများကို ရန်ကုန်မျက်စိဆေးရုံကြီး၊ မန္တလေးမျက်စိဆေးရုံကြီးနှင့် မြောက်ဥက္ကလာ မျက်စိအထူးကုဌာနများ၌ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကုသိုလ်ဖြစ် အခမဲ့ခွဲစိတ်ကုသမှုလုပ်ငန်းများကိုလည်း လူမှုအဖွဲ့အစည်းက ကျေးလက်ဒေသများသို့ သွားရောက်ကာ တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးလျက်ရှိသည်။

အခမဲ့ခွဲစိတ်ကုသမှုလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်နေသည့် ရန်ကုန်အနောက်ပိုင်းဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်နီလာသိန်းက "အခမဲ့ခွဲစိတ်ကုသမှုလုပ်ငန်းက ၂၀၀၀ပြည့်နှစ်ကတည်းက စတင်လုပ်ခဲ့တဲ့လုပ်ငန်းပါ။ ၂၀၀၅/ ၂၀၀၇ နောက်ပိုင်းလည်း အရှိန်ပြင်းစွာနဲ့ ဆက်လက်လုပ်ဆောင်ပါတယ်။ အသင်းအဖွဲ့များနဲ့ ဆရာတော်ကြီးရဲ့ မျက်စိကုသရေးလုပ်ငန်းများမှာ ဆောင်ရွက်ပေးသလို ကျန်းမာရေးဦးစီးဌာနရဲ့ ဦးဆောင်မှုနဲ့လည်း ဆောင်ရွက်ပေးပါတယ်။ နိုင်ငံတော်က ကျန်းမာရေးနဲ့ပတ်သက်ပြီး ဆေးဝါးနဲ့ လိုအပ်တဲ့ပစ္စည်းများ ပံ့ပိုးမှုကြောင့် ပြည်သူတွေကို အခမဲ့ ပိုမိုလုပ်ဆောင်ပေးနိုင်တယ်။ ကိုယ်ကိုယ်တိုင်လည်း မျက်စိဆရာဝန်ဖြစ်တာကြောင့် မျက်စိဝေဒနာရှင်တွေကို စေတနာ၊ မေတ္တာနဲ့ ပိုမိုလုပ်ဆောင်ပေးပါတယ်" ဟု ဆိုသည်။

ဆက်လက်၍ အတွင်းတိမ်ရောဂါဆိုတာလည်း ခွဲစိတ်ကုသရင် ရာနှုန်းပြည့်မြင်နိုင်တာကြောင့် အတွင်းတိမ်ရောဂါကို ရှာဖွေဖော်ထုတ်ပြီး အခမဲ့ကုသပေးဖို့အတွက်က ကျန်းမာရေးဝန်ကြီးဌာနရဲ့ ရည်မှန်းချက်ဖြစ်တယ်။ အတွင်းတိမ် ဖြစ်ရခြင်းအကြောင်းရင်းက အများကြီးပါ။ ထိခိုက်ဒဏ်ရာဖြစ်ရင် အတွင်းတိမ်ဖြစ်တာလည်းရှိတယ်။ ထိခိုက်ဒဏ်ရာကိုကာကွယ်မယ်။ အတွင်းတိမ်ဖြစ်တာကို စောစီးစွာသိရင် မျက်စိဆရာဝန်တွေနဲ့ ပြသပြီး အတွင်းတိမ်ခွဲစိတ်ဖို့က အဓိကကျတယ်။ ကျန်တာတော့ ထိခိုက်ဒဏ်ရာတွေ ကာကွယ်ဖို့ အတွင်းတိမ်ရောဂါဖြစ်ပြီဆိုရင် မပေါ့ဆဘဲ ပြသခွဲစိတ်ဖို့ အရေးကြီးတယ်။ အသက်ကြီးမှ ဖြစ်တဲ့အတွင်းတိမ်ကို တားလို့မရဘူး။

မျက်စိရောဂါဖြစ်ပြီဆိုရင် အလွန်အရေးကြီးပါတယ်။ ခန္ဓာကိုယ်မှာ မျက်စိက အသေးဆုံးအစိတ်အပိုင်းဆိုပေမယ့် မျက်စိတစ်လုံးကွယ်သွားခြင်း၊ အမြင်အာရုံ ဆုံးရှုံးခြင်းက ဘဝတစ်ခုလုံး ဆုံးရှုံးတာကြောင့် ကိုယ့်ဘဝမဆုံးရှုံးစေဖို့ မျက်စိကို စောင့်ရှောက်ဖို့လိုတယ်။ ရောဂါဖြစ်ရင်လည်း မပေါ့ပါနဲ့။ ဆေးရုံလာပြတဲ့အခါမှာလည်း အခမဲ့စနစ်ဖြင့် ကုသတာကြောင့် မျက်စဉ်းဆေးဝါးရော၊ ခွဲစိတ်တာရော အခမဲ့ဆောင်ရွက်ပေးနေတဲ့ ဆေးရုံများရှိကြောင်း၊ မိမိတို့ အနောက်ပိုင်းဆေးရုံကြီးကလည်း ၂၀၁၄ ခုနှစ် ဇန်နဝါရီမှ စတင်ကာ အခမဲ့ ကုသပေးနေကြောင်း အသိပေးပါတယ်" ဟု ဒေါက်တာနီလာသိန်းက ဆက်လက်ပြောသည်။

မျက်စိရောဂါကုအဖွဲ့ဝင်၊ ရန်ကုန်မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာ ဦးညွန့်အောင်က "မျက်စိအမြင်ရရှိမှုအဓိကပါ။ မျက်စိကွယ်ခြင်းဆိုင်ရာနဲ့ ပြန်လည်ကုသရတဲ့ မျက်စိရောဂါဆိုပြီး အပိုင်းနှစ်ပိုင်းမှာ မျက်စိကွယ်ခြင်းနှင့် ပတ်သက်တဲ့ ရောဂါက အဖြစ်များပါတယ်။ အဓိက အတွင်းတိမ်ရောဂါအဖြစ်များတယ်။ အတွင်းတိမ်လျှော့နည်းရေး၊ ပြန်လည်ကုသ၍ရတဲ့ မျက်စိရောဂါများအားလုံးကို ကုသလို့ရအောင်ဆောင်ရွက်နေဆဲပါ။ မျက်စိအမြင်ရမှသာလျှင် မိမိရဲ့လုပ်ဆောင်နိုင်မယ့် ပတ်ဝန်းကျင် မိမိကိစ္စ၊ တိုင်းပြည်အတွက် လုပ်ဆောင်စရာအားလုံးတွေကို လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။ မျက်စိအမြင် ကောင်းမွန်ရေးအတွက် တစ်ကိုယ်ရေကျန်းမာရေးဆိုင်ရာ အသိအမြင်လည်းရှိရမယ်။ မျက်စိနဲ့ပတ်သက်တဲ့ ဖြစ်ပေါ်လာမယ့် ကျန်းမာရေးအသိတွေရှိရမယ်။ မျက်စိနဲ့ပတ်သက်လို့ ဖြစ်ပေါ်စေနိုင်မယ့် ဖြစ်စေနိုင်တဲ့ရောဂါတွေအကြောင်း ဗဟုသုတရှိဖို့လိုမယ်။ အသိရှိမှလည်း မျက်စိကို ကာကွယ်မှုထိန်းသိမ်းမှု၊ စောင့်ရှောက်မှုလုပ်ငန်းတွေကို လုပ်နိုင်မှာဖြစ်တယ်" ဟု ပြောကြားသည်။

ပစ္စုပ္ပန်တွင် နိုင်ငံတော်အစိုးရက တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ မျက်စိအထူးကုဌာနများကို အနည်းဆုံးတစ်ဌာနစီ ဖွင့်လှစ်ပေးနေသကဲ့သို့ ခရိုင်မြို့ကြီးများဖြစ်သည့်ကလေး၊ ဗန်းမော်၊ မအူပင်၊ လွိုင်လင်၊ ပျဉ်းမနား၊ ဟသ္သာတ၊ လပွတ္တာ၊ ဖျာပုံ၊ သံတွဲ စသည့် မြို့ကြီးများတွင် မျက်စိအထူးကုဌာနများကို တိုးချဲ့ဖွင့်လှစ်၍ မျက်စိရောဂါများ ကုသပေးလျက်ရှိကြောင်း သိရသည်။ ။

> အတွင်းတိမ်ရောဂါဆိုတာ ခွဲစိတ်ကုသရင် ပြန်ကောင်းနိုင်တာကြောင့် ရှာဖွေဖော်ထုတ်ပြီး အခမဲ့ကုသပေးဖို့က ကျန်းမာရေးဝန်ကြီးဌာနရဲ့ ရည်မှန်းချက်ဖြစ် . . . .



## ဖျာပုံရွှေနတ်ကူဘုရားကြီး (၃၈)ကြိမ်မြောက် မသိုးသင်္ကန်းရက်ပြိုင်ပွဲနှင့် နိဗ္ဗာန်ဈေးပွဲတော် စည်ကားစွာ ကျင်းပ

**ဖျာပုံ နိုဝင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့ အမှတ်(၄)ရပ်ကွက် ရွှေနတ်ကူဘုရားလမ်းရှိ ရွှေနတ်ကူဘုရားကြီးတွင် ရွှေနတ်ကူဘုရားကြီး၏ ဩဝါဒါစရိယဆရာတော် သီရိမင်္ဂလာ ကံဦးပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်၏ ဩဝါဒကိုခံယူလျက် ရွှေနတ်ကူဘုရားကြီး ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် နှစ်စဉ်ကျင်းပမြဲဖြစ်သော (၃၈)ကြိမ်မြောက် မသိုးသင်္ကန်းရက်ပြိုင်ပွဲကို ၁၃၇၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ ရက် ညက စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

အမရာဒေဝီ၊ မဒီဒေဝီ၊ ဆန္ဒကိန္နရီ၊ သမ္မုလဒေဝီ စသည့် စင်တော်လေးစင်ဖြင့် ယက်လုပ်ယှဉ်ပြိုင် ဆက်ကပ်လှူဒါန်းသည့် မသိုးသင်္ကန်းရက်ပြိုင်ပွဲကို ဖျာပုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သီရိပျံချီဦးစိုးနိုင်နှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထိုပြိုင်ပွဲမှ ယက်လုပ်ရရှိသော မသိုးသင်္ကန်းများကို တန်ဆောင်မုန်းလပြည့်နေ့ အရုဏ်မတိုင်ခင် ရွှေနတ်ကူဘုရား တန်ဆောင်တော်ကြီးအတွင်းရှိ သက်ဆိုင်ရာ ရုပ်ပွားတော်များတွင် တစ်ပြိုင်နက်တည်း ဆက်ကပ်လှူဒါန်းကြသည့်အပြင် တန်ဆောင်မုန်းလဆန်း ၁၄ ရက် ညနေပိုင်းကလည်း ရွှေနတ်ကူဘုရားကြီးဝန်းအတွင်း၌ အလှူရှင်များက စတုဒိသာမုန့်များ လှူဒါန်းကျွေးမွေးကြခြင်းဖြင့် ကုသိုလ်ပြုခဲ့ကြကြောင်း သိရသည်။

ရွှေနတ်ကူဘုရားကြီးသည် ဖျာပုံမြို့ မန်ကျည်းတန်းရပ်ဟု ယခင်ကခေါ်တွင်ခဲ့သော အမှတ်(၄)ရပ်ကွက်ရှိ သီရိမင်္ဂလာကံဦးကျောင်းတိုက် ပဌမဆရာတော်ကြီးက ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို သမာဒေဝနတ်မြတ်များ၏ ကူညီမှုဖြင့် ပူဇော်သွန်းလုပ်အောင်မြင်တော်မူခဲ့သောကြောင့် "အတုလမာရဇိန်ဇေနကျော်ကြား ရွှေနတ်ကူဘုရား"ဟု ဘွဲ့တော်သလျက် မြန်မာသက္ကရာဇ် ၁၂၂၂ ခုနှစ် (အေဒီ-၁၈၆၀)ခန့်တွင် စတင်ပေါ်ထွန်း ကိုးကွယ်လာခဲ့ကြရာ ယခုအခါ နှစ်ပေါင်း ၁၅၀ ကျော်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**


### အထက(၁) မင်းတပ်မြို့ မြတ်ဆရာပူဇော်ပွဲ

မင်းတပ်မြို့၊ အထက(၁) ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြတ်ဆရာပူဇော်ပွဲကို ၅-၄-၂၀၁၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အထက(၁) ကျောင်းခန်းမ၌ ကျင်းပည်ဖြစ်ပါသဖြင့် ပညာသင်ကြားပေးခဲ့ကြသော အသက် (၆၀)ပြည့် ဆရာကြီး ဆရာမကြီးများအားလုံးနှင့် ကျောင်းသား ကျောင်းသူဟောင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် ဂါရဝတရားရှေ့ထား၍ ဖိတ်ကြားအပ်ပါသည်။

**မှတ်ချက်။** ကြွရောက်အပူဇော်ခံ ဆရာကြီးများ ဆရာမကြီးများအားလုံး အသွား/အပြန် ခရီးစရိတ် တာဝန်ယူပါမည်။

အဝေးရောက် ကျောင်းသား ကျောင်းသူများ အလှူငွေပါဝင်လှူဒါန်းလိုပါက အောက်ပါဖုန်းများထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

မင်းတပ်မြို့ ကိုထန်းဟုန်း ဖုန်း-၀၉-၄၀၀၃၀၀၀၃၂၊ ကိုဝင်းဆွေ ဖုန်း-၀၇၀၇၀၀၅၅၊ မခင်မာအေး ဖုန်း-၀၉-၄၇၁၇၀၂၄၆၊ ၀၇၀၇၀၂၅၉၊ ကိုထန်းလော ဖုန်း-၀၉-၄၀၀၃၀၀၄၆၉၊ ကိုသန်းထွန်း ဖုန်း-၀၉-၄၇၁၇၀၃၉၃၊ ကိုထွန်းထွန်း ဖုန်း-၀၉-၄၇၁၇၀၀၇၂

**မင်းတပ်ဘဏ် CF-0018874 ဖြင့်စာရင်းဖွင့်ထားပါသည်။**

နေပြည်တော် မခင်ခင်ဌေး (ခ)ဌေးဌေး ဖုန်း-၀၉-၃၉၁၀၃၄၆၆၊ ၀၉-၂၅၆၅၁၂၅၀၈၊ ၀၉-၂၅၄၇၅၅၃၇၀၊ ၀၉-၇၉၇၆၇၂၄၆၁

ရန်ကုန် မစိုးစိုးမူ ဖုန်း-၀၉-၅၄၀၀၀၄၉၊ မသိန်းသိန်းစိုး ဖုန်း-၀၉-၇၃၁၂၂၃၉၆၊ မအေးအေးဟန် ဖုန်း-၀၉-၅၀၉၁၇၇၂၊ မကေသီ ဖုန်း-၀၉-၇၃၁၈၄၅၇၂၊ မယုမွန်ကျော် ဖုန်း-၀၉-၅၁၃၂၉၄၀

**မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**

### ကိုကျော်ဇေယျာဟိန်း ၁၂/မရက(နိုင်)၁၅၇၈၈၅ နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးကိုကြီး ၉/မရမ(နိုင်)၀၂၇၄၅၉၏ လွှဲအပ်ညွှန်ကြားချက်အရ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၁)ရပ်ကွက်၊ ၆လမ်း၊ အမှတ် ၅၆၁ နေ ဦးတင်စိုး၏သား ကိုကျော်ဇေယျာဟိန်း ၁၂/မရက(နိုင်)၁၅၇၈၈၅နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ကိုကျော်ဇေယျာဟိန်းသည် ကျွန်ုပ်၏မိတ်ဆွေပိုင် ဝင်းလိုက်မိုဘိုင်းဖုန်းဆိုင်တွင် အလုပ်သမားမှတ်ပုံတင်နှင့် ကိုယ်ရေးရာဇဝင်တို့ကို ပူးတွဲတင်ပြလျှောက်ထားသဖြင့် ၁-၇-၂၀၁၄ ရက်မှ စတင်ပြီးအလုပ်ခန့်ထားခဲ့ကြောင်း သိရှိရပါသည်။ ကိုကျော်ဇေယျာဟိန်းသည် ၁၃-၁၀-၂၀၁၄ရက်တွင် သမိုင်းလမ်းဆုံရှိ မန်းဂိုးဖုန်းဆိုင်ရှိ မကေသွယ်မြင့်ထံမှ အကြွေးငွေ ၄၂၆၀၀၀/-(ကျပ်လေးသိန်းနှစ်သောင်းခြောက်ထောင်တိတိ)ကို ၄င်း၏တာဝန်အရ တောင်းခံရယူသွားပြီးနောက် အလုပ်မဆင်း၊ ဆက်သွယ်ခြင်းမပြု၊ ငွေများကိုလည်း ဆိုင်ရှင်ဦးကိုကြီးထံ အပ်နှံခြင်းမပြုဘဲ တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

ကိုကျော်ဇေယျာဟိန်းအနေနှင့် ဤသတင်းစာကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း အကြွေးတောင်းခံရယူထားသောငွေနှင့်တကွလာရောက်တွေ့ဆုံဖြေရှင်းခြင်းမပြုပါက တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ကိုကျော်ဇေယျာဟိန်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကိုကြီး၏လွှဲအပ်ချက်အရ-**

**ဦးကိုကြီး** — **ဦးအေးသန်း(ကျောက်ပန်းတောင်း)**
**၉/မရမ(နိုင်)၀၂၇၄၅၉** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၃၀၀၂/၈၅)**
**အမှတ်(၁၂၇/က)၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

### အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ချင်းတွင်းလမ်း၊ အမှတ်(၇၀)နေ ဦးမြင့်ကြည် ၁၂/လမတ(နိုင်)၀၂၂၇၉၀ ၏လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမြင့်ကြည်သည် မင်္ဂလာတောင်ညွန့်မြို့နယ်၊ သာယာကုန်းရပ်ကွက်၊ နှင်းဆီလမ်း၊ တိုက်(၅)၊ အခန်း (၀၁၉)တိုက်ခန်းကို ဆက်စပ်စာချုပ်အရ ပိုင်ရှင်ဖြစ်သူ ဒေါ်လှလှဝင်းထံမှ ၄-၆-၂၀၀၂ ရက်တွင် ဝယ်ယူခဲ့ပြီး လက်ဝယ်ပိုင်ဆိုင်နေသူဖြစ်ပါသည်။ အဆိုပါတိုက်ခန်း၏ မူလပိုင်ရှင် ဒေါ်လှလှဝင်းသည် ယုဇနဆောက်လုပ်ရေးလုပ်ငန်း၊ ဥက္ကဋ္ဌ ဦးဌေးမြင့်ထံမှ ၃၀-၃-၂၀၀၁ရက်တွင် တိုက်ခန်းအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူခဲ့သူဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်စာချုပ်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် ယုဇနဆောက်လုပ်ရေးကုမ္ပဏီထံမှ အရောင်းအဝယ်စာချုပ်မိတ္တူမှန်ကို ထုတ်ယူရန်ရှိပါသဖြင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါရှိပြီး ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါတိုက်ခန်းအရောင်းအဝယ်စာချုပ် တရားဝင်မိတ္တူမှန်အား ယုဇနဆောက်လုပ်ရေးကုမ္ပဏီထံမှ လျှောက်ထားရယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးကျင်ဌေး** | **ဒေါ်ခင်ဝင်းဖြူ** | **ဒေါ်ဝင်းဝင်းခိုင်** |
| **B.A(Eng).,R.L.** | **LL.B, D.B.L** | **LL.B** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(၂၄၂၅)** | **(၉၂၈၄)** | **(၃၂၀၅၅)** |

**အမှတ်-၄၆ (ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

### ကန့်ကွက်နိုင်ပါကြောင်း


မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဃ)၊ မြေကွက်အမှတ်(၃၉၀/၂)၊ မြေကွက်တည်နေရာအမှတ် ၃၉၀/၂၊ နွယ်နီ၄လမ်း [ဦးလှရှိန် ၁၂/ဥကမ(နိုင်)၁၀၆၃၇၅] အမည်ပေါက် နှစ်၆၀မြေအား အမည်ပေါက် ဦးလှရှိန် (တရားရှုံး)ကိုယ်စား ဘိလစ် ဒေါ်မင်းမင်းကြိုင် ၉/ခမစ(နိုင်)၀၀၄၆၂၁ မှရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး ၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ် (၃၄၃/၂၀၁၄)၏ စီရင်ချက်အမိန့် ဇာရီမှုအမှတ် (၁၂၈/၂၀၁၄)နှင့် ဘိလစ်ခန့်အပ်ကြောင်း အကြောင်းကြားစာတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးစိုးမင်းအောင် ၇/ပခန(နိုင်)၃၅၈၉၉၁၏ နိုင်ငံကူးလက်မှတ် M-၄၇၂၇၇၉မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ဖုန်း-၀၉-၂၅၃၈၅၂၂၄**



### ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(စ)၊ မြေကွက်အမှတ် (၅၉၈)၊ မြေကွက်တည်နေရာအမှတ်(၅၉၈)၊ သန္တာ ၃လမ်း၊ (ဒေါ်သူဇာလင်း ၁၂/ဗဟန(နိုင်)၀၀၁၀၄၃) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် (တရားရှုံး)ကိုယ်စား အရှေ့ပိုင်းခရိုင်တရားရုံးမှ ခန့်အပ်ခြင်းခံရသူ ဘိလစ် ဒေါ်မင်းမင်းကြိုင် ၉/ခမစ(နိုင်)၀၀၄၆၂၁ မှ ၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်(၃၄၆/၂၀၁၄)၏ စီရင်ချက်၊ တရားမဇာရီမှုအမှတ်(၁၂၉/၂၀၁၄)အမိန့်နှင့် ဘိလစ်ခန့်အပ်ကြောင်း အကြောင်းကြားစာတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကျော်ငြာ

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်စန်းရီ

**အသက်(၈၈)နှစ်**

နိုင်ငံခြားရေးဝန်ကြီးဌာန၊အာဆီယံရေးရာဦးစီးဌာန၊ညွှန်ကြားရေးမှူးချုပ် ဦးအောင်လင်း-ဒေါ်ကေသီကြည်ဝင်းတို့၏မိခင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ဝါယာလက်(၂)လမ်း၊ အမှတ်(၂၆)စီ(၁)နေ ဒေါ်စန်းရီ၊ အသက်(၈၈)နှစ်သည် ၆-၁၁-၂၀၁၄ရက်(ကြာသပတေးနေ့) ညနေ ၄နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ဇနီး**
**ဝန်ထမ်းမိသားစုများ**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ် ဒါယိကာမကြီး**

## ဒေါ်စန်းရီ (ပုလော)

**အသက်(၈၈)နှစ်**

နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်လင်း-ဒေါ်ကေသီကြည်ဝင်းတို့၏မိခင်ကြီး ဒေါ်စန်းရီသည် ၆-၁၁-၂၀၁၄ရက် ညနေ ၃း၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန**

## ဦးစိုးသိန်း(ခ)ဖိုးကုလား

**အသက်(၅၈)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁)ရပ်ကွက်၊ ဝါးတန်းလမ်း၊ အမှတ် ၈၃၊ ငါးလွှာ(ယာ)နေ [ဦးလှသိန်း(ခ)R.J. Forgarty (အင်စပက်တော်ချုပ်၊ ငြိမ်း) ရေနှင့်မိလ္လာဌာန၊ ရန်ကုန်မြူနီစီပယ်၊ ငြိမ်း-ဒေါ်ကြည်မြိုင်]တို့၏သား၊ (ဦးကြည်-ဒေါ်ခင်မြိုင်)တို့၏သားသမက်၊ ဒေါ်ဝင်း(ခ)မိမိ၏ချစ်လှစွာသော ခင်ပွန်း၊ ဦးကျော်လှ(ဈေးတာဝန်ခံ၊ အလုံဈေး YCDC)-ဒေါ်သိမ်းသိမ်းကြည် (မူကြို ၄၊ အလုံ)၏ညီ/မောင်၊ ကိုဝင်းနိုင်၊ ကိုအောင်ပြေသိမ်း၊ ကိုသူရအောင်တို့၏ဖခင်ကြီးသည် ၇-၁၁-၂၀၁၄ရက်(သောကြာနေ့) မွန်းလွဲ ၂း၂၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၉-၁၁-၂၀၁၄ရက် (တနင်္ဂနွေနေ့)ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးသန်းဝင်း

**ဒုရဲအုပ်၊ စခန်းမှူး(ငြိမ်း)**
**DORA II**
**(ဓာတ်ပုံ၊ ပန်းချီဆရာ)**
**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ် ၄၇ (လေးလွှာ)၊ ပတ္တမြားလမ်းနေ (ဦးကိုကိုကြီး-ဒေါ်တင်မေ)တို့၏သား၊ (ဦးကြင် - ဒေါ်ကျင်မှုံ)တို့၏ သားသမက်၊ ဒေါ်စိန်ငွေး(အထက-၂၊ ဒဂုံ၊ ငြိမ်း)၏ခင်ပွန်း၊ ဦးလှရွှေ-ဒေါ်မြမြဝင်းတို့၏မောင်၊ (ဦးအောင်သိန်းဝင်း)၊ ဦးဟန်စိုး - ဒေါ်ချိုချို၊ (ဦးစိုးဝင်းအောင်) - ဒေါ်ဆွေဆွေအေးတို့၏ အစ်ကို၊ ကိုသန့်ဇင်(KMN)-မလှဲ့လှဲ့ဝင်းတို့၏ဖခင်၊မကလျာရွှန်းလဲ့(ထ/၂၊ ဒဂုံ)၊ မမြင့်မြတ်သန့်ဇင်(ထ/၂၊ ဒဂုံ)၊ မောင်အောင်ခန့်ဇော်(ထ/၂၊ ဒဂုံ)တို့၏ အဘိုးသည် ၃-၁၁-၂၀၁၄ရက် ည ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၁-၂၀၁၄ရက်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၉-၁၁-၂၀၁၄ရက်(တနင်္ဂနွေနေ့)နံနက်၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## မြိတ်မြို့နယ်အသင်း(ရန်ကုန်)

## ဦးအေးစိန် (မြိတ်)

**ရာသက်ပန်အသင်းဝင်အမှတ်(၂၀၁၇)**
**အသက်(၇၄)နှစ်**

မြိတ်မြို့၊ ကန်ခေါင်းရပ်၊ ဗဟိုလမ်း၊ အမှတ်၃နေ(ဒေါ်စိန်ရှင်)၏ခင်ပွန်းသည် ၂၉-၁၀-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁၀-၂၀၁၄ရက် မွန်းလွဲ ၁နာရီတွင် မြိတ်မြို့ ကလွင်သုသာန်၌မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

## ဦးဝဏ္ဏကျော်

**အသက်(၄၄)နှစ်**

ဆင်မြီးဆွဲမြို့၊ သဲကုန်းမြို့နယ်၊ ဓမ္မာရုံလမ်းနေ (ဦးစောဝင်း)-ဒေါ်လှလှဝင်းတို့၏သားကြီး၊ ဒေါ်ချိုချိုဆန်း၏ခင်ပွန်း၊ မောင်သိခ်အောင်-မဆုမွန်နိုင်တို့၏ဖခင်၊ ဦးကျော်ထင်ဇော်(ခေတ္တ-စင်ကာပူ)-ဒေါ်ခင်မျိုးမော်၊ ကိုဇော်ထိုက်-မလေးမြတ်သူဇာတို့၏ အစ်ကို၊ မောင်မျိုးခန့်ကျော်၊ မောင်ခန့်မြတ်ဇော်တို့၏ဦးလေးသည် ၇-၁၁-၂၀၁၄ရက် (သောကြာနေ့)နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁၁-၂၀၁၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆ ဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ၏စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်းမပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ အနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြ ထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြ ထိန်းသိမ်းမှုမရှိသော နေရာများမှ လမ်းကူးပါက **“ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး”** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

## ဘုရား၊ ရဟန်း၊ သိမ် ဒါယိကာမကြီး

## ဒေါ်စန်းရီ (ပုလော)

**အသက်(၈၈)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ကမ္ဘာအေး၊ ဝါယာလက်(၂)လမ်း၊ အမှတ်(၂၆/စီ-၁)နေ (ဗိုလ်မှူးကြီးစည်သူကြည်ဝင်း)၏ဇနီး၊ ဒေါ်နှင်းရည်၏အစ်မ၊ ဦးအောင်လင်း(ညွှန်ကြားရေးမှူးချုပ်၊ အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်ကေသီကြည်ဝင်း၊ ဦးအေးလွင်(နိုင်ငံခြားရေးဝန်ကြီးဌာန၊ ငြိမ်း)-ဒေါ်ဝေရည်ကြည်ဝင်း၊ ဦးသတိုးကြည်ဝင်း-ဒေါ်သန်းသန်းဝင်း၊ ဦးအောင်သိန်းမြင့်(Lizstar Co,Ltd.)-ဒေါ်ဥမ္မာကြည်ဝင်း၊ (ဦးငွေအောင်ကြည်ဝင်း)-ဒေါ်ရီရီတင့်၊ Prof ဒေါက်တာအေးအောင်-ဒေါက်တာခင်မာကြည်ဝင်း(Singapore)၊ ဒေါ်မြတ်မာကြည်ဝင်း(အလက-၅၊လှိုင်သာယာ)တို့၏ မိခင်၊ မြေး ၁၁ယောက်၊မြစ်ငါးယောက်တို့၏ဘွားဘွားကြီးသည် ၆-၁၁-၂၀၁၄ ရက် ညနေ ၃း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁၁-၂၀၁၄ရက်(စနေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ဖွားသိန်း (မရမ်းရွာ-ဘီလူးကျွန်း)

**အသက်(၈၅)နှစ်**

ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်၊ မရမ်းရွာနေ (ဦးဘသင်-ဒေါ်ကျင်စိန်)တို့၏သမီးကြီး၊ (ဦးညွန့်လှိုင်)၏ဇနီး၊ ဦးထွေးဖေ-ဒေါ်သန်းသန်းလှ၊ ဦးတင်အောင်-ဒေါ်သန်းသန်းအေး၊ ဦးကျော်ဝေ-ဒေါ်သန်းသန်းနွယ်၊ ဦးခိုင်ထွန်း (ညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန)-ဒေါ်ရီရီလွင်(ခ)ဒေါ်မြလေး၊ ဦးငွေအောင်-ဒေါ်ခင်လှမွန်တို့၏မိခင်၊ မြေး ၁၄ယောက်တို့၏အဘွား၊ မြစ်လေးယောက်တို့၏ ဘွားဘွားကြီးသည် ၆-၁၁-၂၀၁၄ရက်(ကြာသပတေးနေ့)ည ၉း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁၁-၂၀၁၄ရက်(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားအသိပေးအကြောင်းကြားအပ်ပါသည်။[ရန်ကုန်မြို့၊သဃ်န်းကျွန်း မြို့နယ်၊ (ဓ)မြောက်ရပ်ကွက်၊ ဇောတိကအိမ်ရာ၊ C-7၊ အခန်း ၁၀၁နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။]

ကွယ်လွန်သူအားရည်စူး၍ ၁၂-၁၁-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မြမြ (ညောင်လေးပင်မြို့)

**အသက်(၈၃)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ဗိုလ်ချုပ်လမ်းနေ (ဦးတင်)-ဒေါ်မြကျင်တို့၏သမီး၊ ညောင်လေးပင်မြို့နေ(ဦးထွန်းညွှန့်)-ဒေါ်လှလှ၊ ရန်ကုန်မြို့နေ (ဦးလှမိုး)-ဒေါ်ကြည်ကြည်၊ ဦးခင်မောင်အေး-ဒေါ်မြင့်မြင့်တင်၊ ညောင်လေးပင်မြို့နေ ဦးဇေယျာ-ဒေါ်ခင်ခင်တို့၏အစ်မ၊ ပဲခူးမြို့နေ ဦးခင်မောင်ဝင်း-ဒေါ်အေးအေးခိုင်၊ (ဦးရဲဝင်း-ဒေါ်မြသက်)၊ ဒေါ်နှင်းနှင်း(နည်းပြ၊ သင်္ချာဌာန၊ မကွေးပညာရေးကောလိပ်)၊ ဒေါ်ထားထားမြတ်(လယ်ပြ၊ ငြိမ်း)၊ ဦးအောင်သက်နိုင်-ဒေါ်မြသန္တာထွန်း(တရားရုံးချုပ်ရှေ့နေ)၊ ဦးဟိန်းကိုကိုထွဋ်-ဒေါ်ခင်မာချိုတို့၏မိခင်၊ မြေးခြောက်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွား၊ (ဦးထွန်းမြင့်)၏ ချစ်လှစွာသောဇနီးသည် ၆-၁၁-၂၀၁၄ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါ၍ ၈-၁၁-၂၀၁၄ရက် မွန်းတည့် ၁၂နာရီတွင် ပဲခူးမြို့၊ ရုံးကြီးရပ်ကွက်၊ ပြည်တော်သာ ၃လမ်း၊ အမှတ် ၄၈၂နေ (ဦးထွန်းမြင့်-ဒေါ်မြမြ)တို့၏ နေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းအမကြီး

## ဒေါ်မြခင်

**လမ်းမတော်မြို့နယ်တရားရုံး**
**ဌာနခွဲစာရေးကြီး(ငြိမ်း)**
**အသက်(၆၀)**

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ (အရှေ့) ချောင်းဆုံရွာနေ (ဦးပေါ-ဒေါ်အုန်း)တို့၏သမီး၊ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၁)ရပ်ကွက်၊ ၄လမ်း၊ အမှတ် ၆၇၊ ပထမထပ်(ဝဲ)နေ [ဦးထွန်းမြ၊ ကျောင်းအုပ်ဆရာကြီး(ငြိမ်း)၊ အထက(၂)လမ်းမတော်]၏ဇနီး၊ ဒေါ်အေးသန်း၊ ဒေါ်မြကျင်တို့၏ညီမ၊ ဦးမြင့်မောင်-ဒေါ်ငယ်တာ၊ ဦးကျော်ဦး-ဒေါ်ဝင်းဝင်းမော်၊ ဦးအောင်ဇော်မျိုး-ဒေါ်ခင်မြတ်ဝေတို့၏အစ်မ၊ ဦးမင်းမင်းထွန်းမြတ်-ဒေါ်ဇွန်၊ ဒေါက်တာလင်းလင်းထွန်းမြတ်(2nd Year M. Med. Sc, Int Medicine၊ မကွေး-ဆေးတက္ကသိုလ်)တို့၏မိခင်၊ မောင်အောင်ခန့် [Grade-IV (C)၊ အလက(၁) ဒဂုံ]၏အဘွားသည် ၇-၁၁-၂၀၁၄ရက် (သောကြာနေ့) နံနက် ၂း၃၀နာရီတွင် မော်တင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၉-၁၁-၂၀၁၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးစန်းလွင်

**ဘရေ-ဦးစီးအရာရှိ(ငြိမ်း)**
**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ဘော်စင်လမ်းသွယ်(၁)၊ တိုက် ၂၀၊ အခန်း ၃နေ (ဦးစံထွန်း-ဒေါ်မြခင်)တို့၏သားထွေး၊ (ဦးစန်းတင်)-ဒေါ်ခင်ငွေး၊ (ဦးစံတင်)-ဒေါ်အုန်းကြည်တို့၏ညီ၊ (ဦးချိန်နီ)-ဒေါ်ကြူကြူတို့၏အစ်ကို၊တူ/တူမ ကိုးယောက်တို့၏ဦးလေး၊ မောင်ဖြိုးသန့်ကို (အထက၊ သုဝဏ္ဏ)၏ မွေးစားဖခင်သည် ၆-၁၁-၂၀၁၄ရက် (ကြာသပတေးနေ့)နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၂-၁၁-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်မော်မော် (မြစ်ကြီးနား)

**စီတာပူအထက်တန်းကျောင်း**
**အသက်(၅၂)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၃)ရပ်ကွက်၊ ရတနာပုံ ၂လမ်း၊ အမှတ် ၅၉၇နေ (ဦးခင်ရွှေ)-ဒေါ်အေးသွင်တို့၏ဒုတိယသမီးသည် ၆-၁၁-၂၀၁၄ရက်တွင် မြစ်ကြီးနားဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မြစ်ကြီးနားသုသာန်၌ သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၂-၁၁-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်တင်တင်ထွေး (B.Ed)

**အထက်တန်းပြဆရာမ**
**အထက(၂)သာကေတ**
**အထက(၁)တာမွေ**
**အသက်(၆၀)**

ရန်ကုန်မြို့၊ ကန်တော်လေး၊ ဒေါ်သိန်းတင်လမ်းနေ(ဦးလှထွန်း-ဒေါ်အေးမြိုင်)တို့၏သမီး၊ (ဒေါ်ညွန့်ရီ၊ ထ-၁၊ တာမွေ)၊ ဦးငွေစိုး - (ဒေါ်တင်နု)၊ (ဦးအောင်သန်း)၊ (ဦးတင်ဦး)၊ ဦးထွန်းစိန်-(ဒေါ်စန်းရီ)တို့၏ညီမ၊ ဦးတင်အေး-(ဒေါ်ရင်ရင်အေး)၊ ဦးလှငွေး-ဒေါ်ဆင့်ဆင့်လေးတို့၏အစ်မ၊ အမှတ် ၂၇၊ ၁၃၉လမ်း၊ မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ်နေ ဒေါ်တင်တင်ထွေး (ထ-၁၊ တာမွေ)သည် ၄-၁၁-၂၀၁၄ရက် (အင်္ဂါနေ့)ညနေ ၅း၄၀နာရီတွင် မန္တလေးဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၁၁-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)တွင် မန္တလေးမြို့ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးမောင်စိန်(ခ)

## ချန်ကိတ်ချင်

**အသက်(၉၂)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၇/က)၊စိန်ပန်းမြိုင်လမ်း၊ (၉)ရပ်ကွက်နေ(ဒေါ်ကျင်ထွေး၊ သနပ်ပင်)၏ချစ်လှစွာသောခင်ပွန်း၊ ဦးမင်းမောင်ဦး-ဒေါ်မြင့်မြင့်ဝေ၊ ဦးစန်းလှိုင်-ဒေါ်အေးပြုံး၊ ဦးမြင့်သိန်း-(ဒေါ်သန်းသန်းဝင်း)၊ ဒေါ်စန်းစန်းဝင်းတို့၏ဖခင်၊ မောင်စိုးလွင်မြင့်(Final year M.Sc, Eng:,Geol:, YU,Co-ordinator မြန်မာနိုင်ငံ ဘူမိဗေဒသိပ္ပံအသင်း)၊ မောင်သော်ဇင်မြင့် (မာကျူရီပုံနှိပ်တိုက်) - မယမင်းသူ၊ မောင်ဇွဲမော်မြင့်(Marketing, Kizana Co.,Ltd.)၊ မောင်လွင်ရဲလှိုင် (Data Entry Specialist, EDNA Myanmar Co.,Ltd.)၊ မလင်းလဲ့မိုး၊ မောင်အောင်ကျော်ဇင်တို့၏အဘိုးသည် ၅-၁၁-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁၁-၂၀၁၄ရက်(တနင်္ဂနွေနေ့)နံနက် ၁၁း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သန်းသန်း (မော်လမြိုင်)

**အသက်(၇၇)နှစ်**

မြိတ်မြို့၊ မြစ်ငယ်ရပ်နေ (ဦးထွန်းတင်-ဒေါ်ခင်စိန်)တို့၏သမီး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ (ဒုတိယဗိုလ်မှူးကြီးငွေလွင်၊ ဒေါ်အေးအေးသန်း)တို့၏အစ်မ၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ခေမာလမ်း၊ အမှတ် ၂၃၊ လေးလွှာ(အေ)နေ ဦးအေးထွန်း၏ဇနီး၊ ကိုထင်လင်းဦး-မသီတာအောင်၊ ကိုနေအောင်ဝင်း - မဇင်မာလင်း၊ ကိုကျော်ခိုင်လင်း - မခင်မျိုးသက်၊ ကိုဝင်းသူလွင်-မသန္တာလင်း၊ ကိုညီညီလင်း-မကြည်စင်သန့် (အေးငြိမ်းသာကုမ္ပဏီလီမိတက်)တို့၏မိခင်၊ မြေးငါးယောက်တို့၏ ဘွားဘွားကြီးသည် ၆- ၁၁-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက်၅း၅၅နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍ ၈-၁၁-၂၀၁၄ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၂-၁၁-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးအေးရွှေ

**(ဥပဒေအရာရှိ၊ ငြိမ်း)**
**(မောင်အေးရွှေ-**
**ရန်ကုန်တက္ကသိုလ်)**
**အသက်(၆၆)နှစ်**

ရန်ကုန်မြို့နေ(ဦးအုန်းရွှေ-ဒေါ်မြစိန်)တို့၏သားကြီး၊ (ဦးစန်း)-ဒေါ်ကြည်တို့၏သားသမက်၊ ဒေါ်ခင်မာလာ၏ခင်ပွန်း၊ ဦးထွန်းဝင်း-ဒေါ်စန်းစန်းမြင့်(တိ-ဥယျာဉ်၊ ရန်ကုန်)၊ ဒေါ်ခင်အုန်းမြင့်(CFDTC၊မှော်ဘီ)၊ဦးခင်မောင်ရွှေ၊ ဒေါ်အေးအေးသန်း(Helpen Hotel)၊ ဦးဝင်းကြိုင် (ရတနာဆင်ဖြူတော်)-ဒေါ်ခင်ခင်ဝင်း(တိ-ဥယျာဉ်၊ ရန်ကုန်)၊ ဦးမျိုးမောင်မောင်ရွှေ(PUAMI)-ဒေါ်ခင်သွယ်သွယ်မိုးတို့၏ အစ်ကိုကြီး၊ ဦးကျော်စွာဝင်း - ဒေါ်ဝင်းသိင်္ဂီရွှေ (အင်္ဂလိပ်စာဌာန၊ ဟသ္သာတ တက္ကသိုလ်)၊ ဦးအေးမောင်မောင်ရွှေ-ဒေါ်ထားသူဇာလှိုင်၊ ဦးဝင်းမောင်မောင်ရွှေ-ဒေါ်မငယ်၊ ဦးမင်းဇော်ထွဋ်(သစ်တောဦးစီးဌာန၊ ပုသိမ်ကြီးမြို့နယ်)-ဒေါ်သက်ထားရွှေ၊ ဦးထွန်းမောင်မောင်ရွှေ(MDPC) - ဒေါ်နီလာဦး (ရွှေဇင်အေး၊ အထည်ချုပ်)၊ ဦးအောင်အောင်(အလူမီနီယံ) - ဒေါ်မေယမင်းရွှေတို့၏ ချစ်လှစွာသောဖခင်ကြီး၊ တူ၊ တူမ ၁၂ ယောက်၊ မြေးကိုးယောက်တို့၏အဘိုးသည် ၆-၁၁- ၂၀၁၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁း၁၅နာရီတွင် ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ လှော်ကားရပ်ကွက်၊ စမ်းချောင်းလေးလမ်းနေအိမ်၌ကွယ်လွန်သွားပါ၍ ၈-၁၁-၂၀၁၄ရက် (စနေနေ့)ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၂-၁၁-၂၀၁၄ရက် နံနက်၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တဇနိတ (ဂန္ထဝါစကပဏ္ဍိတ)

**သက်တော်(၈၄)နှစ်၊ သိက္ခာတော်(၆၄)ဝါ**

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြို့မရပ်ကွက်၊ ကြားတောရလမ်း၊ ဆူးခါးပရိယတ္တိစာသင်တိုက်ကြီး၏ပဓာနနာယက ဆရာတော်ဖြစ်တော်မူသော ဘဒ္ဒန္တဇနိတ(ဂန္ထဝါစကပဏ္ဍိတ)သည် ဘဝနတ်ထံပျံလွန်တော်မူသည်မှာ (၁၃၇၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၅ရက်) ၁၁-၁၁-၂၀၁၄ရက် (အင်္ဂါနေ့)တွင် တစ်လပြည့်မြောက်မည်ဖြစ်ပါသည်။

ဦးစီးပဓာနနာယက ဆရာတော်ဖြစ်တော်မူသော ဘဒ္ဒန္တသုမနနှင့် တပည့်ဒါယကာ၊ ဒါယိကာမများက ဆွမ်းအစရှိသော လှူဖွယ်ဝတ္ထုတို့ကို ဆက်ကပ်လှူဒါန်းပြီး အမျှပေးဝေမည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ ဒါယကာ၊ ဒါယိကာမများ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဘဒ္ဒန္တသုမန(ပဓာနနာယကဆရာတော်)
သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**သာသနောဒယသာသနာနုဂ္ဂဟအဖွဲ့ နာယကကြီး**

## ဗိုလ်မှူးစံဝင်း (ငြိမ်း)

**ဗိုလ်သင်တန်းအမှတ်စဉ်(၂၁) (ကြည်း/၇၉၃၉)**
**ရှမ်းပြည်နယ်ပြည်သူ့ကောင်စီ အတွင်းရေးမှူး(ငြိမ်း)**
**အသက်(၈၂)နှစ်**

ညောင်ရွှေမြို့၊ မြို့လယ်ရပ်နေ (ဦးကံကြီး-ဒေါ်ငြိမ်းလှ)တို့၏သားကြီး၊ တောင်ကြီးမြို့နယ်၊ ရွှေညောင်မြို့နေ (ဒေါ်ခင်ပြုံး)၏ခင်ပွန်း၊ ရန်ကုန်မြို့နေ ဦးကျော်စိုးဝင်း-ဒေါ်မဥ္ဇူသင်း၊ ရွှေညောင်မြို့နေ (ဦးကျော်မိုးဝင်း-ဒေါ်စုစုနိုင်)၊ ဦးလေးနိုင်ဦး-ဒေါ်ခင်မျိုးဝင်းတို့၏ဖခင်၊ မခိုင်သူဇာကျော်၊ မရွှေစင်ဦးတို့၏ အဘိုးသည် ၆-၁၁-၂၀၁၄ရက် မွန်းလွဲ ၁း၁၅နာရီတွင် ရွှေညောင်မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈-၁၁-၂၀၁၄ရက် မွန်းလွဲ ၁နာရီတွင် ရွှေညောင်မြို့မ သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးသာထွန်း(ခ)ဦးဖိုးသာအောင်

**(စစ်တွေမြို့)**
**အသက်(၆၁)နှစ်**

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ဘောလုံးကွင်းရပ်ကွက်နေ (ဦးနီထွန်းဦး)-ဒေါ်မရှင်တို့၏သား၊ ရန်ကုန်မြို့နေ (ဦးသာဇံ)-ဒေါ်ခင်ကျော့တို့၏သားသမက်၊ ဒေါ်ဦးစောခင်၏မောင်၊ ဒေါ်နုနုထွန်း၊ ဒေါ်လတ်လတ်ခိုင်၊ ဒေါ်လတ်လတ်ထွန်း၊ ဒေါ်မေရီညွန့်၊ ဦးမောင်မောင်သန်း၊ ဒေါ်နီနီအေး၊ ဦးကျော်လင်းထွန်း၊ ဦးကျော်စိန်ထွန်း၊ ဦးကျော်လှိုင်ထွန်းတို့၏အစ်ကို၊ (ဦးသာထွန်း)-ဒေါ်မြဝင်း၊ ဒေါ်ဇင်မာဇံ-ဦးထွန်းမြကျော်၊ (ဦးမောင်မောင်ဇံ-ဒေါ်ဥမ္မာယဉ်မင်း)၊ ဦးညီညီဇံ-ဒေါ်စံပယ်ခိုင်တို့၏အစ်ကို၊ အမှတ် ၉၉၁၊ ငွေတောင်သစ္စာလမ်း၊ (၃၅)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်နေ ဒေါ်ခင်အေးဇံ၏ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာနှင်းပွင့်ဦး၊ မောင်ညီဇံ(Total E & P Myanmar)၊ မောင်သက်ဇံတို့၏ချစ်လှစွာသောဖခင်သည် ၇-၁၁-၂၀၁၄ရက် (သောကြာနေ့) နံနက် ၁း၂၀နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၁၁-၂၀၁၄ရက်(တနင်္ဂနွေနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (မြောက်ဒဂုံနေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၃-၁၁-၂၀၁၄ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါ မြောက်ဒဂုံနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးသန့်ဇင် (မန္တလေး)

**လက်ထောက်ညွှန်ကြားရေးမှူး**
**သစ်တောဦးစီးဌာန၊ စစ်ကိုင်းမြို့**
**အသက်(၅၅)နှစ်**

မန္တလေးမြို့၊ ၈၆လမ်း၊ (၂၉×၃၀)ကြား၊ ထုံးဘိုးတန်းရပ်နေ (ဦးကြည်ညွှန့်)-ဒေါ်ကောင်းစိန်တို့၏သားကြီး၊ ရန်ကုန်မြို့၊ တိုက် ၂၅၊ အခန်း ၁၁၊ ဦးဝိစာရအိမ်ရာနေ (ဦးဘိုနီ)-ဒေါ်ခင်ကြည်တို့၏သားသမက်၊ စစ်ကိုင်းမြို့၊ ပွဲဆိပ်သစ်တောဝင်းနေ ဒေါ်တင်တင်မာ၏ချစ်လှစွာသောခင်ပွန်း၊ မောင်ဘုန်းမြင့်ဇင်(ခေတ္တ-စင်ကာပူ)၊ မောင်မင်းခန့်ဇင်(ခေတ္တ-စင်ကာပူ)၊ မခိုင်ဇာသွယ် (တတိယနှစ်၊ ရတနာပုံဆိုက်ဘာစီးတီး)တို့၏ဖခင်သည် ၅-၁၁-၂၀၁၄ရက် မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁၁-၂၀၁၄ရက် မွန်းလွဲ ၂း၄၅ နာရီတွင် ပြင်ဦးလွင်ဆေးရုံကြီးအအေးတိုက်မှ ပြင်ဦးလွင်မြို့ ရှစ်မိုင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်တင်

**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ ဦးဝိစာရလမ်း၊ အမှတ် ၂၀၈၊ မင်္ဂလာအေးဂေဟာနေ (ဦးမိုင်-ဒေါ်အေးကြည်)တို့၏သမီးကြီး၊ (ဦးကိုကြီး-ဒေါ်ခင်လှ)၊ (ဦးကိုမြင့်-မလုံး)၊ ဦးမောင်ရီ-ဒေါ်ယဉ်ယဉ်၊ ဒေါက်တာဦးကြီးရွှေ(ငြိမ်း) - ဒေါ်ခင်ဝင်းမေ၊ ဗိုလ်မှူးစောမြတ်မင်း(ငြိမ်း)-ဒေါ်ခင်လင်းမေ (ငြိမ်း၊ အထက-၂၊ လသာ)၊ ဦးလှမြင့်ဦး-ဒေါ်မြင့်မြင့်လင်း (တရားလွှတ်တော်ရှေ့နေ)တို့၏အစ်မကြီး၊ ဦးငွေးညွှန့်-ဒေါ်ရွှေဝါဦး (မရွှေဝါ-ဆေးရောင်းဝယ်ရေး၊ မင်္ဂလာဈေး)၊ ဦးသန့်ဇင်ဦး - ဒေါ်ချင်စုရင်တို့၏ ချစ်လှစွာသောမိခင်၊ ကိုကျော်ဇေယျ-မဒေဝီမော်၊ မဝိုင်းချစ်၊ မသဲချစ်တို့၏ အဘွားသည် ၆-၁၁-၂၀၁၄ရက် (ကြာသပတေးနေ့) ညနေ ၃း၀၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍၇-၁၁-၂၀၁၄ရက်(သောကြာနေ့)နံနက် ၁၀နာရီတွင် ကွယ်လွန်သူ၏ဆန္ဒအရ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်သိင်္ဂီလွင် B.A (Geog;)

**အသက်(၄၆)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဓ/မြောက်ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ်(ဂ/၁၁၁)နေ ဦးအေးလွင်-(ဒေါ်အေးလှိုင်)တို့၏သမီး၊ ဒေါ်သန်းသန်းအေး၊ ဦးသန်းထွန်း (မြန်မာ့သစ်လုပ်ငန်း)-ဒေါ်ရီရီလွင်၊ ဦးငွေးတင့်-ဒေါ်မိမိခိုင်တို့၏ညီမ၊ မောင်ဇော်မျိုးထွန်း၊ မောင်အောင်ကောင်းမြတ်၊ မယွန်းရတီဦးတို့၏ မွေးစားမိခင်ကြီး၊ တူ၊ တူမ ရှစ်ယောက်တို့၏အဒေါ်သည် ၆-၁၁-၂၀၁၄ရက် (ကြာသပတေးနေ့) ည ၉နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၁၁-၂၀၁၄ရက်(စနေနေ့)ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၂-၁၁-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီမှ ၁၂နာရီအထိ သဃ်န်းကျွန်းမြို့နယ်၊ ဓ/မြောက်ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ်(ဂ/၁၁၁) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်နိုင်ငံ ပေကျင်းမြို့တွင်ကျင်းပမည့် ဒေသတွင်းစီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲသို့ တက်ရောက်ရန် ထွက်ခွာ

**နေပြည်တော် နိုဝင်ဘာ ၇**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပပြုလုပ်မည့် ဒေသတွင်းစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲသို့ တက်ရောက်ရန် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်မှ မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းအထူးလေယာဉ်ဖြင့် ထွက်ခွာသွားသည်။

နိုင်ငံတော်သမ္မတအား ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီးများနှင့် တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာယန်ဟိုလန်တို့က နေပြည်တော် လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ယာပုံ)**

မြန်မာ ကိုယ်စားလှယ်အဖွဲ့အဖြစ် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးအုန်းမြင့်၊ ဒေါက်တာကံဇော်၊ ဦးခင်မောင်စိုး၊ ဦးဝင်းရှိန်၊ ဒေါက်တာမြင့်အောင်၊ ဦးရဲထွဋ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်နှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

အဆိုပါဆွေးနွေးပွဲကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့်

*စာမျက်နှာ ၃ ကော်လံ ၆* ❋



# လောင်စာဆီကုန်ကျစရိတ်မရှိသည့် လျှပ်စစ်ကားများလှူဒါန်း



**သတင်းနှင့်ဓာတ်ပုံ**
**တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် နိုဝင်ဘာ ၇**

ရန်ကုန်ပြည်သူ့ဆေးရုံကြီးသည် အနယ်နယ်အရပ်ရပ်မှ လာရောက်ဆေးကုသမှုခံယူသည့် ပြည်သူများအားထားရာ ဆေးရုံကြီးတစ်ခုဖြစ်ပြီး လူနာများအနေဖြင့် အဆောင်ပြောင်းရွှေ့ခြင်း၊ ဆေးရုံအတွင်း ဆေးစစ် ဆေးကုသမှုခံယူရန် အဆောင် ကူးပြောင်းခြင်းတို့တွင် လက်တွန်းလှည်းဖြင့် ရွှေ့ပြောင်းရသဖြင့် လူနာများအနေဖြင့် သက်သောင့် သက်သာမရှိဘဲ ခက်ခဲခြင်း၊ Dead Body များကို အအေး

*စာမျက်နှာ ၁၁ ကော်လံ ၅* ❖

# မုန်တိုင်းငယ်အရှိန်ကြောင့် မြန်မာနိုင်ငံတစ်ဝန်းမိုးထစ်ချုန်းရွာမည်

**နေပြည်တော် နိုဝင်ဘာ ၇**

ယနေ့မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် သိသိသာသာရွေ့လျားခြင်းမရှိဘဲ မြန်မာနိုင်ငံ ပုသိမ်မြို့၏ အနောက်တောင်ဘက် မိုင် ၄၈၀ ခန့်၊ အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ အရှေ့-အရှေ့မြောက်ဘက် မိုင် ၃၉၀ ခန့်နှင့် ဗီဇာကာပတ္တနမ်မြို့၏ အရှေ့တောင်ဘက် မိုင် ၃၀၀ခန့်အကွာ ပင်လယ်ပြင်ကိုဗဟိုပြုနေသည်။ အဆိုပါ မုန်တိုင်းငယ်သည် အနောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီးနောက် ၄၈ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ အားလျော့သွားမည်ဟု ခန့်မှန်းရသည်။

မုန်တိုင်းငယ်သည် မြန်မာ့ကမ်းရိုးတန်းသို့ ဦးတည်ရွေ့လျားနေခြင်းမရှိသည့်အတွက်

*စာမျက်နှာ ၈ ကော်လံ ၁* ✳




ယွန်းစီစီထွန်း (Master of Psychology)


mmalin.npt @ gmail.com
www.facebook.com/MYANMAALINNEWS
မြန်မာ့အလင်း

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ရွှေ‌‌‌ဘောဂ
Ph:209200,430480,544383

Junction CENTRE

# Enjoy Together ... Enjoy Forever !

## MITSUBISHI BRAND NEW CAR ကံထူးရှင်




Coupon no - 07757
မသီတာဝင်း
၁၃/တကန(နိုင်)၂၄၄၁၁၂
၁၃၁(A)၊ ဗဟိုလမ်း၊ ကမာရွတ်၊ ရန်ကုန်။

## အခြားဆုမဲကံထူးရှင်များ

### iPhone 6 Plus

| | | | |
|---|---|---|---|
| 1. | [illegible] | 146649 | [illegible] |

### iPad Mini(32G)

| | | | |
|---|---|---|---|
| 1. | [illegible] | 76730 | [illegible] |

### iPad Air(32G)

| | | | |
|---|---|---|---|
| 1. | [illegible] | 116310 | [illegible] |

### SAMSUNG S3

| | | | |
|---|---|---|---|
| 1. | [illegible] | 65667 | [illegible] |
| 2. | [illegible] | 82563 | [illegible] |

### Hisense Air Con

| | | | |
|---|---|---|---|
| 1. | [illegible] | 147101 | [illegible] |
| 2. | [illegible] | 79235 | [illegible] |

### HTC 816

| | | | |
|---|---|---|---|
| 1. | [illegible] | 137571 | [illegible] |
| 1. | [illegible] | 28504 | [illegible] |

### 300,000ks Gift Voucher

| | | | |
|---|---|---|---|
| 1. | [illegible] | 137016 | [illegible] |
| 2. | [illegible] | 61224 | [illegible] |
| 3. | [illegible] | 125476 | [illegible] |
| 4. | [illegible] | 41408 | [illegible] |

### SAMSUNG GRAND NEO

| | | | |
|---|---|---|---|
| 1. | [illegible] | 125743 | [illegible] |
| 2. | [illegible] | 78606 | [illegible] |




Supported by
MITSUBISHI MOTORS
SGG Motor Services Ltd

www.junctioncentregroup.com
www.facebook.com/junctionshoppingcentre

ကြော်ငြာကဏ္ဍ

ကြော်ငြာကဏ္ဍ


PYAY
TOWER & RESIDENCES
THANK YOU!
FOR A SUCCESSFUL
PYAY
TOWER & RESIDENCES
GROUNDBREAKING CEREMONY
7 NOVEMBER 2014
VISIT US ON OUR
SOFT LAUNCH
10th - 15th November 2014
Venue : Sule Shangri-La Hotel, Inwa - Taung-Ngu Room
Time : 09:00 AM - 09:00 PM
Contact - 0926 460 8089

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ

WIKA - JMT

PT WIJAYA KARYA (Persero) Tbk.

MAIN CONTRACTOR

DPA
DP ARCHITECTS

ARCHITECT

K T P

MEP AND C&S

ARUP

FACADE, LIGHTING, ACOUSTICS AND SECURITY, CONSULTANT

ARCADIS
Project Management Pte Ltd

PROJECT MANAGEMENT

LangdonSeah
AN ARCADIS COMPANY

QUANTITY SURVEYOR

EC HARRIS
BUILT ASSET CONSULTANCY
AN ARCADIS COMPANY
INCORPORATING inProjects

RETAIL SPECIALIST

TSM
CONSULTANCY

TRAFFIC CONSULTANT

MEGA REALTY

MAKETING AGENT

## WOULD LIKE TO CONGRATULATE

N|D

NOBLE TWIN DRAGONS

## FOR A SUCCESSFUL GROUNDBREAKING OF PYAY TOWER AND RESIDENCES

ON 7TH NOVEMBER 2014

ကြော်ငြာကဏ္ဍ

## သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်
## (၉၉)ကြိမ်မြောက် တန်ဆောင်မုန်းလ ခုနစ်ရက်အထူးတရားစခန်းပွဲ
## ဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ မင်းကျောင်းလမ်းရှိ သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်၏ဓမ္မာရုံတော်ကြီးတွင် နှစ်စဉ်ကျင်းပပြုလုပ်သည့် (၉၉)ကြိမ်မြောက် တန်ဆောင်မုန်းလ ခုနစ်ရက် အထူးတရားစခန်းပွဲကို (၁၃၇၆ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၉ရက်မှ တန်ဆောင်မုန်းလကွယ်နေ့) ၁၅-၁၁-၂၀၁၄ရက်မှ ၂၁-၁၁-၂၀၁၄ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ရာ မြတ်စွာဘုရား၏ဆန္ဒတော်နှင့်အညီ ဓမ္မာနုပဿနာ သတိပဋ္ဌာန်တရားတော်များကို ဆရာကြီးဦးကြည်၏ ဥပနိဿယအတိုင်း ဆရာကြီး၏အန္တေဝါသိက လက်ရင်းတပည့်ကြီးဖြစ်သော ဆရာကြီး ဦးသိမ်းဆွေ(ဓနုဖြူ)နှင့် အရံတရားဟောဓမ္မကထိကများက သစ္စာသိကြောင်း အလုပ်ပေးတရားတော်များကို မရှိမပဋိပဒါနည်းကျ ဟောကြားပြသပေးကြမည်ဖြစ်ပါသဖြင့် တရားစခန်းဝင်ရောက်လိုသော ယောဂီများသည် ၁၄-၁၁-၂၀၁၄ရက် (သောကြာနေ့) ညနေ ၅ နာရီထက် နောက်မကျဘဲ ကြွရောက်ကြပါရန်၊ စခန်းပွဲသို့ ဆက်သွယ်လှူဒါန်းလိုသော အလှူရှင်များနှင့် ယောဂီများအနေဖြင့် နာယက ဦးအေးကို ဖုန်း-၀၁-၅၂၁၉၃၀၊ ဥက္ကဋ္ဌ ဦးကျော်ဦး ဖုန်း-၀၉-၂၅၃၂၅၉၈၉၈၊ အတွင်းရေးမှူး ဦးမြင့်သန်း ဖုန်း-၀၉-၄၃၁၃၃၉၁၃၊ ဘဏ္ဍာရေးမှူး ဦးလှမျိုး ဖုန်း-၀၉-၅၀၆၁၁၃၈၊ အမှုဆောင်ရုံးခန်း ဖုန်း-၀၉-၇၃၀၃၇၃၇၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော် ဖိတ်ကြားအပ်ပါသည်။

**အမှုဆောင်အဖွဲ့**

ကြော်ငြာကဏ္ဍ

## ကံ့ကော်မြိုင် သာသနာ့ရိပ်သာစာသင်တိုက်
## ပဓာန နာယကဆရာတော်၏ မွေးနေ့မင်္ဂလာနှင့် စာအောင်သံဃာ
## ဂုဏ်ပူဇာဖိတ်ကြားလွှာ

ကံ့ကော်မြိုင် သာသနာ့ရိပ်သာစာသင်တိုက် ပဓာန နာယကဆရာတော်ကြီး၏ (၇၇) နှစ်မြောက် ဝိဇာတမွေးနေ့မင်္ဂလာနှင့် အစိုးရပါဠိပထမပြန်စာမေးပွဲနှင့် ဘုရားဖြူဝိနယာနုဂ္ဂဟစာမေးပွဲတို့တွင် အောင်မြင်တော်မူကြသော စာအောင်သံဃာတော် အရှင်မြတ်တို့အား ဂုဏ်ပြုပူဇော်ပွဲကို (၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ရက်) ၁၆-၁၁-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား ကြွရောက်ကြည်ညို ကုသိုလ်ယူကြပါရန် လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

**ပစ္စည်းလေးပါးထောက်ပံ့ရေး ဝေယျာဝစ္စအဖွဲ့**
**ကံ့ကော်မြိုင်သာသနာ့ရိပ်သာ စာသင်တိုက်**
**ဖုန်း-၀၁-၅၇၈၄၂၉**

# ဂုဏ်ယူဝမ်းမြောက်

၂၀၁၃ခုနှစ် အမျိုးသားစာပေဆု (ဝတ္ထုရှည်စာပေဆု)ကို သီလဝံသအား ဝတ္ထုရှည်ဖြင့် ပါမောက္ခ ဒေါက်တာခင်ဇော် (နိုင်ဇော်)မှ ဆွတ်ခူးရရှိသည့်အတွက် ဆရာနှင့် မမဒေါ်ကေသီထွန်း မိသားစုနှင့်ထပ်တူ ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

**ကလေးကုသဆောင်မိသားစု**

**သမက ၁/၃၀၀**

ကြော်ငြာကဏ္ဍ

"ဗုဒ္ဓ[illegible] အထက(၄)(ယခင် [illegible])
(၁၉၆၂-၁၉၇၁) [illegible]"

[illegible]

Tel:(09) -73071133,73081817,254949819,31289191

တန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

တန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

## အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် တိုက်ခန်းကို လက်ရှိ အမည်ပေါက်ထံမှတစ်ဆင့် ဝယ်ယူထားသူက တိုက်ခန်းအမည်ပြောင်းလဲပေးပါရန် တင်ပြလျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| ၁ | ဒေါ်နန်းအေးအမ် LSO-၁၁၉၈၇၉(မှ) | ဒေါ်အေးမွန် ၁၃/လရန(နိုင်)၀၂၈၃၀၅ | တိုက် (၆) အခန်း(၇) ပန်းလှိုင်အိမ်ရာ ကြည့်မြင်တိုင်မြို့နယ် |

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**

တန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

## သားအဖြစ်မှ
## အမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ အလယ်တောစ်ပြကျေးရွာနေ (ဦးသောင်းထိုက်) - ဒေါ်စိန်ခင်တို့၏ သားမောင်ဝင်းဆွေသည် မိဘဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ဆူပူကြိမ်းမောင်းနေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်စိန်ခင်**
**၅/ထခန(နိုင်)၀၂၆၀၂၈**

[illegible]

V 67, Southern ½ of V 68

[illegible]

